# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**သတိရှိစွာကျင့်ရာ၏**

ပညာရင့်၍ ကောင်းစွာနေထိုင်လေ့ရှိသော၊ တည်ကြည်သော အတူကျင့်ဖော်(ပညာရှိ)အဆွေခင်ပွန်းကို အကယ်၍ ရခဲ့မူ ထိုအဆွေခင်ပွန်းနှင့် အတူတကွ ဘေးရန်အားလုံးတို့ကို နှိမ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာ ကျင့်ရာ၏။

**ခုဒ္ဒကနိကာယ်(ဓမ္မပဒ - ၃၂၈)**


၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် | ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၁၉)


# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းဘုရင်မင်းမြတ် နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး



**ရန်ကုန် အောက်တိုဘာ ၁၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၌ ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ရှ် နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်း စာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ထိုင်းနိုင်ငံသံရုံးသို့ရောက်ရှိရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် သံရုံးမှတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နံနက် ၁၀ နာရီတွင် ထိုင်းဘုရင်မင်းမြတ် နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ သံရုံးမှတာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

**(သတင်းစဉ်)**

**လက်မှတ်ရေးထိုး**

**နိုင်ငံတော်သမ္မတ ဦးထင်ကျော် ထိုင်းဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ရှ် နတ်ရွာစံခြင်းအတွက် ဝမ်းနည်းကြောင်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်**

(သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို

**နယူးဒေလီ အောက်တိုဘာ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ယနေ့နံနက် ၉ နာရီတွင် နယူးဒေလီမြို့ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဝင်း Rashtrapati Bhavan ၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ ရောက်ရှိလာရာ အိန္ဒိယဝန်ကြီးချုပ် မစ္စတာ နာရန်ဒရာမိုဒီက ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အိန္ဒိယနိုင်ငံဝန်ကြီးချုပ်က ၎င်းနှင့်အတူ ကြိုဆိုကြသူများနှင့် မိတ်ဆက်ပေးပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း အတူလိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ◆


**ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး**

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်**

(သတင်းစဉ်)






မြန်မာ့အလင်း

# ပြည်သူလူထု၏နှလုံးသား တရားခွင်ဆုံးဖြတ်ချက်


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) ဖော်ဆောင်နိုင်ခဲ့သည့်အတွက် ယခင်အစိုးရ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်တကွ သက်ဆိုင်သူပုဂ္ဂိုလ်အားလုံးကို ကျေးဇူးတင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ အတိတ်ကာလကွဲလွဲချက်များကို လျစ်လျူရှု၍ ပစ္စုပ္ပန်ကာလကွဲလွဲချက်များကို ကျော်လွှားလျက် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် အသိအမှတ်ပြု ဂုဏ်ပြုထိုက်သည်ကို အသိအမှတ်ဂုဏ်ပြုခြင်းသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ မှန်ကန်သောစိတ်စေတနာကို ညွှန်းဆိုဖော်ပြနေပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က "ကျွန်မတို့အဖွဲ့အစည်းများအတွင်းမှာရှိတဲ့ အာဃာတဒေါသ မီးတွေငြိမ်းမှ ပြည်သူပြည်သားတွေရဲ့ သောကမီးတွေငြိမ်းနိုင်မှာ ဖြစ်ပါတယ်" ဟူသော ပြောကြားချက်သည် ပြည်သူလူထု၏ ငြိမ်းချမ်းမှုနှင့်ဖွံ့ဖြိုးမှုတို့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးအနေဖြင့် ဂိုဏ်းဂဏစွဲ၊ အယူဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ အကျိုးစီးပွားစွဲတို့ ကင်းရှင်းစွာဖြင့် ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ သမိုင်းဖြတ်သန်းမှုကို သုံးသပ်ကြည့်ပါက ဤသို့သောအစွဲများကြောင့် ပြည်သူလူထု၏ ငြိမ်းချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုတို့ကို များစွာအနှောင့်အယှက်၊ အဟန့်အတားဖြစ်စေခဲ့သည်ကို ထင်ထင်ရှားရှား တွေ့မြင်ရမည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ "ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့ဆင်ခြင်တုံတရားကို လျှော့ပြီးတော့ မတွက်ပါနဲ့"ဟူသော အမှာစကားသည် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်မည်ဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအားလုံးတို့က အလေးအနက်ထား၊ နှလုံးသွင်းရမည့် သဘောထား အမြင်ဖြစ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "အသစ်အဆန်းကို ရင်ဆိုင်ဖို့ဆိုတာကတော့ သတ္တိလိုတယ်၊ အတွေးအခေါ်လိုတယ်၊ အရည်အချင်းလိုတယ်၊ ဒီလိုသတ္တိတွေ၊ အတွေးအခေါ်တွေ၊ အရည်အချင်းတွေ ကျွန်မတို့အားလုံးမှာရှိတယ်လို့ ကျွန်မယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ခြင်းသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းအားလုံးကို တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား လုပ်ဖော်ကိုင်ဖက်များအဖြစ် သဘောထားကြောင်း လှစ်ဟဖော်ပြခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ "ဘယ်သူတွေက နိုင်ငံရဲ့အနာဂတ်ကို အတိတ်ထက်ပိုပြီးတော့ တန်ဖိုးထားနိုင်သလဲဆိုတဲ့နေရာမှာပဲ ပြိုင်ကြပါလို့ ကျွန်မပြောချင်ပါတယ်"ဟူသော ပြောကြားချက်သည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ကြီး ထူထောင်ရာ၌ မလွဲမသွေဆုပ်ကိုင်ထားရမည့် သဘောထားအမြင်ဖြစ်ပါသည်။ နှစ်ပေါင်း(၇၀)နီးပါး ဖြတ်သန်းခဲ့ရသော ပြည်တွင်းစစ်၏ အာဃာတဒေါသမီးများကို ငြိမ်းသတ်လိုပါက အနာဂတ်ကို အတိတ်ထက်တန်ဖိုးထားမှသာ ဖြစ်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က"ဘယ်သူတွေဟာ တကယ်စစ်မှန်တဲ့ငြိမ်းချမ်းရေးကို လိုချင်သလဲ၊ ဘယ်သူတွေဟာ ငြိမ်းချမ်းရေးကို တကယ်မလိုလားဘူးဆိုတာဟာ ပြည်သူတွေ မကြာခင်မှာ မြင်ရမှာပါ"ဟု ပြောကြားခဲ့ခြင်းသည် ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိသော ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ ရပ်တည်ချက်အသီးသီးတို့ကို ပြည်သူလူထုက ၎င်းတို့၏ နှလုံးသားတရားခွင်၌ မှတ်ကျောက်တင် စစ်ဆေးတော့မည်ဖြစ်ကြောင်း သတိပေးနှိုးဆော်ခဲ့ခြင်းဖြစ်ပါသည်။ ပြည်သူလူထု၏ နှလုံးသားတရားခွင်ဆုံးဖြတ်ချက်သည် သမိုင်းအချိုးအကွေ့တို့ကို ဖန်တီးကြောင်း သမိုင်းက သက်သေပြခဲ့ပြီးဖြစ်ပါသည်။




# တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲတွင် အောင်ပွဲရ ဝူရှူးအသင်းအားဂုဏ်ပြု

**မန္တလေး အောက်တိုဘာ ၁၈**

၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူးပြိုင်ပွဲတွင် ထောက်လု ပထမတံခွန်စိုက်ဒိုင်း၊ ဆန်းဆိုတံခွန်စိုက်ဒိုင်းနှင့် ရွှေ ၁၅ ဆု၊ ငွေ ၁၄ ဆု၊ ကြေးခြောက်ဆုတို့ဖြင့် ပထမ စုပေါင်းတံခွန်စိုက်ဒိုင်းဆုဆွတ်ခူးရရှိခဲ့သော အောင်ပွဲရ မန္တလေးတိုင်းဒေသကြီး ဝူရှူးအမျိုးသားအသင်းနှင့် ဝူရှူးအမျိုးသမီးအသင်းတို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၇ ရက်က မန္တလေးမြို့ ၆၅ လမ်း၊ ၃၀ လမ်းနှင့် ၃၂ လမ်းကြားရှိ ယွန်းခင်ခင်စားသောက်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် အသင်းအုပ်ချုပ်သူ ဦးကျော်အေးက အောင်ပွဲရအသင်းမှ အားကစားသမားများနှင့် မိတ်ဆက်ပေးပြီး အောင်ပွဲရရှိမှုများကို တင်ပြကာ ဝူရှူးပြိုင်ပွဲတွင် ထောက်လုတံခွန်စိုက်ဒိုင်း၊ ဆန်းဆိုတံခွန်စိုက်ဒိုင်းနှင့် စုပေါင်းပထမတံခွန်စိုက်ဒိုင်းဆုကြီးများကို ပြန်လည်အပ်နှံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံယူပြီး အောင်ပွဲရ အသင်းအား ဂုဏ်ပြုငွေကျပ်ငါးသိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# သုံးခွမြို့တွင် (၉၈)ကြိမ်မြောက် ရွှေပြည်အေးစေတီ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့အမှတ်(၁၂)ရပ်ကွက်ရှိ ရွှေပြည်အေးစေတီတော်မြတ်ကြီး၏(၉၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို အောက်တိုဘာ ၂၀ ရက်နှင့် ၂၂ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အောက်တိုဘာ ၂၀ ရက်တွင် ဘုရားဖူးလာသူများ ဆွမ်းတော်ကြီးတင်ကပ်လှူပူဇော်ရန် လာရောက်ကြသူများကို စတုဒိသာမုန့်ဟင်းခါးဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းမည်ဖြစ်ကာ အောက်တိုဘာ ၂၂ ရက် နံနက်၌ ပင့်သံဃာများက ဗုဒ္ဓရုပ်ပွားတော်များကို ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ပွဲ ကျင်းပပြီး သံဃာတော်အပါး ၃၀ တို့ကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ကာ ညပိုင်းတွင် ဝတ်အဖွဲ့များက ဓမ္မဒေသနာတော်များ ရွတ်ဆိုပူဇော်ပြီး ဆီမီးများ၊ အမွှေးနံ့သာများဖြင့် ထွန်းညှိပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ထင်သာမြင်သာ ပြုပြင်စရာ

# ဆွေးမြည့်ကွန်ကရစ်များမှာ မကြာခဏဆိုသလိုပြုတ်ကျနေသဖြင့် မတော်တဆအန္တရာယ်ဖြစ်ပွားနိုင်

ကျောက်တံတားမြို့နယ် အနော်ရထာလမ်းမကြီးပေါ်၌ရှိနေသော ၃၅ လမ်းနှင့် ၃၆ လမ်းကြားရှိအဆောက်အအုံပေါ်တီဂိုအောက်နံရံမှ ဆွေးမြည့်ကွန်ကရစ်များမှာ မကြာခဏဆိုသလို ပြုတ်ကျနေသဖြင့် လမ်းသွားလမ်းလာပြည်သူများနှင့် အနီးအနားရပ်ကွက်နေထိုင်သူများမှ မတော်တဆအန္တရာယ်ဖြစ်ပွားမည်ကိုစိုးရိမ်နေကြကြောင်း သိရသည်။



"မိုးရွာတဲ့အချိန်ဆို ရေစိမ့်ဝင်တော့ ဒီကွန်ကရစ်ပြားချပ်တွေက ပွနေတာနေပြန်ပူလည်းပူရော ခြောက်ကပ်ပြီး အချပ်လိုက် ခဏခဏကွာကျပါတယ်။ မနေ့ကဆို အဲ့ဒီကွန်ကရစ်ချပ်ကွာကျမယ့်နေရာမှာ လမ်းသွားလမ်းလာ လူတစ်ယောက် ဂျာနယ်ထိုင်ဖတ်နေတာ တွေ့ရပါတယ်။ အပေါ်က အရှိန်နဲ့ကျလာတာဖြစ်တဲ့ကွန်ကရစ်အပိုင်းအစတွေ လူတွေရပ်နေတုန်း၊ ထိုင်နေတဲ့အချိန် ပြုတ်ကျလာရင်တော့ အန္တရာယ်ဖြစ်စေနိုင်ပါတယ်။ ဒီလို ခဏခဏပြုတ်ကျနေတာကြာပါပြီ။ တာဝန်ရှိသူများအနေနဲ့ အမြန်ဆုံး ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု အနီးအနားနေထိုင်သူတစ်ဦးက ပြောသည်။

အများပြည်သူသွားလာနေသော အဆိုပါ ပလက်ဖောင်းလမ်းပေါ်၌ ခရီးသည်တင်ယာဉ်စောင့်ဆိုင်းသည့် ပြည်သူများနှင့် လမ်းသွားလမ်းလာပြည်သူများအတွက် မတော်တဆအန္တရာယ်ဖြစ်ပေါ်စေနိုင်သောကြောင့် အဆိုပါအဆောက်အအုံပေါ်တီဂိုအောက်နံရံမှ ဆွေးမြည့်ကွန်ကရစ်များအား အမြန်ဆုံးပြုပြင်ဆောင်ရွက်ပေးပါရန် မျှော်လင့်နေကြကြောင်း အနီးအနားနေထိုင်သူများထံမှ သိရသည်။ **တင်လှမောင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၈-၁၀-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

### ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၀၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၈၀၀၀ |

### စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၉၀/၆၁၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၀၅/၆၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၄၀/၆၇၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၂၀/၆၃၀ ကျပ် |

### နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၅၆ · ၀ |
| ဥရောပ | တစ်ယူရို | ၁၃၉၈ · ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၂ · ၃၆ |
| ထိုင်း | တစ်ဘတ် | ၃၅ · ၇၀၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈ · ၈၈၆ |
| တရုတ် | တစ်ယွမ် | ၁၈၇ · ၂၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၃ · ၁၃ |

မြန်မာ့အလင်း
၁၂၇၇ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စတာ ပရာနာ့ဗ် မူခါဂျီးနှင့် တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စ ဆူရှမာ ဆွာရာ့ရ်နှင့် တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် သတင်းမီဒီယာများအား တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယနိုင်ငံသမ္မတအိမ်တော်မှ မဟတ္တမဂန္ဒီဗိမာန်သို့ ရောက်ရှိပြီး ပန်းခွေချအလေးပြုကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် Raj Ghat Samadhi Committee Secretary, Dr. Rajnish Kuma က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား အမှတ်တရစာအုပ်များနှင့် ဂန္ဒီ၏ပုံတူရုပ်တုကို ပေးအပ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီး မစ္စ ဆူရှမာ ဆွာရာ့ရ်တို့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် အိန္ဒိယနိုင်ငံသမ္မတအိမ်တော် South Drawing Room ၌ တွေ့ဆုံပြီး ခရီးစဉ်အတွင်း ဆွေးနွေးမည့် ဘာသာရပ်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရာနာ့ဗ် မူခါဂျီးတို့သည် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် အိန္ဒိယနိုင်ငံသမ္မတ အိမ်တော်ဝင်း Rashtrapati Bhavan ၊ Morning Room ၌ တွေ့ဆုံ ကြသည်။

တွေ့ဆုံစဉ် အိန္ဒိယသမ္မတနိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံထူထောင်ခဲ့သည့် အတွေ့အကြုံများနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီထူထောင်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စတာ ပရာနာ့ဗ် မူခါဂျီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာ စားပွဲသို့တက်ရောက်သည်။

**(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မဟတ္တမဂန္ဒီဗိမာန်သို့ ရောက်ရှိပြီး ပန်းခွေချအလေးပြုစဉ် (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အိန္ဒိယနိုင်ငံရှိ သတင်းမီဒီယာ တာဝန်ရှိသူများနှင့် သီးခြားစီတွေ့ဆုံ



**နယူးဒေလီ အောက်တိုဘာ ၁၈**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ ယနေ့ ဒေသစံတော်ချိန် ညနေ ၃ နာရီ ၄၅ မိနစ်တွင် Times Now သတင်းဌာနမှ အယ်ဒီတာ Mr.Srinjoy Chowdhury နှင့်လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် Hindustan Times သတင်းဌာနမှ Associate editor , Mr. Zezaul Laskar နှင့်လည်းကောင်း၊ ညနေ ၄ နာရီ ၄၅ မိနစ်တွင် Washington Post သတင်းဌာနမှ Bureau Chief, Ms. Annie Gowan နှင့်လည်းကောင်း သီးခြားစီ လက်ခံတွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်ပြီး သံရုံးနှင့် စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

**(သတင်းစဉ်)**

## ဖြေကြား

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Times Now သတင်းဌာနမှ အယ်ဒီတာ Mr.Srinjoy Chowdhury ၏မေးမြန်းချက်များကို ဖြေကြားစဉ်**

(သတင်းစဉ်)

# ကြားဖြတ်ရွေးကောက်ပွဲလျာထားလုပ်ငန်းစဉ် အချိန်စာရင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြားဖြတ်ရွေးကောက်ပွဲလျာထားလုပ်ငန်းစဉ် အချိန်စာရင်း**
**အသိပေးကြေညာခြင်း**

**နေပြည်တော်၊ အောက်တိုဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲအား ၂၀၁၇ ခုနှစ် ဧပြီလ ၁ ရက် (စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။ နိုင်ငံရေးပါတီများ၊ ရွေးကောက်တင်မြှောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ အများပြည်သူတို့ သိရှိလေ့လာနိုင်ရန်နှင့် ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြားဖြတ်ရွေးကောက်ပွဲလျာထားလုပ်ငန်းစဉ် အချိန်စာရင်းအား အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည် -

| စဉ် | အကြောင်းအရာ | ခန့်မှန်းနေ့ရက် |
|---|---|---|
| ၁။ | လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက် ကြေညာချက်ထုတ်ပြန်ခြင်း | ၂၇-၁၀-၂၀၁၆ |
| ၂။ | ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့် နေ့ရက် | ၁၅-၁၁-၂၀၁၆ မှ ၅-၁၂-၂၀၁၆ |
| ၃။ | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းများ တင်သွင်းနိုင်မည့် နေ့ရက် | ၂၈-၁၁-၂၀၁၆ မှ ၇-၁၂-၂၀၁၆ |
| ၄။ | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာများကို ရုပ်သိမ်းလိုက ရုပ်သိမ်းရမည့် နောက်ဆုံးနေ့ရက် | ၉-၁၂-၂၀၁၆ |
| ၅။ | လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာများ စိစစ်မည့်နေ့ရက် | ၁၂-၁၂-၂၀၁၆ မှ ၁၈-၁၂-၂၀၁၆ |
| ၆။ | လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ(၁၀) ကပ်ထားကြေညာမည့် နေ့ရက် | ၂-၁-၂၀၁၇ |
| ၇။ | မဲဆွယ်စည်းရုံးခွင့်ကာလ | ၃၀-၁-၂၀၁၇ မှ ၃၀-၃-၂၀၁၇ |
| ၈။ | ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့်နေ့ရက် | ၁-၄-၂၀၁၇ |
| ၉။ | ရွေးကောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများ ကြေညာပေးမည့် နေ့ရက် | ၂-၄-၂၀၁၇ မှ ၅-၄-၂၀၁၇ |

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ မောင်တောမြို့ တပ်ဖွဲ့ဝင်များ၊ မိသားစုများနှင့် တွေ့ဆုံ

**မောင်တော အောက်တိုဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေသည် ရခိုင်ပြည်နယ် မောင်တောခရိုင် မောင်တောမြို့နယ် အလယ်သံကျော်ရှိ နယ်မြေခံ နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲသို့ အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက ရောက်ရှိပြီး တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေ ၂၅ သိန်းပေးအပ်သည်။

ထို့နောက် မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မောင်တောခရိုင်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေကျပ် ၄၉၆၀၀၀၀ ပေးအပ်သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နယ်မြေအတွင်း တည်ငြိမ်အေးချမ်းအောင် ဆောင်ရွက်ရာတွင် တပ်မတော်နှင့်အတူ လက်တွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နယ်မြေအတွင်းရှိ တိုင်းရင်းသားများ တည်ငြိမ်အေးချမ်းစွာ နေထိုင်လုပ်ကိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲတရားဥပဒေများ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ရည်မှန်းချက် တာဝန်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မောင်တောမြို့နယ် ပြည်သူ့ဆေးရုံ၌တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့် ဒဏ်ရာရရဲတပ်ဖွဲ့ဝင်များကို ကြည့်ရှုအားပေးခဲ့ပြီး ထောက်ပံ့ငွေကျပ် ၁၂ သိန်း ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နယ်မြေခံနယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ မေယုခန်းမ၌ တပ်ဖွဲ့ဝင်များ၊ မိသားစုများနှင့် တွေ့ဆုံ အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေကျပ် ၂၅ သိန်း ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**





# အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် စစ်တွေဆေးရုံတွင် ဆေးကုသမှုခံယူနေသူများအား ထောက်ပံ့ငွေများပေးအပ်

**စစ်တွေ အောက်တိုဘာ ၁၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်ဇနီးနှင့် တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီက ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ နယ်မြေခံရဲတပ်ဖွဲ့ခွဲ၌ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့် ငွေကျပ် ၂၅ သိန်းကို ပေးအပ်သည်။

ထို့နောက် ဘူးသီးတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ ဝန်ထမ်းများအားတွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းနှင့် ထောက်ပံ့ငွေကျပ် ၃၃ သိန်းခြောက်သောင်း ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် ဘူးသီးတောင်မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့သို့ရောက်ရှိပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့်တွေ့ဆုံကာ နယ်မြေတည်ငြိမ်အေးချမ်းရေးကိစ္စများ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးနှင့် တာဝန်ရှိသူများသည် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာများရရှိပြီး စစ်တွေဆေးရုံ၌ ဆေးကုသမှုခံယူနေသည့် ဒုရဲမှူး အောင်ဇော်မြင့်၊ ကျဆုံးသွားသည့် ဒုတပ်ကြပ် ဇော်နိုင်ထွန်း၏ဇနီး မချမ်းအေးစိုးနှင့်အရပ်သား ဦးသိန်းထွန်းအေးတို့အား သွားရောက်ကြည့်ရှု အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျံနှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုများနှင့်ပတ်သက်၍ အခြေအနေအမှန်များကို ပြည်သူများအချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး တရုတ်-မြန်မာနှစ်နိုင်ငံ မီဒီယာကဏ္ဍဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁၃) အား စီရင်ချက် (အမိန့်) ချမှတ်

**နေပြည်တော် အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးအုန်းမြင့်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)က ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ) ရရှိသောမဲများကို ပြန်လည်စိစစ်ပေးပါရန်နှင့် လျှောက်ထားခံရသူရရှိသောမဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများ မပါရှိခဲ့သော် လျှောက်ထားသူသာ ခိုင်လုံမဲအများဆုံးရရှိ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် ကန့်ကွက်လွှာတင်သွင်းထားမှုကို ရွေးကောက်ပွဲကန့်ကွက်လွှာအမှုအမှတ် (၁၃/၂၀၁၅) ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ခံခဲ့သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးထွန်းခင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ခုံအဖွဲ့ဝင်များအဖြစ် ဦးတင်မြင့်နှင့် ဦးမောင်မောင်လေးမြင့်တို့ ပါဝင်သည့်ရွေးကောက်ပွဲခုံအဖွဲ့(၃)က ကြားနာစစ်ဆေးပြီးနောက် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်တွင် လျှောက်ထားသူ ဦးအုန်းမြင့်အနေဖြင့် တောင်းဆိုသည့်သက်သာခွင့်ကို ရထိုက်သူမဟုတ်၍ လျှောက်ထားသူ၏ ကန့်ကွက်လျှောက်ထားလွှာအား စရိတ်နှင့်တကွ ပလပ်ကြောင်းနှင့် အမှုစရိတ် ငွေကျပ် နှစ်သိန်းတိတိကို လျှောက်ထားသူက လျှောက်ထားခံရသူအားပေးစေရန် သတ်မှတ်သည့် စီရင်ချက်(အမိန့်) ချမှတ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ရိုးရာအမွေအနှစ်များ မပျောက်ပျက်စေရန်အတွက် မျိုးဆက်သစ်လူငယ်များက လက်ဆင့်ကမ်းပခုံးပြောင်းရယူ

*✻ ကျော်ဖုံးမှ*

အပါအဝင်ဖြစ်ကြောင်း၊ ရိုးရာအမွေအနှစ်များ မပျောက်ပျက်စေရန်အတွက် မျိုးဆက်သစ် လူငယ်ပေါင်းများစွာက လက်ဆင့်ကမ်း ပခုံးပြောင်းရယူနိုင်ရန် ယခုကဲ့သို့ ပြိုင်ပွဲကြီးများကို ကျင်းပပေးနေခြင်းဖြစ်ကြောင်း ပြောကြားသည်။

**ကျင်းပ**

(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၂ ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

**ဖြတ်သန်းနိုင်ခဲ့**

ကမ္ဘာ့နိုင်ငံတစ်နိုင်ငံချင်းအနေဖြင့် မိမိတို့နိုင်ငံ၏ ရှည်လျားလှသည့် ယဉ်ကျေးမှုအနုသုခုမဆိုင်ရာ သမိုင်းကြောင်းများ၊ အမွေအနှစ်များကို လွန်စွာမှ ဂုဏ်ယူတန်ဖိုးထားပြီး ထိန်းသိမ်းကြကြောင်း၊ မိမိတို့၏ ကြာမြင့်ခိုင်ခံ့လှသည့် ယဉ်ကျေးမှုသမိုင်းကြောင်းကို မိမိတို့ နိုင်ငံတစ်ဝန်း ဂုဏ်သိက္ခာအဖြစ် မှတ်ယူကြကြောင်း၊ မိမိတို့နိုင်ငံ၌ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရုံမျှမက ပြန့်ပွားထွန်းကားစေရန် ရည်ရွယ်သည့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး စတင်ပေါ်ပေါက်လာခဲ့သည်မှာ ရာစုနှစ် တစ်ခု၏ လေးပုံ တစ်ပုံနီးပါးကာလကို ဖြတ်သန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ပညာရှင်ကြီးများ၊ မျိုးဆက်သစ် တိုင်းရင်းသား လူငယ်မောင်မယ်များ၊ အထောက်အကူပြု ပံ့ပိုးကြသည့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ အနုသုခုမပညာရပ်များကို အထိအခိုက် အပွန်းအပဲ့အမှားအယွင်း အတိမ်းအစောင်းမခံဘဲ မြတ်နိုးစွာ ထိန်းသိမ်းလက်ဆင့်ကမ်းသယ်ဆောင်ပြီး မြင့်မြတ်သည့် အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးကြပါရန် တိုက်တွန်းလိုကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

**ပါဝင်ယှဉ်ပြိုင်**

အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်က စတင်ပြီး ကျင်းပခဲ့ရာ ယခုကျင်းပမည့် ပြိုင်ပွဲသည် (၂၂)ကြိမ်မြောက် ဗဟိုအဆင့် ပြိုင်ပွဲဖြစ်သည်။ ယနေ့ကျင်းပသည့် ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အင်အား အမျိုးသား ၇၂၂ ဦး၊ အမျိုးသမီး ၁၀၄၄ ဦး စုစုပေါင်း ၁၇၆၆ ဦး ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ပါသည်။

ယခုနှစ်ပြိုင်ပွဲတွင် ပိုမိုလေးနက်သည့် ထူးခြားချက်တစ်ရပ်အဖြစ် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းနှင့် ထားဝယ်တိုင်းရင်းသားများ၏ ထင်ရှားသည့် ရိုးရာအကများထဲမှ အကနှစ်ခုကို (၂၂)ကြိမ်မြောက် ပြိုင်ပွဲကြီး၏ ပြည်ထောင်စုအကအဖြစ် သတ်မှတ်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ကြိုတင်မဲနှိုက်၍ ရခိုင်တိုင်းရင်းသားများ၏ သာလီစွ ရခိုင်ပြည် ယိမ်းအကနှင့် ကရင်တိုင်းရင်းသားများ၏ လက်တွဲညီညီ ရှေ့သို့ချီ တိုင်းရင်းသားရိုးရာ ဒုံးယိမ်းအကတို့ကို အားလုံးမှ ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၏ ပြောကြားချက်အရ သိရှိရသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုတို့က (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဒုတိယသမ္မတသည် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ အကဲဖြတ်ဒိုင်များ၊ အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ အကဲဖြတ်ဒိုင်များ၊ အုပ်ချုပ်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ် (သတင်းစဉ်)



ဦးအောင်တင်ဝင်း



ဦးမောင်မောင်လတ်

*❖ ကျော်ဖုံးမှ*

လေ့လာလိုက်စား ကြိုးစားနိုင်မှုဖြစ်မှာပါ။ ဒါ့အပြင် အခုလို ပြိုင်ပွဲကြီးကိုလည်း နှစ်စဉ်မပျက် ကျင်းပပေးနိုင်ရင်တော့ လူငယ်မျိုးဆက်သစ်တွေ အဆက်မပြတ်နိုင်ဘူးပေါ့” ဟု အသက် ၇၆ နှစ်အရွယ် ဇာတ်မင်းသားကြီး ဦးအောင်တင်ဝင်းက ပြောသည်။

ဆက်လက်ပြီး အရေးပြိုင်ပွဲ ကျင်းပရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (သင်တန်းခန်းမ-၁) သို့ သွားရောက်ခဲ့ရာတွင် အရေး အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် တွေ့ဆုံခဲ့သည်။ အရေးပြိုင်ပွဲကျင်းပရာ ခန်းမအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များ သီချင်းစာသား ရေးသားမှုကို စဉ်းစားတွေးခေါ်ကာ နစ်မျောခံစားရင်း ရေးဖွဲ့လျက်ရှိသည်ကိုလည်း တွေ့ရသည်။ “လက်ရှိ ကျင်းပနေတဲ့ (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲက အခင်းအကျင်း၊ အသွင်အပြင် ထည်ဝါစွာကျင်းပနိုင်တာ တွေ့ရပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်များက ပြိုင်ပွဲဝင်တွေရဲ့ ပါဝင် ယှဉ်ပြိုင်မှုကလည်း အားရစရာကောင်းပါတယ်။ အရေးဆိုတာကတော့ အဆို၊ အက၊ အတီးနဲ့တော့ မတူဘူးပေါ့။ အဆို၊ အက၊ အတီးတွေက လက်ထပ်သင်ပြလို့ရတယ်။ ရှိပြီးသား သီချင်းတွေ၊ ပြဋ္ဌာန်းပြီးသား အက၊ အတီးတွေကို ကြိုးစားလေ့ကျင့်ပြိုင်ပွဲဝင်ကြတာဖြစ်တယ်။ အရေးကတော့ ခေါင်းထဲက အတွေးတွေ၊ မမြင်နိုင်တဲ့ အသံတွေရှာပြီး နှလုံးသားခံစားမှုနဲ့ ရေးဖွဲ့သီကုံးကြရတာဆိုတော့ ခက်ခဲတယ်။ အတီးပညာလည်း တတ်မှ သံစဉ်ရှာဖွေထည့်သွင်းလို့ရမယ့် ခေါင်းစဉ်ပေါ်မူတည်ပြီး အကြောင်းအရာ၊ အချက်အလက် ရှာဖွေပြီး အလင်္ကာမြောက်တဲ့ တေးသွားတွေ ဖော်ဆောင်ရတယ်။ မြန်မာတို့ရဲ့ နရီစည်းဝါး ကာရန်နသဘောတွေနဲ့ ရေးသားရတာ၊ ဒါကြောင့် သီချင်းရေး ပြောင်မြောက်တဲ့လူ များများမထွက်နိုင်ဘူး။ ဒီနေ့ မြန်မာ့ဂီတအခြေအနေက နိုင်ငံတကာတေးဂီတ လွှမ်းမိုးမှုအောက်ရောက်နေတယ်။ မြန်မာ့ဂီတ မပျောက်သွားအောင်၊ တိမ်မြုပ် မပျောက်သွားအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့လိုတယ်။ အခုဆိုရင် မြန်မာ့ဂီတကို လွှင့်ထုတ်မှုအပိုင်းလည်း နည်းလာတယ်။ လူငယ်တွေ စိတ်ဝင်စားမှု နည်းလာတယ်။ အခုလို ပြိုင်ပွဲကြီးကို ကျင်းပပေးခြင်းကြောင့် သတ်မှတ်အဆင့်ခြောက်ဆင့်မှာ လူငယ်တွေ မဟာဂီတ ပုဒ်ရေ ၂၀၀ ကျော်လောက် သီဆိုလေ့ကျင့်ဖြစ်ကြတယ်။ အဲဒီ မဟာဂီတသီချင်းတွေ လူငယ်တွေကြားမှာ လေ့ကျင့်ရင်း ရှင်သန်တာ ထိန်းသိမ်းသလို ဖြစ်စေတာပေါ့။ ဒါကြောင့် ဒီလိုပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပစေချင်ပါတယ်။ နှစ်စဉ်မကျင်းပနိုင်ရင်တော့ မြန်မာ့ဂီတက စိုးရိမ်ရတဲ့ အနေအထား ဖြစ်သွားနိုင်ပါတယ်”ဟု အသက် ၈၃ နှစ်အရွယ် ဦးမောင်မောင်လတ်က ပြောသည်။




ဝါသနာရှင်(ဒုတိယတန်း)အမျိုးသား ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ဦးအောင်ဗိုလ်ဗိုလ်နှင့်အဖွဲ့ ယှဉ်ပြိုင်စဉ်





တိုင်းဒေသကြီးနှင့် ပြည်နယ်များ အရေးပြိုင်ပွဲ ယှဉ်ပြိုင်စဉ်

ဆက်လက်ပြီး အကပြိုင်ပွဲဝင်တစ်ဦးဖြစ်သူ ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်မျိုးမင်းအောင်နှင့် တွေ့ဆုံခဲ့ရာ “၂၀၀၆ ခုနှစ် ပြိုင်ပွဲဝင်ပြီးကတည်းက ဝင်မပြိုင်ဖြစ်တော့တာပါ။ အခုပြိုင်ပွဲမှ စတင်ယှဉ်ပြိုင်တာမို့ မျှော်လင့်ချက်တော့ထားပါတယ်။ မြန်မာ့အကကို တန်ဖိုးထားမြတ်နိုးလို့ ပါဝင်ဆင်နွှဲခြင်းဖြစ်ပြီး အခုလို ပါဝင်ယှဉ်ပြိုင်ခွင့်ရတာကိုပဲ ဝမ်းသာနေပါပြီ”ဟု ပြောသည်။

တစ်ဖန် စိုက်ပျိုးရေးတက္ကသိုလ် (စုဝေးခန်းမ)သို့ ရောက်ရှိပြီး အဆိုပြိုင်ပွဲဝင်မည့် ရှမ်းပြည်နယ်မှ မနှင်းရွှေရည်ဦးနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ “ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် ဇာတိဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် ဒီပြိုင်ပွဲကို ပထမဆုံးအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး သေသေချာချာ လေ့ကျင့်ခဲ့တာကြောင့် အောင်မြင်မှုရရှိမယ်လို့ မျှော်လင့်ထားပါတယ်။ အားလုံးက တော်ကြသူတွေချည်းဆိုတော့ ဆုရရှိဖို့လည်း မမှန်းရဲပါဘူး” ဟု ပြောသည်။

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သာဂရစက်မှုနယ်မြေရှိ အကြီးစားစက်ရုံများ၌ ကြည့်ရှု



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သာဂရစက်မှုနယ်မြေရှိ အကြီးစားစက်ရုံ၌ စက်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစဉ်

**နေပြည်တော် အောက်တိုဘာ ၁၈**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေတာရှည်မြို့နယ် သာဂရစက်မှု နယ်မြေရှိ အကြီးစားစက်ရုံများသို့ သွားရောက်ကြည့်ရှုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များအား သာဂရစက်မှု နယ်မြေရှိ အမှတ်(၁၄)အကြီးစားစက်ရုံ(သာဂရ)အစည်းအဝေးခန်းမ၌ စက်ရုံမှူးများက စက်ရုံလည်ပတ်ကုန်ထုတ်လုပ်မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုစက်ရုံများသည် အကြီးစားစက်ပစ္စည်းများပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ရည်ရွယ်လုပ်ဆောင်ခဲ့ ခြင်းဖြစ်ကြောင်း၊ လက်ရှိစက်ရုံများသည် ပြည်ပကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုပြီး နည်းပညာလွှဲပြောင်းရယူထုတ်လုပ်ခြင်းဖြစ်၍ စံချိန်စံညွှန်းမီပြီး အရည်အသွေးကောင်းမွန်သည်ကိုတွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်မှုစနစ်များ မှန်ကန်စွာ လည်ပတ်နိုင်အောင် ဆက်လက်ကြိုးစား ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ထုတ်လုပ်ရာတွင်လည်း Small Scale, Mediun Scale , Large Scale စသည်ဖြင့် အဆင့်ဆင့်လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမှတ် (၁၄) အကြီးစားစက်ရုံ(ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှု)၊ အမှတ် (၁၅) အကြီးစားစက်ရုံ (မြေထိုး၊ မြေတူး၊ သယ်ပို့ဝန်ချီ ယန္တရားများထုတ်လုပ်မှု)နှင့် အမှတ် (၂၆) အကြီးစားစက်ရုံ (ဟိုက်ဒရိုတာဘိုင်၊ ဂျင်နရေတာနှင့် ဘွိုင်လာများထုတ်လုပ်မှု) များအတွင်းရှိ လုပ်ငန်းလည်ပတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# တိုင်းရင်းသားတွေ နေရပ်ဒေသကို စွန့်ခွာပြီးမသွားဖို့ အရေးကြီးပါတယ်

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ

**တွေ့ဆုံမေးမြန်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ-မိုးလွင်(ပြန်/ဆက်)**

ရခိုင်ပြည် မောင်တောမြို့နယ်နှင့် ဆက်စပ်ဒေသများတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေမှုနှင့် ထွက်ပြေးတိမ်းရှောင်လာသူများအား ကူညီဆောင်ရွက်ပေးထားမှုတို့နှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုတို့အား တွေ့ဆုံမေးမြန်းထားသည်များကို တင်ပြလိုက်ရပါသည်။



**ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ**

**မေး။ ။ အကြမ်းဖက်မှုဖြစ်ပွားတဲ့နေရာတွေမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးဆောင်ရွက်ထားရှိမှု အခြေအနေ သိပါရစေ။**

ဖြေ။ ။ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်နယ် မြေတွေကို စစ်ဆင်ရေးဧရိယာအဖြစ် သတ်မှတ်ပြီး ဆောင်ရွက်နေတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး လက်နက်တွေပါသွားမှုတွေ ဆုံးရှုံးမှုတွေရှိခဲ့တယ်။ လက်နက် ၄၈ လက် ဆုံးရှုံးနေတယ်။ ဒီလက်နက်တွေမရမချင်း စစ်ဆင်ရေးတစ်ရပ်လို ဆင်နွှဲပြီး ပြန်လုပ်ရလိမ့်မယ်။ အချိန်ကာလ ဘယ်လောက်လဲဆိုတာ ပြောလို့မရသေးဘူး။ လက်နက်တွေ ပြန်မရမချင်း လုပ်ရမှာပါ။ လုပ်တဲ့အခါမှာလည်း ကိုယ့်ရဲ့ကာကွယ်ရေးအမြင်နဲ့ လုပ်ရမှာဖြစ်သလို တစ်ဖက်ကလည်း နိုင်ငံရဲ့ဥပဒေနဲ့အညီ ဆောင်ရွက်သွားမှာဖြစ်တယ်။ နိုင်ငံအတွင်းမှာနေတဲ့၊ ဒီနိုင်ငံမှာရှိတဲ့ ဘယ်သူမဆို နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေတွေ ထုတ်ပြန်ထားတဲ့ တည်ဆဲဥပဒေတွေနဲ့အညီ နေရမယ်။ မနေရင် ထိထိရောက်ရောက် အရေးယူရမယ်။ ထိထိရောက်ရောက် အရေးယူနိုင်အောင်လည်း လုပ်နေတယ်။ အခုဖြစ်စဉ်နဲ့ပတ်သက်ပြီး တာဝန်ရှိတဲ့သူကိုလည်း တာဝန်ရှိသလို အရေးယူဖို့လုပ်ထားတယ်။ ချိုးကျိုးဂုဏ်ပြုထိုက်တဲ့သူကိုလည်း ချိုးကျိုးဂုဏ်ပြုမှုတွေ လုပ်ပေးမယ်။ ဒီလိုလုပ်မှပဲ ဒီဒေသမှာ တည်ငြိမ်အေးချမ်းဖို့အတွက် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒီဒေသတည်ငြိမ်အေးချမ်းဖို့အတွက် ကျွန်တော်တို့ဘက်က လုပ်နိုင်တာတွေ အားလုံးလုပ်ပေးမယ်။ အထူးသဖြင့် ပြောချင်တာကတော့ ဒီဒေသမှာရှိတဲ့ ကျွန်တော်တို့ တိုင်းရင်းသားတွေ နေရပ်ဒေသကို စွန့်ခွာပြီးမသွားဖို့ အရေးကြီးပါတယ်။ နေရပ်ဒေသစွန့်ခွာသွားမယ်ဆိုရင် ဒီနယ်မြေတွေမှာ ကျန်တဲ့သူတွေလာနေသွားလိမ့်မယ်။ ဒါကို ဒီမှာရှိတဲ့သူတွေက မြန်မာနိုင်ငံသားဆိုတဲ့ အတွေးနဲ့ စိတ်ဓာတ်ရှိဖို့ လိုပါတယ်။ ငါက ဘာလူမျိုးမို့လို့ ဘယ်ပါတီကမို့လို့ နေလို့မရဘူး။ မြန်မာဆိုတဲ့ စိတ်နဲ့ တစ်လက်မမျှ မကျူးကျော်နိုင်အောင် ဆောင်ရွက်ရမယ်။ ဆောင်ရွက်တဲ့အခါမှာလည်း တရားဥပဒေနဲ့အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ရခိုင်နယ်စပ်ဒေသတွေမှာရော လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်အင်အား တိုးမြှင့်ချထားဖို့ ရှိပါသလား။**

ဖြေ။ ။ လောလောဆယ် လက်ရှိအင်အားအပြင် ရဲတပ်ရင်းနှစ်ရင်း ဖြည့်ပေးထားတယ်။ ဗကပနဲ့ တိုက်တုန်းက သူရဘွဲ့ရထားတဲ့ ရဲမှူးချုပ် သူရစန်းလွင်ကို အဲ့ဒေသမှာရှိတဲ့ ဌာနချုပ်မှူးအဖြစ် တာဝန်ပေးထားပါတယ်။



**ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု**

**မေး။ ။ ရခိုင်ပြည်နယ် မောင်တောဒေသမှာ အကြမ်းဖက်တိုက်ခိုက်ခံရပြီး ထွက်ပြေးတိမ်းရှောင်လာတဲ့ စစ်ဘေးရှောင်ပြည်သူတွေရဲ့ အခြေအနေပြောပြပေးပါ။**

ဖြေ။ ။ မောင်တောပြဿနာဖြစ်ပြီးတဲ့နောက်ပိုင်းမှာ ဒုက္ခသည်တွေ တဖြည်းဖြည်းများပြားလာပြီး ဒုက္ခသည်တွေနဲ့ပတ်သက်ပြီး ဆက်တိုက်လုပ်ဆောင်နေပါတယ်။ စစ်တွေမြို့ပေါ်မှာ ဒုက္ခသည် ၅၀၀ ဝန်းကျင်လောက်ရှိနိုင်ပါတယ်။ ဒုက္ခသည်စခန်းအနေနဲ့လည်း ယာယီတည်းခိုနေစရာ လေးနေရာရှိနေတယ်။ အဲဒါတွေကို တစ်စုတစ်စည်းတည်းနဲ့နေနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။ တစ်စုတစ်စည်းတည်းဆို ကျွန်တော်တို့ အနေနဲ့ ကူညီဆောင်ရွက်ပေးရတာ လွယ်ကူပါတယ်။ ဘူးသီးတောင်မှာလည်း လူတစ်ထောင်ဝန်းကျင်လောက် ရှိနေတယ်လို့ပြောပါတယ်။ အဲဒါကိုလည်း စီမံဆောင်ရွက်နေပါတယ်။ ဒုက္ခသည်တွေကိုလည်း ကောင်းကောင်းမွန်မွန်နေနိုင်အောင် လိုအပ်ချက်တွေမရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ ဒီနေ့ဖြစ်နေတဲ့ဒုက္ခသည်တွေဟာ တိုင်းရင်းသားတွေ အထူးသဖြင့် ရခိုင်လူမျိုးတွေ ဒုက္ခရောက်နေတဲ့ အနေအထားဖြစ်ပါတယ်။ ဒီပေါ်မှာလည်း စိတ်မကောင်းဖြစ်ရတယ်။ အလားတူတစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံး စိတ်မကောင်း ဖြစ်ရတယ်။ ဒီလိုဖြစ်နေတာလည်း အရင်ဖြစ်ခဲ့တာတွေနဲ့ တော်တော်ကွာခြားပါတယ်။ ဖြစ်ပျက်ပုံ၊ ဖြစ်လာပုံအကြောင်းအရင်း၊ ဆက်ဖြစ်မယ့်အလားအလာတွေကို အလေးထားဆောင်ရွက်ရမယ့် အနေအထားလို့နားလည်ပါတယ်၊ အရင်တုန်းကဖြစ်ခဲ့တဲ့ ဒုက္ခသည်တွေက လူမျိုးရေးအခြေခံ၊ ဘာသာရေးအခြေခံပြီး ဖြစ်ပွားတဲ့အနေအထားမှာ ဒုက္ခသည်တွေရှိခဲ့ပါတယ်၊ အခုကတော့ အချင်းချင်းဖြစ်တယ်ဆိုတာထက် အခုဖြစ်တဲ့အနေအထားကို နိုင်ငံတော်ကလည်း တရားဝင်ကြေညာထားတယ်။ နိုင်ငံတကာမှာရှိနေတဲ့ အဖွဲ့အစည်း လူပုဂ္ဂိုလ်တွေနဲ့လည်း ဆက်စပ်နိုင်တဲ့အနေအထားတွေ ရှိနေနိုင်ပါတယ်၊ ဖြစ်ပုံချင်းက အရင်ကနဲ့မတူဘူး၊ အခုဖြစ်လာတဲ့ ဒုက္ခသည်တွေဆိုတာလည်း ယခင်ကနဲ့ မတူဘူး၊ ပြောချင်တာကတော့ အရင်ကထက် တိုင်းရင်းသားတွေ ပိုမိုခံရတဲ့အနေအထားဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီပေါ်မှာ အလေးအနက်ထားပြီးတော့ ဆောင်ရွက်သွားမှာပါ၊ ကျွန်တော်တို့ပြည်နယ် ကျွန်တော်တို့နိုင်ငံရဲ့လုံခြုံမှုကို ချိုးဖောက်ဖျက်ဆီးတဲ့ အနေအထားတွေ့ရတယ်၊ အကြမ်းဖက် လုပ်ရပ်ပါ၊ အကြမ်းဖက်လုပ်ရပ်ကြောင့် လုံခြုံရေးစည်းချိုးဖောက်တဲ့အနေအထားမျိုးဖြစ်သွား တာတွေ့ရပါတယ်။ တစ်ဖက်မှာလည်း တည်ငြိမ်မှုနဲ့ အုပ်ချုပ်ရေးအပိုင်းတွေကိုလည်း ထိခိုက်တဲ့အနေအထားရှိပါတယ်။ တစ်ဖက်ကလည်း တရားဥပဒေစိုးမိုးမှုကို မလိုက်နာဘဲနဲ့ ဥပဒေချိုးဖောက်တာ၊ အဘက်ဘက်က ချိုးဖောက်တဲ့အနေအထားဖြစ်တဲ့အတွက် ပိုပြီး အလေးထားဆောင်ရွက်သွားဖို့ရှိပါတယ်၊ အဲဒီလို ဆောင်ရွက်တဲ့အခါမှာလည်း ပြည်နယ်တစ်ခုတည်းနဲ့ ဆောင်ရွက်လို့ရတဲ့ အနေအထားမရှိပါဘူး။ ပြည်နယ်လုံခြုံမှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေ ဆောင်ရွက်ရပါတယ်၊ နိုင်ငံတော်ကလည်း ဒီပြဿနာဖြစ်ဖြစ်ချင်း အရေးယူဆောင်ရွက်တာရှိသလို တပ်မတော်၊ ရဲတပ်ဖွဲ့အင်အားဖြည့်ဆည်းပြီး၊ စုံစမ်းစစ်ဆေးပြီး ဖြေရှင်းဆောင်ရွက်ပေးတဲ့အတွက် တည်တည်ငြိမ်ငြိမ်နဲ့ ပြန်လည်ပြီး ကောင်းမွန်တဲ့အနေအထားရောက်လာမှာပါ။ ဒီကိစ္စဟာ အခုအနေအထားလောက်နဲ့ ပြီးသွားနိုင်တဲ့အနေအထား မဟုတ်တဲ့အတွက် အလေးထားပြီး လေးလေးနက်နက် ဆောင်ရွက်ရမယ့် အနေအထားရှိပါတယ်၊ ဒီဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်ပေါ်မှာလည်း သင်ခန်းစာလည်းရပါတယ်၊ အတွေ့အကြုံလည်းရရှိပြီးတော့ ဒီပေါ်ကနေ နဂိုပုံမှန်အနေအထားမျိုး အမြန်ဆုံး ရောက်နိုင်အောင် လုပ်နိုင်ဖို့၊ ဒီထက်ကောင်းမွန်တဲ့ အခြေအနေတွေ နောင်အနာဂတ် ဒါမျိုးမဖြစ်နိုင်အောင် ပိုပြီးလုံခြုံစိတ်ချရတဲ့ တရားဥပဒေစိုးမိုးမှု တည်ငြိမ်မှုရှိလာအောင် ပိုပြီးလုပ်သွားရမယ့် အနေအထားရှိတယ်၊ အားလုံးဝိုင်းဝန်းပြီး တာဝန်သိသိ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။

**မေး။ ။ စစ်ဘေးရှောင်ပြည်သူတွေနဲ့ပတ်သက်ပြီး ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေအတွက် ပြည်နယ်အစိုးရအနေနဲ့ ဘယ်လိုဆောင်ရွက် ပေးနေပါသလဲ။**

ဖြေ။ ။ ပညာရေးအနေနဲ့က ဒီကာလဟာ သီတင်းကျွတ်ကျောင်းပိတ်ရက်ကာလ ဖြစ်နေပါတယ်။ ဒါပေမယ့် အခုဖြစ်သွားတဲ့အဖြစ်အပျက်နဲ့ ဆက်စပ်နေတော့ ဒီကိစ္စကြောင့် ကျောင်းပိတ်လိုက်တယ်လို့ အားလုံးက နားလည်နေတယ်၊ ကျောင်းပိတ်ကာလကလည်း ဖြစ်နေတော့ ဆရာ၊ ဆရာမတွေကို သူတို့နေရပ်ပြန်နိုင်အောင် ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီး ကလေးတွေအတွက် ဆက်ပြီး ဆောင်ရွက်သွားပါမယ်၊ ကျန်းမာရေးနဲ့ပတ်သက်လို့လည်း ဘူးသီးတောင်နဲ့ မောင်တောမှာရှိတဲ့ ဆေးရုံဆေးခန်းတွေက ဆရာဝန်တွေနဲ့တွေ့ဆုံပြီး ဒုက္ခရောက်နေတဲ့ဒုက္ခသည်တွေအတွက် ကျန်းမာရေးကို ဂရုတစိုက်ဆောင်ရွက်ပေးဖို့ ဆေးဝါးကအစ လိုလေသေးမရှိအောင် မှာကြားထားပါတယ်၊ နောက်ပြီး ရွာတွေအထိ ရိက္ခာနဲ့ ဆေးဝါးတွေကို ပို့ထားပါတယ်၊ ခုချိန်ထိ ကြီးကြီးမားမား ဒုက္ခရောက်တာ မကြားရသေးဘူး၊ အစာရေစာ ပြတ်တောက်တာမျိုး၊ ရောဂါထူပြောတာမျိုး နောက်ပြီး ပညာရေးနဲ့ပတ်သက်တာမျိုး အခက်အခဲဖြစ်တာမရှိပါဘူး၊ အားလုံးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေပါတယ်။

**မေး။ ။ စစ်ဘေးရှောင်ပြည်သူတွေကို ဘယ်တော့ သူတို့ နေရပ်ကို ပြန်လည်ပြောင်းရွှေ့ပေးနိုင်မလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ဒီအကြမ်းဖက် တိုက်ခိုက်ခံရမှုက အဲ့ဒီဒေသမှာ နေထိုင်တဲ့ ဒေသခံပြည်သူတွေအနေနဲ့ စိုးရိမ်တာတင် မဟုတ်ဘူး။ ကြောက်ရွံ့သွားတဲ့အနေအထားမှာရှိတယ်။ စိုးရိမ်မှုတွေ၊ ကြောက်ရွံ့မှုတွေ လျော့ပါးသွားအောင် လုပ်ရတာ အင်မတန်မှ ခက်ခဲတယ်။ ဒါပေမယ့် ကြိုးစားပြီး ဆောင်ရွက်နေပါတယ်။ တဖြည်းဖြည်း ပြေပျောက်သွားတဲ့အနေအထားလည်း ရှိနေပါပြီ။ လက်တွေ့မှာလည်း ပြည်သူတွေရဲ့လုံခြုံရေးကို

*စာမျက်နှာ ၇ သို့*

# မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲစတင်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

(၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ ခြိမ့်ခြိမ့်သဲ စတင်ကျင်းပသည်။

**အဆိုပြိုင်ပွဲ**

အဆိုပြိုင်ပွဲ၏ မဟာဂီတပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၅)၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ဟေဝန်စုံမြိုင်(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ပြည်ပြည်မင်းပေါင်း(သီချင်းခံ) ဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ သောင်းလုံးမြေချာ(မွန်) ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**ကာလပေါ်တေးပြိုင်ပွဲ**

ကာလပေါ်တေးပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စာသင်ခန်းမဆောင် အမှတ်(၄)၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ ကိုမြကြီး၏ မိုးသီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ အဆိုတော် တင်တင်မြ၏ တစ်ကျော့ နှစ်ကျော့တေးကိုသီသီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးတို့မှ တွံတေးသိန်းတန်၏ မေတ္တာမီးအိမ် သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**အကပြိုင်ပွဲ**

အကပြိုင်ပွဲကို မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅နှစ်မှ ၂၀နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ လည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။



**မဟာဂီတအခြေခံပညာ (၁၅-၂၀) (မ) ကရင်ပြည်နယ်မှ မလဝန်းထက်**



**အကဝါသနာရှင်(ပထမတန်း) (ကျား ) မကွေးတိုင်းဒေသကြီးမှ ဦးချစ်သူဝင်း**



**အရေးဝါသနာရှင်(ဒုတိယတန်း) ကယားပြည်နယ်မှ ဦးသိန်းအောင်**

**အရေးပြိုင်ပွဲ**

အရေးပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ - ၁ ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ လည်းကောင်း ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

**အတီးပြိုင်ပွဲ**

အတီးပြိုင်ပွဲ၏ ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲကို သစ်တောသုတေသနဌာန စုဝေးခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ လည်းကောင်း ယှဉ်ပြိုင်ကြသည်။

**စောင်းပြိုင်ပွဲ**

စောင်းပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ခါနွေဆန်း (ယိုးဒယား) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ရန်တကာအောင်(ဘွဲ့) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ သီလာမြေယံ(ကြိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀နှစ်မှ ၁၅နှစ်) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ မြမန်းဂီရိ (ယိုးဒယား) ဖြင့်လည်းကောင်း ငြိမ့်ညောင်းသံသာတီးခတ်ယှဉ်ပြိုင်ကြသည်။



**ဆိုင်းအဖွဲ့လိုက် ဝါသနာရှင်(ဒုတိယတန်း) (ကျား) ရန်ကုန်တိုင်းမှ ဦးအောင်ဗိုလ်ဗိုလ်နှင့်အဖွဲ့.**

**အိုးစည်ပြိုင်ပွဲ**

အိုးစည်ပြိုင်ပွဲကို စိုက်ပျိုးရေးသုတေသန ဦးစီးဌာန စုဝေးခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ လည်းကောင်း၊ ဝါသနာရှင်အဆင့်( ဒုတိယတန်း) ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှလည်းကောင်း မြူးကြွသွက်လက်သည့် ဒိုးလက်သံများဖြင့် ယှဉ်ပြိုင်ကြသည်။

**စန္ဒရားပြိုင်ပွဲ**

စန္ဒရားပြိုင်ပွဲကို သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပိတောက်လမ်း(ကာလပေါ်) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် ( ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ချစ်သမျှကို(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ တောဟေဝန်လယ် (ယိုးဒယား) ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်) အမျိုးသမီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဖြေလျော့ခွေ(ပတ်ပျိုး) ဖြင့်လည်းကောင်း၊ အခြေခံ ပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ တောသူအချစ်(ကာလပေါ်) သီချင်းဖြင့် လည်းကောင်း လက်စွမ်းပြ ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့(၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ကော်မတီဝင်များ၊ အနုသုခုမကို စိတ်ဝင်စားကြသည့် ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

တပ်မတော်၊ ရဲတပ်ဖွဲ့နဲ့ ဌာနဆိုင်ရာတွေကလည်း အင်အားအပြည့်အစုံနဲ့ စောင့်ရှောက်ပေးနေပါတယ်။ ဒီလို စောင့်ရှောက်ပေးနေတဲ့အတွက် စိုးရိမ်မှုတွေလျော့နည်းပြီး သူတို့နေရပ်ပြန်နိုင်ဖို့အတွက်လည်း ပြန်ရဲလာအောင်၊ အလုပ်တွေပြန်လည်ပြီး လုပ်နိုင်လာအောင် ဆောင်ရွက်နေပါတယ်။ ဒုက္ခသည်တွေနဲ့တွေ့တဲ့အခါ၊ ပွင့်ပွင့်လင်းလင်းပြောကြဆိုကြတဲ့အခါ အမျိုးသမီးတွေ အသက်ကြီးတဲ့သူတွေ၊ ကလေးတွေ အများဆုံး စစ်ဘေးရှောင်ဖို့ စစ်တွေမြို့ကို လာကြတယ်လို့ ပြောပါတယ်။ ယောကျ်ားသားတော်တော်များက ကျန်ရစ်ခဲ့တယ်လို့ ပြောပါတယ်။ သူတို့ အိုးအိမ်တွေ၊ အိမ်မွေးတိရစ္ဆာန်တွေ စောင့်ရှောက်ဖို့၊ စိုက်ပျိုးထားတဲ့စပါးတွေကလည်း ဝင်းမှည့်ပြီး ရိတ်သိမ်းချိန်ရောက်နေတော့ သူတို့လည်း အရှုံးဆုံးမခံချင်ဘူး။ ဆုံးရှုံးမှာလည်း စိုးရိမ်တဲ့အနေအထားလို့ ပြောပါတယ်။ ပြဿနာအေးအေးချမ်းချမ်းဖြစ်ရင် နေရပ်ပြန်မယ်လို့ ပြောပါတယ်။ တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းဖြစ်ရင် နေရပ်ပြန်ကြမှာပါ။ အမြန်ဆုံး သူတို့နေရပ်ပြန်နိုင်အောင်လည်း ဆောင်ရွက်ပေးသွားမှာပါ။ ဒီကိုရောက်နေတဲ့ကာလမှာလည်း ဘာမှမပူပန်ရအောင်၊ လိုအပ်ချက်မရှိရလေအောင် ဆောင်ရွက်ပေးသွားမှာပါ။

**မေး။ ။ ဝန်ကြီးချုပ်ကြီးအနေနဲ့ ဖြည့်စွက်ပြောကြားစရာရှိရင် ပြောပြပေးပါ။**

ဖြေ။ ။ ဒီအဖြစ်အပျက်က ကျွန်တော်တို့အတွက် သင်ခန်းစာယူနိုင်တဲ့အဖြစ်အပျက်ပါ။ သင်ခန်းစာယူလို့ရတဲ့ အတွေ့အကြုံလို့လည်း ပြောလို့ရပါတယ်၊ ကျွန်တော်တို့နိုင်ငံရဲ့ပြောင်းလဲလာတဲ့အခြေအနေနဲ့ ခေါင်းဆောင်တွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ အားလုံးညီညီညွတ်ညွတ်နဲ့ တကယ်မှန်မှန်ကန်ကန်စေတနာထားပြီး လုပ်မယ်ဆိုရင် ပိုမို ကောင်းမွန်တဲ့ အနေအထားမျိုးရောက်မယ်၊ အားလုံးကလည်း ဝိုင်းဝန်းကြိုးစားဖို့ အားလုံးမှာ တာဝန်ရှိပါတယ်၊ အခုတွေ့ကြုံရတဲ့အတွေ့အကြုံအရ အများကြီးပေးဆပ်လိုက်ရတဲ့အတွက် ဒီပေးဆပ်မှုကိုပြန်ပြီး ထိုက်ထိုက်တန်တန် အကျိုးအမြတ်ရအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ဖို့ လိုပါတယ်။

အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။

## နိုင်ငံတော်မူဝါဒများနှင့်အညီ ဝန်ထမ်းများလိုက်နာဆောင်ရွက်ရေးမှာကြား

**မန္တလေး အောက်တိုဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်သည် အင်ဂျင်နီယာချုပ်(စက်မှု) ဦးထွန်းကျော်စိုးနှင့်အတူ အောက်တိုဘာ ပထမပတ် နံနက်က မန္တလေးမြို့သို့ရောက်ရှိပြီး အထက်မြန်မာပြည် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ(ပုသိမ်ကြီး) သင်တန်းခန်းမ၌ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်မူဝါဒများနှင့်အညီ ဝန်ထမ်းများလိုက်နာဆောင်ရွက်နိုင်ရေး ညွှန်ကြားချက်များသိရှိနားလည်နိုင်ရန်၊ နိုင်ငံတော်သမ္မတရုံး၏လမ်းညွှန်ချက်များကိုလည်း ဝန်ထမ်းများသိရှိလိုက်နာရှောင်ကြဉ်ရန်တို့ကို ဆွေးနွေးမှာကြားပြီး လုပ်ငန်းများစံချိန်စံညွှန်းမီဆောင်ရွက်ကြရန်၊ အဂတိလိုက်စားမှုကင်းရှင်းအောင်နေကြရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ကြရန်တို့ကို ရှင်းလင်းမှာကြားသည်။

ထို့နောက် တက်ရောက်လာသော ဝန်ထမ်းများက ပြန်လည်ဆွေးနွေးတင်ပြကြပြီး အထက်မြန်မာပြည်ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှု လေ့ကျင့်ရေးဌာနခွဲ(ပုသိမ်ကြီး) သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

**မိုးပိုလာနိုင်**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀။)**
**၁၃၇၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်**
**( ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **နိုင်ငံတော်သမ္မတ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏နိုင်ငံတော်သမ္မတကိုဆိုသည်။

(ဂ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနကို ဆိုသည်။

(င) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသောမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ဆိုသည်။

(စ) **အဖွဲ့ဝင်** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ အပါအဝင် အဖွဲ့ဝင်တစ်ဦးဦးကို ဆိုသည်။

(ဆ) **ကော်မရှင်ရုံး** ဆိုသည်မှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနရုံးကို ဆိုသည်။

(ဇ) **အတွင်းရေးမှူး** ဆိုသည်မှာ ကော်မရှင်ရုံး၏ ရုံးလုပ်ငန်းတာဝန်များကို တာဝန်ခံဆောင်ရွက်မည့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏အတွင်းရေးမှူးကို ဆိုသည်။

(ဈ) **အဆိုပြုချက်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံလိုသူက ပုဒ်မ ၃၆ တွင် ဖော်ပြထားသည့်လုပ်ငန်းများ၌ လုပ်ကိုင်လိုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် ကော်မရှင်၏ ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့် လိုအပ်သည့်စာချုပ်၊ စာရွက်စာတမ်းအထောက်အထားများပူးတွဲကာ တင်ပြသောလျှောက်လွှာကို ဆိုသည်။

(ည) **ခွင့်ပြုမိန့်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံလိုသူက ရင်းနှီးမြှုပ်နှံရန် တင်ပြလာသော အဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ သဘောတူခွင့်ပြုချက်ကို ဖော်ပြသည့်အမိန့်ကို ဆိုသည်။

(ဋ) **အတည်ပြုလျှောက်ထားလွှာ** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံလိုသူက အခန်း (၁၂) မြေအသုံးပြုခွင့်နှင့် အခန်း(၁၈) ပုဒ်မ ၇၅၊ ၇၇ နှင့် ၇၈ ပါ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များခံစားနိုင်ရန် အလို့ငှာကော်မရှင်၏ အတည်ပြုမိန့် ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့် လိုအပ်သည့် အထောက်အထားများ ပူးတွဲကာတင်ပြသော လျှောက်လွှာကိုဆိုသည်။

(ဌ) **အတည်ပြုမိန့်** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံလိုသူက တင်ပြလာသော အတည်ပြုလျှောက်ထားလွှာနှင့်စပ်လျဉ်း၍ ကော်မရှင်၏ အတည်ပြုချက်ကို ဖော်ပြသည့်အမိန့်ကို ဆိုသည်။

(ဍ) **နိုင်ငံသား** ဆိုသည်မှာ ဤဥပဒေအလို့ငှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် နိုင်ငံသားများဖြင့်သာ ပါဝင်ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်း ပါဝင်သည်။

(ဎ) **မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နိုင်ငံသားကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်မှတ်ပုံတင်ထားသည့် မြန်မာကုမ္ပဏီ၊ ရုံးခွဲများနှင့် အခြားစီးပွားရေး အဖွဲ့အစည်းများလည်း ပါဝင်သည်။

(ဏ) **နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည့် နိုင်ငံသားမဟုတ်သူကို ဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင် မှတ်ပုံတင်ထားသည့် နိုင်ငံခြားကုမ္ပဏီ၊ ရုံးခွဲ၊ အခြားစီးပွားရေးအဖွဲ့ အစည်းများနှင့် ပြည်ပနိုင်ငံတစ်နိုင်ငံမှ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းများလည်း ပါဝင်သည်။

(တ) **ရင်းနှီးမြှုပ်နှံသူ** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံမှုကို ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူ သို့မဟုတ် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူကို ဆိုသည်။

(ထ) **ရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက ဤဥပဒေနှင့်အညီ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့်ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပုဒ်မ ၄၀ ပါ ရင်းနှီးမြှုပ်နှံမှုများလည်း အပါအဝင် ဖြစ်သည်။

(ဒ) **တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာ နိုင်ငံတော်အတွင်း ရင်းနှီးမြှုပ်နှံသူက ဥပဒေနှင့်အညီ လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံထားသည့် ပိုင်ဆိုင်ပစ္စည်းအပေါ် ထိန်းချုပ်ခွင့် သို့မဟုတ် လွှမ်းမိုးခွင့်နှင့် လုပ်ငန်းစီမံခန့်ခွဲခွင့်တို့ရှိသည့် ရင်းနှီးမြှုပ်နှံမှုကို ဆိုသည်။

(ဓ) **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု** ဆိုသည်မှာနိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူက နိုင်ငံတော်အတွင်း ပြုလုပ်သည့်တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို ဆိုသည်။

(န) **စီးပွားရေးအဖွဲ့အစည်း** ဆိုသည်မှာ-

(၁) တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးလုပ်ငန်းဆောင်ရွက်ရန် ဖွဲ့စည်းတည်ထောင်ထားသည့် သို့မဟုတ် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၊ ရန်ပုံငွေအဖွဲ့၊ အစုစပ်၊ တစ်ဦးတည်းပိုင်၊ ဖက်စပ်၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ သို့မဟုတ် အလားတူအဖွဲ့အစည်းများ အပါအဝင် တရားဝင်စီးပွားရေးအဖွဲ့အစည်းများကို ဆိုသည်။

(၂) တည်ဆဲဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့် အဆိုပါ တရားဝင်စီးပွားရေးအဖွဲ့အစည်း၏ ရုံးခွဲတစ်ခုကိုဆိုသည်။

(ပ) **လွတ်လပ်စွာအသုံးပြုနိုင်သည့်ငွေကြေး** ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund-IMF)၏ သဘောတူညီချက်စာချုပ်အပိုဒ် ၃၀(စ) နှင့် ၎င်းကို ပြင်ဆင်သော ပြင်ဆင်ချက်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ ငွေပေးချေမှုများအတွက် လွှဲပြောင်းပေးခြင်းများနှင့် အဓိက နိုင်ငံခြားငွေကြေး ဈေးကွက်များတွင် ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ခြင်း ပြုလုပ်နိုင်ပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ၏ သုံးစွဲလျက်ရှိသော ငွေကြေးကို ဆိုသည်။

(ဖ) **ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ** ဆိုသည်မှာ ရင်းနှီးမြှုပ်နှံသူက ကော်မရှင်၏ ခွင့်ပြုမိန့် သို့မဟုတ် အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် ဤဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ရင်းနှီးမြှုပ်နှံသူ၏ လျှောက်ထားမှုအပေါ် ကော်မရှင်ကစိစစ်ခွင့်ပြုနိုင်သည့် ဝင်ငွေခွန်၊ အကောက်ခွန်နှင့် အခြားပြည်တွင်းအခွန်အကောက်များ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကိုဆိုသည်။

(ဗ) **ဆောင်ရွက်ချက်များ** ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဖြစ်စေ၊ ယင်းတို့က အခွင့်အာဏာအပ်နှင်းထားသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကဖြစ်စေ ချမှတ်ထားသော သို့မဟုတ် အကောင်အထည်ဖော်ဆောင်ရွက်နေသောဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ဆုံးဖြတ်ချက်များနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ စသည်တို့ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားအလို့ငှာ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသည့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

( ခ) ရင်းနှီးမြှုပ်နှံသူများနှင့်၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးရန်၊

(ဂ) ပြည်သူတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်၊

(ဃ) လူသားအရင်းအမြစ် ဖွံ့ဖြိုးလာစေရန်၊

(င) စွမ်းဆောင်ရည်မြင့်မားသည့် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(စ) နည်းပညာ ဖွံ့ဖြိုးတိုးတက်စေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဆ) နိုင်ငံတစ်ဝန်းလုံးတွင် အခြေခံအဆောက်အအုံများအပါအဝင် ပညာရပ်နယ်ပယ်အသီးသီးတို့၌ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဇ) နိုင်ငံသားများအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့် ယှဉ်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်စေရန်၊

(ဈ) နိုင်ငံတကာစံနှုန်းနှင့်ညီသော စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပေါ်ထွန်းလာစေရန်။

**အခန်း(၃)**
**ဥပဒေ၏အကျုံးဝင်မှုနယ်ပယ်**

၄။ ဤဥပဒေသည် နိုင်ငံတော်အတွင်း စတင်အာဏာတည်သည့်နေ့တွင် လုပ်ငန်းလည်ပတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် သို့မဟုတ် ဤဥပဒေအာဏာတည်ပြီးနောက် အသစ်ဖွဲ့စည်းတည်ထောင်လုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံမှုအားလုံးနှင့် အကျုံးဝင်သက်ဆိုင်စေရမည်။ သို့ရာတွင် ဤဥပဒေအာဏာမတည်မီက ဖြစ်ပွားလျက်ရှိသည့် တည်ဆဲရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အငြင်းပွားမှုများ သို့မဟုတ် ဤဥပဒေအာဏာမတည်မီက ခွင့်ပြုမိန့်ရရှိပြီး လုပ်ငန်းလုပ်ဆောင်မှုရပ်ဆိုင်းထားသည့် ရင်းနှီးမြှုပ်နှံမှုများသည် ဤဥပဒေနှင့် အကျုံးဝင်သက်ဆိုင်မှုမရှိစေရ။

၅။ ဤဥပဒေ၏ အခန်း(၂၁) ခြွင်းချက်ပြုရမည့်အချက်များ၊ အခန်း (၂၂) လုံခြုံရေးဆိုင်ရာ ကင်းလွတ်ခွင့်များမှအပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်ရွက်ချက်များသည် ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

**အခန်း(၄)**
**ကော်မရှင်ဖွဲ့စည်းခြင်း**

၆။ ကော်မရှင်ကိုအောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ဝင်များထဲမှ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦး ရွေးချယ်အဆိုပြု၍ အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးမည့် ဥက္ကဋ္ဌတစ်ဦး၊

(ခ) အစိုးရအဖွဲ့က ခန့်အပ်တာဝန်ပေးမည့် ဒုတိယဥက္ကဋ္ဌတစ်ဦး၊

(ဂ) အဖွဲ့ဝင်များအဖြစ် အစိုးရအဖွဲ့ကခန့်အပ်တာဝန်ပေးမည့် သင့်လျော်သော ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှပုဂ္ဂိုလ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ဂုဏ်သိက္ခာသမာဓိနှင့် ပြည့်စုံသည့်သင့်လျော်သော ပုဂ္ဂိုလ်များ၊

(ဃ) ရာထူးအလျောက် ကော်မရှင်ရုံးအကြီးအမှူးဖြစ်သည့် အတွင်းရေးမှူး တစ်ဦး။

၇။ အစိုးရအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အတွင်းရေးမှူးအပါအဝင် အဖွဲ့ဝင်အနည်းဆုံးကိုးဦးနှင့်အထက် "မ" ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းတည်ထောင်ရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနမှ ခွင့်ပြုသောချီးမြှင့်ငွေနှင့် စရိတ်ကို ခံစားခွင့်ရှိစေရမည်။

၉။ အတွင်းရေးမှူးမှတစ်ပါး ကော်မရှင်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် အစိုးရအဖွဲ့၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ အတွင်းရေးမှူးသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည်နှင့်အညီ နိုင်ငံ့ဝန်ထမ်း ဥပဒေအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၀။ ကော်မရှင်အဖွဲ့ဝင်များသည် တစ်ဆက်တည်း ရာထူးသက်တမ်း နှစ်ကြိမ်ထက် ပိုမိုတာဝန်ထမ်းဆောင်ခြင်း မရှိစေရ။

၁၁။ အစိုးရအဖွဲ့သည် အစိုးရတာဝန်ယူသည့်နေ့မှစ၍ နှစ်လအတွင်း ကော်မရှင်အား အသစ်ပြန်လည်ဖွဲ့စည်းရမည်။

၁၂။ ကော်မရှင်ရုံးအကြီးအမှူးသည် ကော်မရှင်၏အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည့်အပြင် ကော်မရှင်ကသတ်မှတ်ပေးထားသော အခြားလုပ်ငန်းတာဝန်များကိုလည်းထမ်းဆောင်ရမည်။

၁၃။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏ လုပ်ငန်းတာဝန်များအနက် သီးခြားသတ်မှတ်ပေးသော လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို စာဖြင့်ရေးသား၍ ကော်မရှင်ရုံးအရာထမ်းတစ်ဦးဦးအား တာဝန်ပေးအပ်နိုင်သည်။ ယင်းသို့ တာဝန်ပေးအပ်ရာတွင် တာဝန်ပေးအပ်ခြင်းခံရသူသည် တာဝန်ပေးအပ်သည့် စာတွင် ဖော်ပြထားသော လုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်ရမည်။ အဆိုပါ လွှဲအပ်သည့်စာအား မည်သည့်အချိန်တွင်မဆို စာဖြင့်ပြန်လည်ရုပ်သိမ်းနိုင်သည်။

**အခန်း(၅)**
**ကော်မရှင်မှ နုတ်ထွက်ခြင်း၊ ရပ်စဲခြင်းနှင့် လစ်လပ်နေရာ ဖြည့်စွက်ခန့်ထားခြင်း**

၁၄။ ကော်မရှင်ဥက္ကဋ္ဌသည်တာဝန်ထမ်းဆောင်နေစဉ် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်းကို နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ထံစာဖြင့် တင်ပြပြီး ရာထူးမှနုတ်ထွက်နိုင်သည်။

၁၅။ ကော်မရှင်ဥက္ကဋ္ဌမှအပ ကျန်ကော်မရှင်အဖွဲ့ဝင်များ နုတ်ထွက်လိုပါက ကော်မရှင်ဥက္ကဋ္ဌမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၆။ အစိုးရအဖွဲ့သည် ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးအား အောက်ပါအခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်ပါကတာဝန်မှ ရပ်စဲနိုင်သည်-

(က) ဥပဒေအရသတ်မှတ်သော ဆေးအဖွဲ့၏စစ်ဆေးတွေ့ရှိချက်အရ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့သည်အထိ ကျန်းမာရေး ချို့ယွင်းခြင်း၊

( ခ) ကွယ်လွန်ခြင်း၊

( ဂ) တရားရုံးတစ်ခုခုက ပြစ်မှုကြောင်းအရ ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(ဃ) တရားရုံးတစ်ခုခုက လူမွဲအဖြစ်ကြေညာခံရခြင်း၊

( င) မိမိအားပေးအပ်ထားသော တာဝန်များကို ကျေပွန်စွာ မဆောင်ရွက်နိုင်ခြင်း။

၁၇။ အစိုးရအဖွဲ့သည်-

(က) ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှ ရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ ကော်မရှင်အဖွဲ့ဝင်နေရာလစ်လပ်လျှင် ဤဥပဒေနှင့် နည်းဥပဒေများပါပြဋ္ဌာန်းချက်တို့နှင့်အညီ အဖွဲ့ဝင်အသစ် ဖြည့်စွက်ခန့်ထားရမည်။

(ခ) လစ်လပ်သောရာထူးသည် ကော်မရှင်ဥက္ကဋ္ဌရာထူး နေရာဖြစ်ပါက အသစ်ဖြည့်စွက်ခန့်ထားခြင်း မပြုနိုင်မီအတွင်း ဒုတိယဥက္ကဋ္ဌကိုဖြစ်စေ၊ ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ဥက္ကဋ္ဌ၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်အတွက် ယာယီတာဝန်ပေး ခန့်အပ်နိုင်သည်။

၁၈။ ရာထူးမှနုတ်ထွက်ခြင်း သို့မဟုတ် တာဝန်မှ ရပ်စဲခံရခြင်းမှတစ်ပါး လက်ရှိတာဝန်ထမ်းဆောင်နေသော ကော်မရှင်အဖွဲ့ဝင်များသည် ကော်မရှင်အဖွဲ့ဝင်အသစ်ခန့်အပ်ပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

၁၉။ ပုဒ်မ ၉ ပါရာထူးသက်တမ်းနှင့်စပ်လျဉ်း၍ မည်သို့ပင်ပါရှိစေကာမူ လစ်လပ်ရာထူးတွင် ပုဒ်မ ၁၇ အရ ဖြည့်စွက်ခန့်ထားခြင်းခံရသည့် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် ၎င်းအစားထိုးသည့်ကော်မရှင်အဖွဲ့ဝင်၏ ကျန်ရှိသည့်သက်တမ်းအတွက်သာ ဖြစ်ရမည်။

၂၀။ အတွင်းရေးမှူးသည် ကော်မရှင်၏ နေ့စဉ်လုပ်ငန်းတာဝန်များနှင့် ကော်မရှင်၏ကိစ္စအဝဝနှင့် သက်ဆိုင်သည့်အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

၂၁။ ကော်မရှင်အဖွဲ့ဝင်တစ်ဦးသည် ကော်မရှင်သို့တင်ပြလာသည့် အဆိုပြုချက်နှင့်စပ်လျဉ်း၍ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်၍ အကျိုးစီးပွားပါဝင်ပတ်သက်မှုရှိနေသည်ဆိုပါကအဆိုပါအကျိုးစီးပွား ပါဝင်ပတ်သက်မှုရှိသည်ဆိုသည့် အကြောင်းကို ကော်မရှင်သို့ အတိအလင်း ထုတ်ဖော်ပြောဆိုရမည်။ အဆိုပါထုတ်ဖော်ပြောဆိုချက်ကို ကော်မရှင်၏ အစည်းအဝေးမှတ်တမ်းတွင် မှတ်တမ်းပြုရမည်ဖြစ်ပြီး အဆိုပါအဖွဲ့ဝင်သည် ၎င်းအဆိုပြုချက်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ ဆုံးဖြတ်ခွင့်၊ လုပ်ငန်းဆောင်ရွက်မှုနှင့် ဆွေးနွေးမှုတို့တွင်ပါဝင်ဆောင်ရွက်ခြင်းမရှိစေရ။

*(ဆက်လက်ဖော်ပြပါမည်)*

# ချင်းတွင်းမြစ်တွင်းနစ်မြုပ်ရေယာဉ်ကို တွန်းသင်္ဘောလေးစင်းဖြင့် ဆယ်ယူ

**ကနီ အောက်တိုဘာ ၁၈**
ကနီမြို့နယ် မိချောင်းတွင်းကျေးရွာအနီးတွင် တိမ်းမှောက်နစ်မြုပ်ခဲ့သော အောင်စိုးမိုးကျော် ရေယာဉ်-၂ ကို အောက်တိုဘာ ၁၈ ရက် ညနေပိုင်းက တန် ၅၀ ကရိန်း သုံးစီး၊ တွဲတွန်းသင်္ဘော လေးစင်းအားဖြည့်၍ ချင်းတွင်းမြစ်တွင်းမှ ဆွဲတင်ခြင်းကို ဆောင်ရွက်နေကြောင်း ကနီမြို့နယ် အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်းထံမှ သိရသည်။

"နစ်မြုပ်မော်တော်ယာဉ်ကို ကရိန်းလေးစီး တွဲတွန်းသင်္ဘောတွေနဲ့ ဖြည်းဖြည်းချင်း ဆွဲတင်နေတာပါ။ ဆိုင်းထားတဲ့ စတီးကြိုး၊ သံကြိုးတွေ ပြတ်ထွက်တာတွေ ပြန်တပ်တာတွေ လုပ်ပြီး ကမ်းပေါ်တင်နိုင်အောင် လုပ်သွားပါမယ်။ ဒီနေ့မှာ ကနီမြို့နယ် ကင်းရွာ၊ ယင်းရွာ၊ ရွှေစာရေးရွာ စတဲ့ နေရာတွေမှာ ဆယ်ယူတွေ့ရှိထားတဲ့ အလောင်းတွေကို ဒီကနေ့ မြှုပ်နှံလိုက်ပါတယ်။ လက်ရှိအချိန်အထိ အလောင်း ၄၄ လောင်းတွေ့ရှိထားပြီး ဖြစ်ပါတယ်။ အခြားနေရာတွေမှာလည်း တွေ့ရှိတာတွေရှိတယ်လို့ သတင်းပေးတာတွေ ရှိပါသေးတယ်"ဟု ဦးထွန်းထွန်းဝင်းက ပြောပြသည်။



အောက်တိုဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင်လည်း မိချောင်းတွင်းရွာတွင် ရက်လည်ဆွမ်း တရားနာပြီး ချင်းတွင်းမြစ်အတွင်း အမြန်ရေယာဉ်နစ်မြုပ်သည့်နေရာတွင် ပရိတ်တရားကို စက်လှေများဖြင့် ရွတ်ဖတ်အမျှအတန်းပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပျောက်ဆုံးသူ မိသားစုများကို ညှိခံကျွေးမွေးရန် မိချောင်းတွင်းရွာ၊ ကင်းရွာ၊ ယင်းရွာတို့အား တစ်ရွာလျှင် ငွေကျပ် ငါးသိန်းစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဦးနှောက်ငှက်ဖျား ဆေးဝါးအတုကြေညာ

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲကြပ်မတ်လျက်ရှိပါသည်။

၂။ ဈေးကွက်ရှိဆေးဝါးများကို ပုံမှန်စစ်ဆေးဆောင်ရွက်ခဲ့ရာ ဆေးဘူးပေါ်တွင် ဖော်ပြချက်အရ Danion Co.,Ltd. Samuthprakarn ထုတ် မြန်မာနိုင်ငံတွင် ဆေးဝါးမှတ်ပုံတင်မရှိသော Quinine S Tablet (Quinine Sulfate 300mg) ဆေးဝါးသည် **ဆေးဝါးအတု(အတု)**ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ Quinine ဆေးဝါးမှာ ဦးနှောက်ငှက်ဖျားရောဂါ (Falciparum Malaria) တွင် အဓိကထားကုသသည့်ဆေးဖြစ်ပါသည်။

၃။ ဆေးဝါးအတု၊ စံမညီဆေးဝါးများကို မှီဝဲသော ရောဂါဝေဒနာရှင်များသည် စရိတ်များစွာ ကုန်ကျသည့်အပြင် မိမိတို့ခံစားနေရသော ရောဂါများပျောက်ကင်းခြင်း(လုံးဝ)မရှိဘဲ ပိုမိုဆိုးရွားသော အခြေအနေ ခံစားရမည်ဖြစ်သည့်အပြင်




အသက်အန္တရာယ်လည်း ရှိနိုင်ပါသည်။ သို့ဖြစ်၍ ဆေးဝါးတင်သွင်း ဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(ethic)အရ လုံးဝ (လုံးဝ)မပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက အမျိုးသားဆေးဝါးဥပဒေပုဒ်မ(၁၈)အရ ပြစ်မှုကျူးလွန်သူကို တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ရန်ကုန်၌ မြန်မာ-ဂျပန် ချစ်ကြည်ရေးကုန်စည်ပြပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၈**
မြန်မာ-ဂျပန်ချစ်ကြည်ရေးနှင့် မြန်မာ့ သဘာဝရှုခင်းအလှများကို ကမ္ဘာ့နိုင်ငံများဆီ ပျံ့နှံ့သိရှိအောင် ဖော်ဆောင်ပေးမည့် ဂျပန်ပစ္စည်း သီးသန့်ကုန်စည်ပြပွဲကြီးကို ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဂျပန်ပစ္စည်းသီးသန့်ကုန်စည်ပြပွဲကြီးကို ဂျပန်သံရုံး၏ ကူညီပံ့ပိုးပေးမှုဖြင့် Myanmar Promotional Services (MPS) က ဦးဆောင်ကာ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ဂျပန်သီးသန့်ကုန်စည်ပြပွဲကြီးကို ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်မှ နှစ်စဉ်ကျင်းပလာရာ ယခုအကြိမ်သည် (၅)ကြိမ်မြောက် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်း ဖြစ်သည်။ ပြပွဲတွင် ဂျပန်ကုမ္ပဏီများဖြစ်သော Canon၊ Gandaman၊ kira Kira Japan YAMAGATA TELEVISION SYSYEM INC၊ Thazin Oo၊ ANA၊ Hitachi၊ Everseiko၊ Unified (Panasonic)၊ Japan Style၊ House of Japan၊ Earth Trading၊ Sharp (SDM)၊ Sharp (Prime Boss)၊ Fuji Film၊ Metro Computer Myanmar၊ Bridge Stone၊ Myanmar Yutani နှင့် Sakura Trade Centre စသည့် ကုမ္ပဏီပေါင်း ၁၅၀ ကျော်မှ အမျိုးအစားပေါင်း ၃၀၀ ခန့် ခင်းကျင်းပြသမည်ဖြစ်သည်။

"ဒီပြပွဲကြီးမှာ မြန်မာနိုင်ငံရဲ့ တောတောင်ရေမြေသဘာဝအလှတွေ၊ တိုင်းရင်းသားပေါင်းစုံရဲ့ ဓလေ့စရိုက်တွေ၊ ပုဂံလို ရှေးဟောင်းအမွေအနှစ်တွေ၊ ခရီးသွားလာတဲ့လုပ်ငန်းအတွက် ဆွဲဆောင်မှုမျိုးစုံရှိတဲ့ နိုင်ငံဖြစ်တယ်ဆိုတာကို ကမ္ဘာကသိအောင် ပြသချင်တဲ့အနေနဲ့ ဒီခါတ်ပုံပြပွဲကို ထည့်ဖြစ်ခဲ့တယ်။ နှစ်နိုင်ငံ ယဉ်ကျေးမှုတွေ သိရှိနားလည်လာမှ စီးပွားရေးလုပ်ငန်းအရ ချိတ်ဆက်လုပ်ဆောင်မှုတွေက ပိုမိုများပြားလာမှာဖြစ်တယ်" ဟု ဂျပန်ကုန်စည် သီးသန့်ပြပွဲကြီးတွင် ပြိုင်ပွဲများထည့်သွင်းထားမှုနှင့် ပတ်သက်၍ Myanmar Promotional Services(MPS)မှ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာဇာနည်မောင်မောင်က ပြောသည်။

ယင်းသီးသန့်ကုန်စည်ပြပွဲကြီးတွင် မြန်မာ- ဂျပန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုရစေရန် ဂျပန်သီချင်းဆိုပြိုင်ပွဲ၊ မြန်မာ နိုင်ငံရေမြေတောတောင်သဘာဝရှုခင်း အလှဓာတ်ပုံပြိုင်ပွဲနှင့် ဂျပန်ကာတွန်း ဇာတ်ကောင်ပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်စိန်လွင်(မြန်မာ့အလင်း)**

# တရုတ်- မြန်မာနယ်စပ် ဝင်/ထွက်မှုဆိုင်ရာ ညှိနှိုင်းစည်းဝေး

**မူဆယ် အောက်တိုဘာ ၁၈**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်နယ်စပ် တောင်ပေါ်ဒေသ၌ တရုတ်-မြန်မာနယ်စပ်ဝင်/ထွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ဒုတိယပတ်က မူဆယ်မြို့ရှိ နယူးစတားလိုက်ဗဟိုစီးပွားရေးဇုန် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးကို မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၇)မှ ဌာနခွဲမှူး ဦးစောနိုင် ဦးဆောင်သော အဖွဲ့ဝင်များနှင့် တရုတ်နိုင်ငံဘက်မှ ရွှေလီ နယ်စပ် ကာကွယ်စုံစမ်းစစ်ဆေးရေးဌာန ဌာနမှူး မစ္စတာ ရန်ဟိုင်ဖုန်း ဦးဆောင်သောအဖွဲ့ဝင်များဖြင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။



နှစ်နိုင်ငံ သဘောတူညီချက်အရ သုံးလတစ်ကြိမ် အစည်းအဝေးတွေ့ဆုံဆွေးနွေးရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံတစ်လှည့်စီ အစည်းအဝေးကျင်းပရန်နှင့် ပတ်သက်၍ အစည်းအဝေးပြုလုပ်လိုပါက ရက် ၂၀ ခန့် ကြိုတင်အကြောင်းကြားပြီး သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ ဆောင်ရွက်သွားရန်၊ နောက်တစ်ကြိမ်ပြုလုပ်သည့်အချိန်မှစ၍ ဖွဲ့စည်းပုံပြောင်းလဲမှုအရ မြန်မာနိုင်ငံ မူဆယ် ခရိုင်လဝကဦးစီးမှူး ဦးဆောင်သောအဖွဲ့ဖြင့် တရုတ်နိုင်ငံ ရွှေလီနယ်စပ် ကာကွယ် စုံစမ်းစစ်ဆေးရေးဌာန ဌာနမှူး ဦးဆောင်အဖွဲ့တို့ ညှိနှိုင်းပြီး ဆက်လက်ဆောင်ရွက်သွားရန်၊ နယ်စပ်ဝင်/ထွက်မှုနှင့် ပတ်သက်၍ အရေးကြီးကိစ္စ၊ အရေးပေါ်အခြေအနေများ ပေါ် ပေါက်လာပါကနှစ်နိုင်ငံတာဝန်ရှိသူများမှ အီးမေးလ်စာ (သို့) လက်ကိုင်ဖုန်းများဖြင့် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်သွားရန်၊ တရုတ်-မြန်မာ နှစ်နိုင်ငံပြည်သူပြည်သားများ၏ အခွင့်အရေးများကို အပြည့်အဝရရှိစေရန်နှင့် ရာဇဝတ်မှုကျူးလွန်သူများမှအပ အကြောင်းအမျိုးမျိုးကြောင့် ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသော နှစ်နိုင်ငံပြည်သူပြည်သားများကို ၁၉၉၇ ခုနှစ် မတ် ၂၅ ရက်တွင် ချုပ်ဆိုခဲ့သော မြန်မာ-တရုတ်နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်ပါအတိုင်း အထက်ဌာနများသို့ တင်ပြပြီး အမြဲတမ်း အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ရန်၊ နယ်စပ်ဝင်ထွက်မှုနှင့် ပတ်သက်၍ ဖြေရှင်းရမည့် ကိစ္စရပ်များဖြစ် ပေါ်လာပါက နှစ်နိုင်ငံအပြန်အလှန် လက်တွဲကူညီဆောင်ရွက်သွားရန်၊ မိမိလုပ်ပိုင်ခွင့်အာဏာနှင့် ဆောင်ရွက်မရသည့် ကိစ္စရပ်များရှိပါက အထက်အကြီးအကဲများကို အချိန်နှင့်တစ်ပြေးညီ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်ရန် သို့မဟုတ် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်တို့ကို နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# မြန်နှုန်းမြင့်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရန် SMRA နည်းလမ်းအသုံးပြုမည့် 2600 MHz Spectrum

**နေပြည်တော် အောက်တိုဘာ ၁၈**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသည် ဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ရကုမ္ပဏီများအနေဖြင့် မြန်နှုန်းမြင့် Broadband Data ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် Simultaneous, Multiple Rounds Auction (SMRA)နည်းလမ်းအသုံးပြုသည့် 2600 MHz Spectrum လေလံကို အောက်တိုဘာ ၁၇ ရက်က နေပြည်တော်ရှိ The Hotel Royal ACE ၌ ကျင်းပသည်။

လေလံတွင်ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့၏ Business Plan အတိုင်းသာ ပါဝင်ယှဉ်ပြိုင်သွားနိုင်ရေးနှင့် ဈေးကစားမှုများကို ရှောင်ရှားနိုင်ရေးအတွက် အခြားနိုင်ငံအများအပြားတွင် အသုံးပြုလျက်ရှိသည့် Simultaneous Multiple Rounds Auction (SMRA) နည်းလမ်းကို အသုံးပြုခြင်းဖြစ်သည်။ 2600 MHz Band အတွင်းရှိလှိုင်းနှုန်းစဉ်များအနက် 20 MHz Lot နှစ်ခုကို နယ်မြေ(၁)နေပြည်တော်၊ မကွေး၊ ပဲခူး၊ မွန်၊ ကရင်၊ တနင်္သာရီ၊ နယ်မြေ(၂)ရန်ကုန်၊ ဧရာဝတီ၊ ရခိုင်နှင့် နယ်မြေ(၃) မန္တလေး၊ စစ်ကိုင်း၊ ချင်း၊ ရှမ်း၊ ကချင်၊ ကယား စသည့် နယ်မြေသုံးခုအတွက် လေလံစနစ်ဖြင့် ဆောင်ရွက်အသုံးပြုခွင့် ပေးသွားမည်ဖြစ်သည်။ နယ်မြေတစ်ခုလျှင် ကုမ္ပဏီနှစ်ခုမှ ဝန်ဆောင်မှုပေးသွားနိုင်မည်ဖြစ်ပြီး ကုမ္ပဏီတစ်ခုသည် အများဆုံးအနေဖြင့် လက်တော့နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

နယ်မြေတစ်ခုစီတွင် ကုမ္ပဏီနှစ်ခုမှ ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ဈေးကွက်ယှဉ်ပြိုင်မှု ပိုမိုကောင်းမွန်လာစေရန်နှင့် ပြည်သူများအနေဖြင့် သင့်တင့်မျှတသောဈေးနှုန်းဖြင့် မြန်နှုန်းမြင့် Broadband Data ဝန်ဆောင်မှုလုပ်ငန်းများကို ရွေးချယ်သုံးစွဲနိုင်မည့် အကျိုးကျေးဇူးရရှိစေမည်ဖြစ်သည်။

2600 MHz ဆိုင်ရာ Auction Framework ကို ၂၀၁၆ ခုနှစ်ဇူလိုင်လ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး လုပ်ငန်းစဉ်အဆင့်ဆင့်အလိုက် ဆက်လက်ဆောင်ရွက်ခဲ့ရာ သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် Qualified Bidder ကိုးဦးအနေဖြင့် ယင်းနေ့တွင်ကျင်းပသည့် လေလံပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပါဝင်ယှဉ်ပြိုင်သူတစ်ဦးသာကျန်ရှိသည့်အထိ လေလံကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ နယ်မြေတစ်ခုချင်းစီ အလိုက်ကြမ်းခင်းဈေးနှုန်းများအား နယ်မြေ(၁)အမေရိကန်ဒေါ်လာ သုံးသန်း၊ နယ်မြေ(၂) အတွက် အမေရိကန်ဒေါ်လာခုနစ်သန်း၊ နယ်မြေ(၃) အတွက် အမေရိကန်ဒေါ်လာ ငါးသန်းဖြင့် ပထမအဆင့် (First Round)တွင် စတင်သတ်မှတ်ခဲ့သည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးအနေဖြင့် 2600 MHz လှိုင်းနှုန်းစဉ်လေလံအား ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်အထောက်အပံ့ဖြင့် ကနေဒါနိုင်ငံအခြေစိုက်နိုင်ငံတကာအကြံပေးအဖွဲ့ဖြစ်သည့် Nordicity အကြံပေးအဖွဲ့နှင့်အတူ ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ထားသည့် International Legal Firm တစ်ခုဖြစ်သည့် DFDL ကလည်းအကြံဉာဏ်များ ရယူဆောင်ရွက်ခဲ့ကြောင်းနှင့် လေလံပြိုင်ပွဲအား အောက်တိုဘာ ၁၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး လေလံအောင်မြင်သူများကို 2600 MHz Auction Framework တွင် သတ်မှတ်ထားသည့်အတိုင်း အောက်တိုဘာ ၂၀ ရက် (ကြာသပတေးနေ့)တွင် ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံရေးမတည်ငြိမ်မှုမြင့်တက်လာခြင်းအား ဖေ့ဘွတ်ခ်ပေါ်တင်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အီသီယိုးပီးယားနိုင်ငံသားများ ထောင်ဒဏ်ငါးနှစ်ကျနိုင်



**အဒစ်အဘာဘာ အောက်တိုဘာ ၁၈**

တစ်နေ့တခြားတင်းကျပ်လာသော အရေးပေါ်အခြေအနေအရ နိုင်ငံရေးမတည်ငြိမ်မှု မြင့်တက်လာခြင်းအား ဖေ့ဘွတ်ခ်ပေါ်တင်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အီသီယိုးပီးယားနိုင်ငံသားများအနေဖြင့် ထောင်ဒဏ်ငါးနှစ်ကျခံရနိုင်သည့် အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သည်အင်ဒီပင်းန်ဒင့်န်သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သောတစ်နှစ် ဆူပူအုံကြွမှုများဖြစ်ကတည်းက အစိုးရအနေနှင့် မြို့တော်အဒစ်အဘာဘာတွင် မိုဘိုင်းအင်တာနက်သုံးစွဲမှုနှင့်ပတ်သက်ပြီး တင်းကျပ်သော ပိတ်ပင်မှုများကို ကာလကြာရှည်ပြုလုပ်ခဲ့သည်။ ထို့ပြင် သတင်းစကားပေးပို့နိုင်သော Whats App ဆော့ဖ်ဝဲကဲ့သို့သော လူမှုကွန်ရက်ဆော့ဖ်ဝဲများကိုလည်း တင်းကျပ်စွာပိတ်ပင်တားဆီးထားကြောင်း သိရသည်။ နိုင်ငံရေးလွတ်လပ်မှုများနှင့် အော်ရိုမိုနှင့် အမ်ဟာရစ်တိုင်းရင်းသားမျိုးနွယ်အုပ်စုများအား အသိအမှတ်ပြုပေး ရေးအတွက် နိုင်ငံအတွင်း ဆူပူအုံကြွမှုများဖြစ်ပေါ်နေချိန်တွင် ဆူပူအုံကြွမှုပြုလုပ်ရန် လူစုလူဝေးပြုလုပ်မည်ကို ပိတ်ပင်သည့်အနေဖြင့် ထိုသို့ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် Deutsche Welle နှင့် Voice of America ကဲ့သို့သော နိုင်ငံခြားအခြေစိုက် သတင်းဌာနများကိုလည်း တင်းကျပ်စွာတားမြစ်ပိတ်ပင်ထားကြောင်း သိရသည်။ ထို့ပြင် အမေရိကန်ရုပ်မြင်များဖြစ်သည့် ESTA နှင့် Oromia Media Network တို့ကိုလည်း ပိတ်ပင်ထားကြောင်း သိရသည်။

ထို့အပြင် အသစ်ထုတ်ပြန်လိုက်သော စည်းမျဉ်းများတွင် အချို့အမူအရာများကိုလည်း ခွင့်မပြုထားကြောင်း သိရသည်။ ယင်းသင်္ကေတများမှာ လက်နှစ်ဖက်ကိုယှက်လျက် ခေါင်းပေါ်တွင် X ပုံသဏ္ဌာန်အနေအထားလည်းပါဝင်ရာ ယင်းသင်္ကေတသည် အော်ရိုမိုလူပ်ရှားမှု၏သင်္ကေတလည်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်လူ့အခွင့်အရေးအဖွဲ့များက အရေးပေါ်ထုတ်ပြန်လိုက်သော စည်းမျဉ်းများအား စိုးရိမ်ကြောင်း၊ ထို့ပြင် ယင်းအရေးပေါ်ထုတ်ပြန်လိုက်သော စည်းမျဉ်းများမှာ နောက်ထပ်ခြောက်လအထိဆက်လက်ပြဋ္ဌာန်းထားမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံခြားသံတမန်များ၏ လှုပ်ရှားမှုများကိုလည်း တင်းကျပ်စွာပိတ်ပင်ထားကြောင်း ပြောသည်။

သံတမန်များအနေဖြင့် ၄င်းတို့၏လုံခြုံရေးအတွက် မြို့တော် အဒစ်အဘာဘာမှနေ၍ ခွင့်ပြုချက်မရဘဲ ၂၅ မိုင်အကွာအဝေးထက် ကျော်လွန်ကာသွားလာ၍မရကြောင်း အစိုးရကပြောကြားခဲ့သည်။

အီသီယိုးပီးယားနိုင်ငံသည် အမေရိကန်နှင့် အနောက်အုပ်စုများအတွက် ဆိုမာလီအိုင်အက်စ်အကြမ်းဖက်အုပ်စုများ၊ အယ်ရှာဘက်အုပ်စုများ စသည့်အကြမ်းဖက်သမားများကို နှိမ်နင်းရန်အတွက် မဟာဗျူဟာကျအဓိကမိတ်ဖက်နိုင်ငံတစ်ခုဖြစ်သည်။ ထို့ပြင် အက်ဒစ်အာဘာဘာသည် အာဖရိကပြည်ထောင်စု၏ အရေးပါသောနေရာလည်းဖြစ်သည်။

**(သည်အင်ဒီပင်းန်ဒင့်န်)**

# အိန္ဒိယအရှေ့ပိုင်း ဆေးရုံတစ်ရုံတွင် မီးလောင်ကျွမ်းမှုကြောင့် ၂၃ ဦးသေဆုံး

**နယူးဒေလီ အောက်တိုဘာ ၁၈**

အိန္ဒိယအရှေ့ပိုင်းရှိ ဘူဘာနီဆဝါဆေးရုံတွင် မီးလောင်မှုဖြစ်ပွားပြီး လူ ၂၃ ဦးထက်မနည်းသေဆုံးသွားကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြောကြားခဲ့သည်။

ဆေးရုံ၏သွေးသန့်စင်ဌာနတွင် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါဆေးရုံသည် အိုဒီရှာဒေသ ဘူဘာနီဆဝါမြို့ရှိ ပုဂ္ဂလိက ဝန်ဆောင်မှုဆေးရုံတစ်ရုံဖြစ်သည်။ ဒဏ်ရာရရှိသည့် လူနာများကို မြို့တွင်းရှိ အခြားဆေးရုံများ သို့ အရေးပေါ်ပို့ဆောင်ခဲ့ကြသည်။

အများစုမှာ မီးခိုးများမွန်းကျပ်ကာ သေဆုံးခဲ့ကြသည်။ လျှပ်စစ်ဆားကစ်ဒ်ရှော့ခ်ဖြစ်ရာမှ မီးစတင်လောင်ကျွမ်းခဲ့သည်ဟု သံသယရှိကြောင်း ဒေသတွင်း မီးသတ်အဖွဲ့အကြီးအကဲတစ်ဦးဖြစ်သည့် ဘီနွိုင်ဘီဟီရာက အိန္ဒိယသတင်းစာ Times of India ကို ကိုးကားပြောဆိုခဲ့သည်။

ကြောက်ရွံ့ထိတ်လန့်လျက်ရှိသည့် ဆေးရုံတွင်းမှ လူနာများနှင့်ဆေးရုံဝန်ထမ်းများသည် အဆောက်အအုံ၏ပြတင်းပေါက်များမှခုန်ချရန် ကြိုးစားခဲ့သော်လည်း ရဲများကတားဆီးခဲ့သည်ဟု သတင်း၌ဖော်ပြထားသည်။



ကြေကွဲဖွယ်ဖြစ်ရပ်ကြောင့် မိသားစုဝင်များ ဆုံးရှုံးရသကဲ့သို့ ဝမ်းနည်းပူဆွေး စိတ်ထိခိုက်ရကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီက ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

# ယီမင်၌ အပစ်အခတ်ရပ်စဲရေး ယာယီသဘောတူစာချုပ်စတင်ချုပ်ဆိုမည်

**ဆာနား အောက်တိုဘာ ၁၈**

ပဋိပက္ခဒဏ်ကို အကြီးအကျယ်ခံစားနေရသည့် ယီမင်နိုင်ငံတွင် ၇၂ နာရီကြာ အပစ်အခတ်ရပ်စဲရေး ယာယီသဘောတူညီမှုစာချုပ်ကို ကြာသပတေးနေ့တွင် စတင်ချုပ်ဆိုမည်ဖြစ်ကြောင်း ကုလသမဂ္ဂအထူးသံတမန် အစ်စမေးလ်အူလ်ချိတ်အာမက်က ကြေညာခဲ့သည်။



အပစ်အခတ်ရပ်စဲမှုဆောင်ရွက်ရန် ယီမင်ရှိအဖွဲ့အစည်းအားလုံးထံမှ အာမခံချက်ရရှိထားပြီဖြစ်ကြောင်း အာမက်က ပြောကြားခဲ့သည်။ ယီမင်သမ္မတ အဗ္ဗဒူလ်ရာ ဘူမန်ဆောဟာဒီ၏ အင်အားစုများနှင့် မြို့တော်ဆာနားကို ထိန်းချုပ်ထားသည့် ဟူသီသူပုန်တို့အကြား တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိသည်မှာ အချိန်ကြာမြင့်ခဲ့ပြီဖြစ်သည်။

ဆာနားရှိ ဈာပနာအခမ်းအနားတစ်ခုတွင် ဆော်ဒီလေကြောင်းတိုက်ခိုက်မှုကြောင့် လူ ၁၄၀ သေဆုံးခဲ့ရပြီး နိုင်ငံတကာက သတိပေးမှုများပြုလုပ်ခဲ့ရာမှ မစ္စတာ အာမက်၏ အဆိုပါ ကြေညာချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုတွင် ဟူသီသူပုန်ခေါင်းဆောင်အချို့ကို ထိမှန်ခဲ့ဟန်ရှိကြောင်း ဆော်ဒီ အာဏာပိုင်များက ပြောသည်။ သတင်းမှားယွင်းရရှိမှုကြောင့် နေရာမှားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟုလည်း အာဏာပိုင်များက ပြောကြားလျက်ရှိသည်။

**(ဘီဘီစီ)**

# မဟာမိတ်စစ်လေယာဉ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွ အဖွဲ့ဝင် ၂၀ သေဆုံး

**အလက်ပို အောက်တိုဘာ ၁၈**

ဆီးရီးယား၌ ပြီးခဲ့သည့် ၂၄ နာရီအတွင်းက အမေရိကန်ဦးဆောင်သည့် မဟာမိတ်စစ်လေယာဉ်များ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင် ၂၀ သေဆုံးခဲ့ကြောင်း တူရကီတပ်မတော်အာဏာပိုင်များက အင်္ဂါနေ့တွင်ပြောကြားခဲ့သည်။

ဂျီဟတ်စစ်သွေးကြွများကို နယ်စပ်မှ မောင်းထုတ်ရန် တူရကီကျောထောက်နောက်ခံပြုထားသည့် သူပုန်အဖွဲ့က စစ်ဆင်ရေးပြုလုပ်နေသည့် သုံးလနီးပါး အကြာတွင် အဆိုပါတိုက်ခိုက်မှု ဝင်ရောက်လာခဲ့ခြင်းဖြစ်သည်။

အီရတ်မြောက်ပိုင်းမြို့တော် မိုဆူးလ်တွင် အီရတ်အင်အားစုများသည် အိုင်အက်စ်အဖွဲ့ဝင်များအား တိုက်ထုတ်ရန် အမေရိကန်ကျောထောက်နောက်ခံပြုထားသည့် ကျူးကျော်တိုက်ခိုက်မှုကို ပြုလုပ်နေချိန် တူရကီကလည်း ဆီးရီးယားစစ်ဆင်ရေးကို ဆင်နွှဲလာခဲ့သည်။

ဆီးရီးယား၌ မဟာမိတ်တပ်ဖွဲ့ဝင်များ၏ အဆိုပါ လေကြောင်းတိုက်ခိုက်မှုသည် ကာကယ်လ်ဘန်၊ ဂုစ်၊ ဟာဆာဂျစ်နှင့် တီတာနတ်နယ်မြေများကို ပစ်မှတ်ထားခဲ့ပြီး အိုင်အက်စ်အဖွဲ့၏ ကာကွယ်ရေးနယ်မြေနှစ်ခုနှင့် ယာဉ်သုံးစီးကို ဖျက်ဆီးပစ်ခဲ့ကြောင်း သိရသည်။

တူရကီ၌ လေ့ကျင့်ထားသည့် အင်အားစုထောင်ပေါင်းများစွာတို့သည် မိုဆူးလ်မြို့ပြင်ပ၌လည်း အိုင်အက်စ်အဖွဲ့ကိုချေမှုန်းသည့် ကျူးကျော်တိုက်ခိုက်မှုများကို ဆင်နွှဲနေဆဲဖြစ်ကြောင်း အန်ကာရာမှ သတင်းရင်းမြစ်များက ဖော်ပြသည်။

**(ရိုက်တာ)**

# တိရစ္ဆာန် အစာစပ်စက်ရုံ ဖွင့်ပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး မြို့သာစက်မှုဇုန်၌ JAPFA Comfeed Myanmar လီမိတက်၏ တိရစ္ဆာန်အစာစပ်စက်ရုံ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E.Dr. Ito Sumardi တို့ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အရည်အသွေး ပြည့်မီသည့် တိရစ္ဆာန်အစားအစာ လိုအပ်ချက်အပေါ် ဖြည့်ဆည်းပေးနိုင်မည့် စက်ရုံများ ပေါ်ပေါက်လာခြင်းသည် အဆိုပါစက်ရုံများ အနီးဝန်းကျင်ရှိ ဒေသနေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းကိုပါ ရရှိစေသဖြင့် ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ JAPFA Comfeed Myanmar လီမိတက်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏အကြီးဆုံး စိုက်ပျိုးမွေးမြူရေးကုမ္ပဏီဖြစ်သည့်နည်းတူ မြန်မာနိုင်ငံ မွေးမြူရေးကဏ္ဍအတွက် အရည်အသွေး စံချိန်စံညွှန်းကောင်းမွန်ပြီး ထုတ်လုပ်မှုဆိုင်ရာ နည်းပညာပံ့ပိုးပေးရန်နှင့် မွေးမြူရေးသမားများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးမြင့်လာစေပြီး အကျိုးအမြတ် ပိုမိုဖြစ်ထွန်းလာစေရန်တို့အတွက် ဖြည့်ဆည်းကူညီပေးနိုင်ရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးနှင့် အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး H.E.Dr. Ito Sumardi တို့က ဂုဏ်ပြုစကားပြောကြားကြပြီး JAPFA Comfeed Myanmar လီမိတက်၏ Chairman, Mr. Goh Geok Khim က ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက JAPFA Comfeed Myanmar လီမိတက်၏ တိရစ္ဆာန်အစာစပ်စက်ရုံအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး တိရစ္ဆာန် အစာစပ်စက်ရုံအတွင်း အစာကုန်ကြမ်းများ ဝယ်ယူစုဆောင်းသိုလှောင်ထားရှိမှုများကို လည်းကောင်း၊ ခေတ်မီစက်ကြီးများဖြင့် အစာစပ် ကြိတ်ခွဲနေမှုများကို လည်းကောင်း၊ ကြိတ်ခွဲပြီးသောအစာများကို အရည်အသွေး စစ်ဆေး ထိန်းချုပ်နေမှုများကို လည်းကောင်း၊ ထွက်ရှိလာသော တိရစ္ဆာန်အစာများအား စနစ်တကျထုပ်ပိုးနေမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

JAPFA Comfeed Myanmar ကုမ္ပဏီအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင် တိရစ္ဆာန်အစာစပ်စက်ရုံဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ယခုစက်ရုံသည် မြန်မာနိုင်ငံတွင် ဒုတိယမြောက်ဖွင့်လှစ်သည့် တိရစ္ဆာန်အစာစပ်စက်ရုံဖြစ်ပြီး အခြား မွေးမြူရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် ကြက်သားပေါက်ထုတ်လုပ်ခြင်း၊ တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်ခြင်း၊ ရေထွက်ပစ္စည်း လုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

# အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ်နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ (၂၈)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

ရဝမ်ဒါနိုင်ငံ ကီဂါလီမြို့တွင် အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့သည့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် နောက်ဆက်တွဲစာချုပ် အဖွဲ့ဝင်နိုင်ငံများ၏ (၂၈)ကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင် မွန်ထရီယယ် နောက်ဆက်တွဲစာချုပ်မှ ထိန်းချုပ်ထားသော အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်း(Ozone Depletion Substance – ODS) များနှင့်စပ်လျဉ်း၍ ထုတ်လုပ်မှုနှင့်သုံးစွဲမှု လျှော့ချရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိမြန်မာနိုင်ငံတွင် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်အမိန့်ကို ထုတ်ပြန်ထားပြီးဖြစ်သည်နှင့်အညီ အဆိုပါဒြပ်ပစ္စည်းများ တင်သွင်းမှုအပေါ် ထိန်းချုပ်နိုင်ရန်အတွက် လိုင်စင်စနစ်နှင့် ခွဲတမ်းစနစ်များ ကျင့်သုံးနေပါကြောင်း။

မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်၌ ODS တစ်မျိုးဖြစ်သည့် ကလိုရိုဖလူရိုကာဗွန် (Chlorofluorocarbons – CFCs)ကို အပြီးသတ် ပိတ်ပင်တားဆီး နိုင်ခဲ့ပါကြောင်း၊ ကမ္ဘာကြီး ပူနွေးမှုဆိုင်ရာအညွှန်းကိန်း (Global Warming Potential- GWP) မြင့်မားသော ODS အမျိုးအစားတစ်ခုဖြစ်သည့် ဟိုက်ထရိုကလိုရိုဖလူရိုကာဗွန် (Hydroclorofluorocarbons – HCFCs) လျှော့ချရေး အစီအစဉ်အရ သုံးစွဲမှု၏ ၁၀ ရာခိုင်နှုန်းကို ပြီးခဲ့သည့်နှစ်တွင် လျှော့ချနိုင်ခဲ့ပါကြောင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ တရားမဝင် ဝင်ရောက်လာခြင်းကို တားဆီးကာကွယ်ရန်အတွက် ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (United Nations Environment Program – UNEP)၊ ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ စမ်းသပ်တိုင်းတာရန် ပစ္စည်းကိရိယာ ထောက်ပံ့ခြင်းများ စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကမ္ဘာကြီးပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ခြင်းများကို ကာကွယ်နိုင်ရန် နိုင်ငံတကာမှ နည်းပညာနှင့် ငွေကြေးဆိုင်ရာပံ့ပိုးမှုများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းဆောင်ရည်မြင့်မားစေရန် လုပ်ဆောင်ခြင်းများသည် အလွန်အရေးကြီးပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် HCFCs သုံးစွဲမှုလျှော့ချနိုင်ရေးကို ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၁၃ ရက် မွန်းလွဲပိုင်းတွင် နော်ဝေနိုင်ငံ ပတ်ဝန်းကျင်ဝန်ကြီး Mr. Vidal Helgeson ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်နေမှုများကို ဆက်လက်တိုးမြှင့် ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ခရီးသွားလုပ်ငန်း၊ သတ္တု၊ သစ်တောနှင့်ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၁၆ ရက် ညနေ ၆ နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းအစည်းအဝေး ကျင်းပ

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

**ရန်ကုန် အောက်တိုဘာ ၁၈**



အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပရန်နှင့် NCA စာချုပ်တွင် လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်မှတ်ရေးထိုးနိုင်ရန်အတွက် စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည် သုံးသပ်ခြင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အစိုးရကိုယ်စား ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက “ဒီနေ့ပြုလုပ်တဲ့ အစည်းအဝေးကတော့ စက်တင်ဘာ ၁၆၊ ၁၇ ရက်က ပြုလုပ်ခဲ့တဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေအတွက် လုပ်ငန်းလမ်းညွှန် (ToR) ကို ရေးဆွဲဖို့အတွက် အစိုးရ၊ တိုင်းရင်းသားလက်နက်ကိုင်နဲ့ နိုင်ငံရေးပါတီတွေဘက်က သုံးယောက်စီရွေးချယ်ပြီး ရေးဆွဲခဲ့ပါတယ်။ လုပ်ငန်းလမ်းညွှန် ToR ကို ကျွန်တော်တို့ ဆွေးနွေးပြီး ဆုံးဖြတ်ချက်ချနိုင်မှ မကြာခင်ပြုလုပ်မယ့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးမှာ အတည်ပြုနိုင်မှာပါ။ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေဟာ မကြာခင်စတင်တော့မယ့် လုပ်ငန်းတစ်ခုဖြစ်တဲ့အတွက် လုပ်ငန်းကော်မတီရဲ့ ToR ကိုအတည်ပြုပေးဖို့ မေတ္တာရပ်ခံပါတယ်”ဟု အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံရေးပါတီများကိုယ်စား ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။

ဦးသုဝေက “မနေ့က ကျွန်တော်တို့ရဲ့နိုင်ငံရေးဆွေးနွေးမှုအဖွဲ့မှာ အတွင်းရေးမှူးက အဆိုပြုတဲ့မူဘောင်တွေကို ပြည့်ပြည့်စုံစုံ စေ့စေ့စပ်စပ် အပြန်အလှန်ဆွေးနွေးညှိနှိုင်းကြတယ်။ ဘက်ပေါင်းစုံ ရှုထောင့်ပေါင်းစုံက ဆွေးနွေးခဲ့ကြတယ်။ အမျိုးသားအဆင့် ဆွေးနွေးပွဲကြီးကို ဘယ်လိုလုပ်မှာလဲ။ ဘယ်သူတွေက ဦးဆောင်လုပ်မှာလဲ။ ဘာတွေ ဆွေးနွေးမှာလဲ။ ဆွေးနွေးတဲ့ အကြောင်းအရာတွေအား လုပ်ငန်းအဖွဲ့ကို ဘယ်လိုတင်မလဲ။ လုပ်ငန်းအဖွဲ့က ဘယ်လို စိစစ်မှာလဲ။ UPDJC ကို ဘယ်လိုတင်မလဲ။ UPDJC က သင့်လျော်ကောင်းမွန်တာတွေကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးကို ဘယ်လိုတင်မလဲ။ ဆုံးဖြတ်ချက်တွေကို လွှတ်တော်တင်မယ်။ လွှတ်တော်က ဥပဒေပြုမယ်။ အဲဒီဥပဒေအတိုင်း အစိုးရအဖွဲ့က ဆက်လက်အကောင်အထည်ဖော်ရမယ်။ အဲဒီလိုပုံစံတွေ သွားရမှာဖြစ်တဲ့အတွက် အရေးကြီးတဲ့ မူဘောင်ဆွေးနွေးပွဲ ဖြစ်တာကြောင့် ကျွန်တော်တို့ စေ့စေ့စပ်စပ် ဆွေးနွေးကြပါမယ်”ဟု နှုတ်ဆက်စကားတွင် ပြောသည်။

ယနေ့ပြုလုပ်သည့် မူဘောင်ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အစည်းအဝေးတွင် ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) တက်ရောက်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်းကို ဦးစားပေးဆွေးနွေးရန် တောင်းဆိုခဲ့၍ အဆိုပါကိစ္စရပ်များကိုသာ ဦးစားပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

နိုင်ငံရေးပါတီများအစုအဖွဲ့၏ UPDJC အတွင်းရေးမှူး စိုင်းကျော်ညွန့်က “ဒီနေ့က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးဖို့ပါ။ ပြီးခဲ့တဲ့ စက်တင်ဘာလအစည်းအဝေးမှာ ကိုးယောက်ပါတဲ့ အလုပ်အဖွဲ့တစ်ခု ဖွဲ့လိုက်တယ်။ အဲဒီအလုပ်အဖွဲ့က ရေးဆွဲထားတဲ့ လုပ်ငန်းလမ်းညွှန် ToR ကို ဒီနေ့ဆွေးနွေးဖို့နဲ့ ဆုံးဖြတ်ချက်ချဖို့ပါ။ ဒါပေမယ့် DPN ဘက်က အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ ဆွေးနွေးမယ့်အစား မူဘောင်ကို အရင်သုံးသပ်တာမကောင်းဘူးလားဆိုတဲ့ ပုံစံမျိုး တင်ပြလာတယ်။ ဒါကြောင့်မို့လို့ အလုပ်အဖွဲ့က ရေးဆွဲထားတဲ့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအတွက် လုပ်ငန်းလမ်းညွှန် ToR ကို ဒီအစည်းဝေးမှာ ပါဝင်တဲ့အဖွဲ့အသီးသီးက မနက်ဖြန်မှ ဆက်လက်ဆွေးနွေးမယ် ”ဟု ပြောသည်။

ထို့ကြောင့် စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးတွင် နိုင်ငံရေးဆွေးနွေးမှု မူဘောင်တစ်ခုလုံး သုံးသပ်မှုများ ပြုလုပ်မည့်အပြင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရန်အတွက် အတည်ပြုဆွေးနွေးကြမည် ဖြစ်သည်။

အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ စတင်ပြုလုပ်ပါက NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်ခွင့် ရှိ/မရှိကို ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲမှာ NCA လက်မှတ်မထိုးထားတဲ့ အဖွဲ့တွေပါမယ်။ မပါဘူးဆိုတာက အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ စတင်နိုင်ဖို့က ကျွန်တော်တို့ ToR တွေ အတည်ပြုရမယ်။ သက်ဆိုင်ရာ အစုအဖွဲ့တွေဖွဲ့ရမယ်ဆိုတော့ အချိန်ပေးရမယ်။ NCA မထိုးဘဲ နိုင်ငံရေးဆွေးနွေးဖို့ဆိုတာ သဘောတူညီချက်မရှိဘဲ ဆောင်ရွက် လို့မရတဲ့သဘောဖြစ်တာပေါ့။ ဒီကြားထဲမှာ သူတို့ညှိနှိုင်းလို့ ပြီးသွားမယ်ဆိုရင်တော့ လက်မှတ်ရေးထိုးပြီး ပါလာနိုင်တဲ့ အနေအထားရှိပါတယ်”ဟု ဆိုသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN)သည် အောက်တိုဘာ ၁၅ ရက်က နေပြည်တော် သင်္ဂဟဟိုတယ်၌ ငြိမ်းချမ်းရေး အကြံပေးကော်မရှင်နှင့် ဆွေးနွေးခဲ့သည်။

သမ္မတရုံး၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက “ NCA နှစ်ပတ်လည်နေ့မှာ UNFC နဲ့ ငြိမ်းချမ်းရေး အကြံပေးကော်မရှင်နဲ့ ဆွေးနွေးတယ်။ အဲ့ဒီမှာ UNFC က တောင်းထားတဲ့ အချက်ရှစ်ချက်နဲ့ပတ်သက်ပြီး လေးချက်သဘောတူတယ်။ ကျန်တဲ့လေးချက်ကို မူအားဖြင့် သဘောတူတယ်။ အသေးစိတ်တော့ ပြန်လည်ဆွေးနွေးရမယ်ဆိုတာ နှစ်ဖက်လုံးက လက်ခံတယ်။ ဒါကြောင့် DPN အနေနဲ့ အခု Framework Review မှာ ပြန်ပါလာတာပါ”ဟု ပြောသည်။

တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) သည် စက်တင်ဘာ ၁၆ ရက်က ရန်ကုန်တွင် ပြုလုပ်သည့် မူဘောင်ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခြင်းမရှိခဲ့ပေ။

ယနေ့အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် ၁၆ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်များအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၈ ဦး၊ နိုင်ငံရေးပါတီများအစုအဖွဲ့မှ ကိုယ်စားလှယ် ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ စတုတ္ထအကြိမ် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်း ဒုတိယနေ့ အစည်းအဝေးကို အောက်တိုဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန် NRPC ၌ ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

# ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

**ကျိုင်းတုံ အောက်တိုဘာ ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်း (ကျိုင်းတုံ)တွင် ရပ်ရွာအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းကို အောက်တိုဘာ ၁၇ ရက်ကကျိုင်းတုံ-လွိုင်မွေလမ်းရှိ မိုင်းလန်းအုပ်စု ဝမ်မိုင်ကျေးရွာတွင် ဖွင့်လှစ်ထားသည့် ပြန်လည်ထူထောင်ရေးစခန်း၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အာခါတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးအာဇေလုက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် ကျိုင်းတုံခရိုင်နှင့် ကျိုင်းတုံမြို့နယ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၏ ဦးဆောင်မှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ကို တာဝန်ယူနေသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် သင်တန်းဖြစ်ကြောင်းနှင့် သင်တန်းတွင် သင်တန်းသား ၃၂ ဦး၊ သင်တန်းသူ ၁ ဦး စုစုပေါင်း ၃၃ ဦး တက် ရောက်ခဲ့သည်။ သင်တန်းကာလကို ငါးပတ် သတ်မှတ်ပြီး ဆေးဖြတ်ကာလနှစ်ပတ်၊ ပြန်လည်ထူထောင်ရေးကာလသုံးပတ် စုစုပေါင်း ငါးပတ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောသည်။

**(ခရိုင် ပြန်/ဆက်)**



# ကြာပန်းလှမ်းခူးရာမှ လှေလူး၍တိမ်းမှောက်သဖြင့် သုံးဦးသေဆုံး



**အုတ်တွင်း အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကွယ်ဂံကျေးရွာနေ ကိုစိုးလင်း၊ ဇနီး မဝင်းသီတာ၊ သားငယ် မောင်တုတ်ကြီးတို့သည် အောက်တိုဘာ ၁၇ ရက်က ခပေါင်းဆည်အတွင်း ရေလယ်ကျွန်းနေ ဦးလေးဖြစ်သူထံ သွားရောက်ကန်တော့ရန် ပေါက်တောကျေးရွာအုပ်စု လက်ပံခုံကျေးရွာထိပ်မှနေ၍ ရေသိုးဆည်မှတစ်ဆင့် တံငါလှေဖြင့် ထွက်ခွာခဲ့ရာ မဇာခြည် လက်ပံခုံကျေးရွာနေသူက လှေလှော်ပြီး လိုက်ပို့ပေးခဲ့သည်။ ရေပြင်အတိုင်း လှေဖြင့်သွားနေစဉ် လှေပေါ်တွင်လိုက်ပါလာသော မောင်တုတ်ကြီးက ကြာပန်းအားလှမ်းခူးရာမှ လှေလူး၍တိမ်းမှောက်သွားခဲ့ပြီး လှေလှော်သူ မဇာခြည်မှာရေကူးကာ ကမ်းစပ်သို့ရောက်ရှိခဲ့သော်လည်း ကျန်မိသားစုသုံးဦးမှာ ရေနစ်ပျောက်ဆုံးသွားခဲ့သည်။ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ရေနစ်သေဆုံးသူများအား ဆယ်ယူရရှိခဲ့ကြောင်းသိရ၍ အုတ်တွင်းမြို့မရဲစခန်းကအမှု ဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ခရီးသည်တင်ယာဉ်ဘရိတ်ပေါက်၍ ရှေ့ယာဉ်နှစ်စီးကိုတိုက်

**နောင်ချို အောက်တိုဘာ ၁၈**

နောင်ချိုမြို့နယ် မန္တလေး-လားရှိုးကားလမ်း ဂုတ်တွင်း ကားလမ်းပိုင်းမိုင်တိုင်အမှတ်(၈၃/၀-၁)ကြားတွင် အောက်တိုဘာ ၁၆ ရက်က ကျောက်ပန်းတောင်းမြို့မှ မူဆယ်မြို့ဘက်သို့ ယာဉ်မောင်းကျော်နိုင်(၅၂ နှစ်) မောင်းနှင်လာသော ကြယ်တံခွန်ခရီးသည်တင် မှန်လုံယာဉ်အမှတ် 6C/------ယာဉ်သည် အရှိန်ဖြင့် မောင်းနှင်လာရာ ဘရိတ်ပေါက်ကာ ရှေ့မှ ယာဉ်မောင်း ဦးအေးမင်း (၂၈ နှစ်) မောင်းနှင်နေသော 5I/--------နီဆန်း ၁၂ ဘီးယာဉ်၏ ဝဲဘက်နောက်ကြည့် မှန်ကို ဝင်တိုက်ပြီး ယင်းယာဉ်ရှေ့မှ ယာဉ်မောင်း လင်းလင်းထွန်း (၃၆ နှစ်) မောင်းနှင်နေသော နီဆန်း 1D/------ ၁၂ ဘီးယာဉ်အား ဆက်လက်တိုက်မိသဖြင့် ကြယ်တံခွန် ယာဉ်ရှေ့ ခေါင်းခန်းကြေမွပြီး ယာဉ် မောင်း ကျော်နိုင်မှာ ပိတ်မိကာ ဒဏ်ရာများရရှိခဲ့သည်။

ယာဉ်မောင်း ကျော်နိုင်အား စေတနာမွန် လူမှုကူညီရေးအသင်းဝင်များ၊ မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးခင်ညိုနှင့် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ဒဏ်ရာရရှိသူများဖြစ်သည့် ကြယ်တံခွန်ခရီးသည်တင်မှန်လုံယာဉ်ပေါ်မှ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကြက်ဖြူကန်ကျေးရွာနေ ထိုင်သူများဖြစ်ကြသော ဒေါ်သီတာဝင်း၊ မခိုင်မြင့်မြင့်ဦး၊ ယာဉ်မောင်း ကျော်နိုင်တို့သုံးဦးတို့ကို စေတနာမွန် လူမှုကူညီရေးအသင်းယာဉ်ဖြင့် နောင်ချိုဆေးရုံသို့ တင်ပို့ထားသည်ဟုသိရသည်။

ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ကျော်နိုင်ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

မှုခင်းသတင်းတိုထွာ

# ပထွေးအား မယားပါသားက ကျောက်ပြင်နှင့် ထုသတ်

အရက်မူးပြီး အိပ်ရာထဲရောက်နေသည့် ပထွေးဖြစ်သူနှင့် မယားပါသား ဖြစ်သူတို့ စကားများရာမှ ကျောက်ပြင်ဖြင့်ထုသတ်မှု တောင်ငူမြို့နယ် နယ်မြေ(၁) ရပ်ကွက်(၂၃)တွင် အောက်တိုဘာ ၁၇ ရက်က ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်ချိန်၌ ကျော်ဇေယျသည် အရက်မူး၍ အိပ်ရာထဲ၌ရှိနေပြီး မယားပါသားဖြစ်သော ကျော်ကျော်(ခ)ငကျော်က အပြင်မှပြန်လာကာ ထမင်းစားရင်း စကားပြောနေသည်ကို ကျော်ဇေယျက ဆူသည်ဟုလှမ်းပြောခဲ့ကြောင်း၊ ဆက်လက်၍ စကားများခဲ့ပြီး ကျော်ကျော်(ခ)ငကျော်က နေအိမ်ပေါ်တွင်ရှိသည့် သနပ်ခါးကျောက်ပြင်ဖြင့် ထုခဲ့ရာ ဒဏ်ရာရရှိကာ သေဆုံးသွား၍ တောင်ငူအမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ရေခဲသေတ္တာအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

မြိတ်မြို့ ကန်ဖျားနယ်မြေ ဘုရားကိုးဆူရပ် ထုံးဖိုလမ်းသွယ်(၃)၌ ဦးမျိုးကျော်ဦး၏ နေအိမ်တွင် အောက်တိုဘာ ၁၇ ရက် ည ၆ နာရီခွဲက ရေခဲသေတ္တာအပူလွန်ကဲရာမှ မီးလောင်မှု ဖြစ်ပွားခဲ့ရာ ရပ်ကွက်အတွင်းရှိ ရပ်ကွက်သူ ရပ်ကွက်သားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုအား မြို့နယ်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ရေသယ်ယာဉ်တစ်စီး၊ အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်တစ်စီးနှင့် ရေသယ်ယာဉ်တစ်စီးဖြင့် မြိတ်ခရိုင်မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းနှင့် သန္တေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ခဲ့ကြရာ ည ၆ နာရီ ၃၅ မိနစ်တွင် ရပ်ကွက်သူ ရပ်ကွက်သားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် နေအိမ်အတွင်းရှိ ရေခဲသေတ္တာတစ်လုံး၊ ပန်ကာတစ်လုံး၊ တံခါးရွက်တစ်ခု၊ မီးပလပ်ခုံနှင့် ဝိုင်ယာကြိုးအနည်းငယ် မီးလောင်ဆုံးရှုံးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှုတွင် တာဝန်ရှိသူ ဦးမျိုးကျော်ဦး၏ ဇနီး ဒေါ်ဇာခြည်မိုးအား မြိတ်မြို့မရဲတပ်ဖွဲ့စခန်းမှ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခိုင်ထူး( ပြန်/ဆက်)**

# တရားမဝင် နွားများသယ်ဆောင်လာသူ ဖမ်းဆီးရမိ

ရှမ်းပြည်နယ် ကျောက်မဲခရိုင် သီပေါမြို့အဝင် တိုးဂိတ်၌ ကျောက်မဲဘက်မှ သီပေါဘက်သို့ မောင်းနှင်လာသည့်ယာဉ်မှ တရားမဝင်တင်ဆောင်လာသည့် နွားနှစ်ကောင်ကို အောက်တိုဘာ ၁၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါနွားများအား တရားမဝင်သယ်ဆောင်သူများမှာ ကျောက်ဆည်မြို့နယ် လက်ပံကျေးရွာနေသူများဖြစ်ကြပြီး ဇင်မင်းထွန်း(အူမန်) တစ်ဦးတည်းကိုသာ ဖမ်းဆီးရမိခဲ့ကာ ရှက်လီ၊ ဦးချစ်မောင်(ခ) မောင်မောင်၊ ဦးခင်မောင်တို့သုံးဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရသည်။ ၎င်းတို့အား သီပေါမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

မိုင်းယုနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၁၅ ရက်က မိုင်းယုနယ်မြေရဲစခန်းမှ ကွင်းဆက်ပြစ်မှုကျူးလွန်သူ လုဝင်းသည် ကော်ဆစ်မိန်းကျေးရွာနေ ဦးအားဘူ၏နေအိမ်တွင် ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာ လုဝင်းနှင့်အတူ မောထူးအား တွေ့ရှိပြီး စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၄၂ ပြား သိမ်းဆည်းရမိသဖြင့် မောထူးနှင့် လုဝင်းတို့နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မော်လမြိုင်မြို့ လှိုင်အဝေးပြေးကားဝင်းအတွင်း မလေးရှားသို့ တရားမဝင်သွားရောက်မည့်သူများအား ဖမ်းမိ

**မော်လမြိုင် အောက်တိုဘာ ၁၈**

အောက်တိုဘာ ၁၇ ရက်က မော်လမြိုင်မြို့ လှိုင်အဝေးပြေးကားဝင်းအတွင်း လုံခြုံရေးတာဝန်ထမ်း ဆောင်နေသော ဒုတိယရဲအုပ်မြင့်စိုး၏သတင်းပေးမှုအရ လူစိမ်းများကိုတွေ့ရှိသဖြင့် ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းမှစခန်းမှူး ရဲအုပ် အောင်ကျော်ထွေးနှင့် တပ်ဖွဲ့ဝင်များသွားရောက်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

အဆိုပါ ဖမ်းမိသူများမှာ ဟာဘီဆိုဒန်(၁၅နှစ်) ကျောက်တော်မြို့နယ်၊ တော်ဇွန်းအာ လောစ်(၁၄နှစ်) ရှမ်းတောင် ကျေးရွာ မြောက်ဦးမြို့ နော်ဂျူး မောင်စမ်း(၁၅နှစ်)ဝါဂွမ်းကျေးရွာ ကံရှည်အုပ်စုကျောက်တော်မြို့၊ ဆာ့ဒိန်း(၁၇နှစ်) ဝါဂွမ်း ကျေးရွာ ကံရှည်အုပ်စု ကျောက်တော်မြို့၊ မာမွတ်ဖောရစ်(၂၂ နှစ်) မြောက်ပိုင်းရပ် ယဉ်းသည်ကျေးရွာ မြောက်ဦးမြို့ ဘူညာ(၁၇နှစ်) ဝါဂွမ်းကျေးရွာ ကံရှည်အုပ်စု ကျောက်တော်မြို့၊ အစ်စမိုင်(ခ)အေးလှိုင်(၂၄နှစ်) ယဉ်းသည် ကျေးရွာ မြောက်ဦးမြို့၊ ခန်းမောင်ချေ(ခ) မိုဟာမက်ဆွေဟော့ဒူရာမန်(၁၈နှစ်) ယဉ်းသည်ကျေးရွာမြောက်ဦး၊ နောစစ် ဟာမွတ်(ခ) မောင်မောင်(၁၆နှစ်) ဝါဂွမ်းကျေးရွာ ကျောက်တော်အုပ်စု ကျောက်တော်မြို့၊ အာဒီနူးယူး (၁၈ နှစ်) ဝါဂွမ်းကျေးရွာ ကျောက်တော် အုပ်စု ကျောက်တော်မြို့ နှင့် ဟာမင် ဟူစိန်(ခ) ကိုကိုနိုင် ဘူးတစ်လုံးကျေးရွာ မြောက်ဗွေအုပ်စု မြောက်ဦးမြို့နေသူများဖြစ်ကြသည်။ ၎င်းတို့သည် မော်လမြိုင်မြို့မှတစ်ဆင့် မလေးရှားနိုင်ငံသို့ သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ ၎င်းတို့ ၁၂ ဦး ကို ဒိုင်းဝန်ကွင်းနယ်မြေရဲခစန်းတွင် ဆက်လက်စစ်ဆေးနေမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(မော်လမြိုင်)**



ရတနာသစ်တော ပြည့်သွေးကြော၊ သစ်တောရတနာ ထိန်းသိမ်းပါ။

## မီးပူဇော်ရာမှ အဆောက်အအုံတစ်လုံး မီးလောင်

**မြင်းမူ အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အပိုင် တောချောင်းဦးတိုက်နယ် ကန်ဆွယ်ကျေးရွာ၌ သီတင်းကျွတ်လ မီးပူဇော်ရာမှ အောက်တိုဘာ ၁၇ ရက် ည ၇ နာရီက အဆောက်အအုံတစ်လုံးမီးလောင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ စခန်းက ည ၇ နာရီခွဲမှာ ဖုန်းသတင်းရပါတယ်။ ချက်ချင်းပဲ မီးသတ်ယာဉ်နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့ သွားရောက်ငြိမ်းသတ်ခဲ့ပါတယ်။ ဘေးအိမ်တွေ ကူးစက်မှုမရှိပါဘူး။ မီးသုံးစွဲတာကိုတော့ အထူးဂရုပြုစေချင်ပါတယ်"ဟု မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတာဝန်ခံ ဦးဝေမင်းထွန်းက ပြောသည်။

ယင်းမီးလောင်မှုသည် မြင်းမူမြို့နယ် ကန်ဆွယ်ကျေးရွာမှ အိမ်ရှင်ဦးမင်းအောင်ပိုင်ဆိုင်သော သွပ်မိုး၊ ထရံကာ၊ နှစ်ထပ်နွားစာတိုက်ဖြစ်ပြီး ဖယောင်းတိုင်မီးပူဇော်ရာမှ မီးလောင်ခြင်းဖြစ်ကြောင်း သိရသည်။ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရပြီး မီးလောင်မှုနှင့်ပတ်သက်၍ မြင်းမူမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ဗီဇာဖောက်ဖျက်သူ နိုင်ငံခြားသားများအား ပြည်နှင်ဒဏ်ပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသော နိုင်ငံခြားသားများအနေဖြင့် ပြည်ဝင်ခွင့်ဗီဇာစည်းကမ်းများနှင့် မသက်ဆိုင်သော အကြောင်းအရာများ ပြုလုပ်ခြင်း၊ ချမှတ်ထားသော တရားဥပဒေများကို လိုက်နာမှုမရှိခြင်း၊ နိုင်ငံ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိခိုက်စေခြင်းတို့ကြောင့် ပြည်နှင်ဒဏ်ပေးလျက်ရှိကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပြည်ဝင်ခွင့်ဗီဇာနဲ့မသက်ဆိုင်ဘဲ တခြားတစ်မျိုးလုပ်နေတာတွေ၊ နိုင်ငံတော်ရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွေကို ထိခိုက်တာမျိုးတွေ၊ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို ချိုးဖောက်တာတွေလုပ်ခဲ့ရင် ဘယ်နိုင်ငံခြားသားကိုမဆို အရေးယူဆောင်ရွက်သွားမှာပါ"ဟု လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးဝင်းမြင့်က ပြောကြားသည်။

ယင်းကဲ့သို့ ပြည်နှင်ဒဏ်ပေးရာတွင် ယခင်နှစ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ခြောက်ဦး၊ အိန္ဒိယနိုင်ငံသား နှစ်ဦး၊ ကိုရီးယားနိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား ၂၈ ဦး စုစုပေါင်း ၃၈ ဦးရှိခဲ့ကြောင်း၊ ယခုနှစ် အောက်တိုဘာလလယ်အထိ ရုရှားနိုင်ငံသား တစ်ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားနှစ်ဦး၊ တရုတ်နိုင်ငံသား ၁၃ ဦး စုစုပေါင်း ၁၆ ဦးကို ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ တရားမဝင်ဖွင့်လှစ်ရောင်းချမှုများ ပြုနေသည့် နိုင်ငံခြားသားပိုင်ဆိုင်များကို ပြည်သူများက တိုက်ရိုက်သော်လည်းကောင်း၊ facebook စာမျက်နှာပေါ်တွင်လည်းကောင်း သတင်းပေးတိုင်ကြားမှုများရှိပါက စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## အင်တာနက်မှသိသူနှင့် ခိုးရာလိုက်ပြေး ပေါင်းသင်းပြီးမှ အိမ်ထောင်ရှိကြောင်းသိရ၍ အမှုဖွင့်တိုင်တန်းမှုဖြစ်

**တိုက်ကြီး အောက်တိုဘာ ၁၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့၌ အင်တာနက်(Viber) အသုံးပြုရာမှ အမျိုးသားတစ်ဦးနှင့် ချစ်ကြိုက်ကြပြီး ကိုယ်ဝန်ရှစ်လရှိမှ အိမ်ထောင်ရှိကြောင်း သိရသဖြင့် အောက်တိုဘာလ ဒုတိယပတ်က တိုက်ကြီးမြို့မရဲစခန်းသို့ တစ်လင်တစ်မယားဥပဒေဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မ--------သည်လွန်ခဲ့သော ရှစ်လခန့်က အင်တာနက်(Viber) အသုံးပြုရာမှ အမျိုးသားတစ်ဦးနှင့် သိကျွမ်းရင်းနှီးခဲ့ပြီး မ--------မှာ မှတ်ပုံတင် ပြုလုပ်လိုကြောင်းနှင့် အလုပ်လုပ်ချင်ကြောင်းပြောပြရာ အဆိုပါအမျိုးသားက မှတ်ပုံတင်လုပ်ပေးမည်၊ အလုပ်လည်း ရှာပေးမည်ပြောဆိုပြီး ချိန်းဆိုတွေ့ခဲ့ရာမှ ၎င်းအမည် စိုးမင်းထွန်းဖြစ်ပြီး လူပျိုဖြစ်ကြောင်း ပြောပြသဖြင့် လူငယ်သဘာဝ ချစ်ကြိုက်ခဲ့ကြကြောင်း၊ ထို့နောက် တိုက်ကြီးမြို့တည်းခိုခန်းတစ်ခုတွင် နှစ်လခန့်၊ ရှမ်းစုရပ်ကွက်နေအိမ်တစ်အိမ်၌ နှစ်လခန့် ပေါင်းသင်းနေထိုင်နေခဲ့ကြောင်း၊ ထိုသို့ပေါင်းသင်း နေထိုင်ကြစဉ် ကိုယ်ဝန်ရှစ်လရရှိခဲ့ကြောင်း၊ တရားလို မ--------၏ အစ်ကို ဝမ်းကွဲတော်စပ်သူရောက်ရှိလာပြီး ပြောပြရာမှ စိုးမင်းထွန်းမှာ တရားဝင်လက်ထပ်ထားသော အိမ်ထောင်ရှိသည်ကို သိခဲ့ရကြောင်း မ--------၏ ပြောကြားချက်အရ သိရသည်။

တရားလို မ------အား လင်မယားအဖြစ် ခိုးယူပေါင်းသင်းသူ စိုးမင်းထွန်း (၄၀ နှစ်)ကို တိုက်ကြီးမြို့မရဲစခန်းက တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေပုဒ်မအရ အရေးယူထားကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**



ညီညီဇော်(ခ)ငပုံ၊ ဇော်နောင်နှင့် မဖြူဖြူစိုးတို့ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်

## နေအိမ်ထဲ ငွေဝင်ခိုးတဲ့သူအား ဖမ်းဆီး အရေးယူ

**ကသာ အောက်တိုဘာ ၁၈**

ကသာမြို့ ရပ်ကွက်(၅)ရှိ နေအိမ်တစ်အိမ်အတွင်းမှ ငွေကျပ် ၁၂ သိန်းကျော် ခိုးယူသွားသူကို အောက်တိုဘာ ၁၆ ရက် နံနက်တွင် ရဲတပ်ဖွဲ့က ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကသာမြို့ရပ်ကွက်(၅) ၁ လမ်းတွင်နေထိုင်သူ ဒေါ်မြင့်မြင့်အေး စက်မှုလယ်ယာ (အကြီးတန်းစာရေး)သည် အောက်တိုဘာ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် ရုံးသို့သွားစဉ် ပြူးတင်ပေါက်ဖွင့်ထားခဲ့ကြောင်း၊ ရုံးမှပြန်လာသောအခါ တံခါးပွင့်နေပြီး သေတ္တာအတွင်းမှ စုစုပေါင်းငွေကျပ် ၁၂၀၀၀၀၀ ပျောက်ဆုံးနေကြောင်း တွေ့ရသဖြင့် ကသာမြို့မရဲစခန်းသို့ တိုင်ကြားခဲ့ကြောင်း သိရသည်။ ယင်းအမှုကို ကသာမြို့မရဲစခန်းမှ ရဲအုပ်မျိုးမင်းလတ်၊ ဒုရဲအုပ် ဝင်းထက်၊ ဒုတပ်ကြပ်မိုးဝင်းထွန်းတို့က မသင်္ကာသူရဲရင့်ဝင်းထွဋ် (ခ)ရဲကျော်အား ကသာမြို့အထွက်တွင်စစ်ဆေးခဲ့ရာ ငွေခိုးယူမှုပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၈**

မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၇ ရက်က ကလောမြို့အထွက် ဝက်ဖြူရေကျေးရွာအနီး ကလော-သာစည်သွား ကားလမ်းမပေါ်၌ ညီညီဇော် မောင်းနှင်ပြီး ဇော်နောင်နှင့် မဖြူဖြူစိုးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀၀ ကိုလည်းကောင်း၊ အလားတူယင်းနေ့က မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့အထွက် (၄)မိုင် ပူးပေါင်းစစ်ဆေးရေးစခန်း၌ ဇော်ဦးမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိပြီး စစ်ဆေးချက်အရ တောင်ကြီးမြို့ကျောင်းကြီးစုရပ်ကွက် နယ်မြေ(၉) စိန်ပန်းလမ်းနေ သန်းထွေး၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၈၀၊ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၅၁၈၀ ကိုလည်းကောင်း၊ ထို့အတူ မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မဘိမ်းမြို့နယ် ရမ်းဘိုကျေးရွာအုပ်စု၊ ခေါ်တောကျေးရွာနေ သိန်းထွန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၆၀ နှင့် ဘိန်းဖြူ ၂၄ ဂရမ်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါး နှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## ဆိုင်ကယ်ချင်းတိုက်မိသည့်ကိစ္စနှင့်ပတ်သက်၍ ဝိုင်းဝန်းရိုက်ခဲ့သည့် လူခုနစ်ဦးအဖွဲ့အား အမှုဖွင့်

**ငဖဲ အောက်တိုဘာ ၁၈**

ငဖဲမြို့နယ် ပုသိမ်-မုံရွာကားလမ်း၌ အောက်တိုဘာ ၁၆ ရက် ညက ဆိုင်ကယ်ချင်းတိုက်မိမှုနှင့်ပတ်သက်၍ လူခုနစ်ဦးအဖွဲ့က ဝိုင်းဝန်းရိုက်နှက်ခဲ့ခြင်းအပေါ် အရိုက်ခံရသူက အောက်တိုဘာ ၁၇ ရက်က တိုင်ကြားအမှုဖွင့်ခဲ့ကြောင်း ငဖဲမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ သန်းထိုက်အောင်(ခ) ဖိုးဆို့ (၃၅ နှစ်)လက်ပံတံခါးကျေးရွာ မင်းလှမြို့နယ်နေသူသည် အောက်တိုဘာ ၁၆ ရက် ည ၁၀ နာရီ ၁၀ မိနစ်က တစ်ရွာတည်းနေ သူငယ်ချင်း အောင်မင်းသူ၊ ဇော်ဌေး၊ ထွန်းထွန်းဝင်းတို့နှင့်အတူ ဆိုင်ကယ်နှစ်စီးဖြင့် လက်ပံတံခါးရွာမှ ပဒါန်းကျေးရွာသို့ သွားရောက်လည်ပတ်စဉ် ပဒါန်းကျေးရွာမှ လူငယ်နှစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်နှင့် ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၂၅၆/၅)အနီးအရောက် ဆိုင်ကယ်ချင်း ရှောင်ရာမှ ပွတ်တိုက်မိ၍ သန်းထိုက်အောင်(ခ)ဖိုးဆို့တို့အဖွဲ့က တောင်းပန်ပြောဆိုရာ လူနှစ်ဦးက မကျေနပ်ကြောင်း ပြောဆိုထွက်သွားပြီးနောက် လူခုနစ်ဦးအဖွဲ့က တုတ်များ ကိုင်ဆောင်ရောက်ရှိလာကာ သန်းထိုက်အောင်(ခ) ဖိုးဆို့တို့အဖွဲ့ကိုဆဲဆို၍ တုတ်များဖြင့် ဝိုင်းရိုက်ခဲ့ကြောင်း သန်းထိုက်အောင်(ခ) ဖိုးဆို့တွင် (မစိုးရိမ်ရ) ဒဏ်ရာရရှိကာ ဆိုင်ကယ်မှာ ပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ၎င်းခုနစ်ဦးအဖွဲ့ကို စုံစမ်းဖော်ထုတ်အရေးယူပေးရန် သန်းထိုက်အောင်(ခ)ဖိုးဆို့၏ တရားလိုပြုတိုင်ကြားချက်ကြောင့် ငဖဲမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**


### အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ်၊ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ပညာရည်ထူးချွန်ဆုပေးပွဲဖိတ်ကြားလွှာ

၂၀၁၅-၂၀၁၆ခုနှစ်၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဂုဏ်ထူးဆုရှင် ကျောင်းသား/သူများနှင့် မိဘများအားအောက်ပါရက်၊ အချိန်တွင် ဆုပေးပွဲအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၉-၁၀-၂၀၁၆ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက်၈နာရီ
**ကျင်းပမည့်နေရာ** - သရဖီခန်းမ

ကျောင်းသား/သူများ ကျောင်းဝတ်စုံဖြင့် တက်ရောက်ပါရန်။

**အထက(၂)ကမာရွတ်**
**ပညာရေးမိသားစု**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2C/5838 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5I/3834 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အမြန်ရောင်းမည်

မြောက်ဥက္ကလာပ၊ ဆေးတက္ကသိုလ်အနီး၊ ခေမာသီလမ်းမကြီး၊ ကျောကပ်(ဂုတ်ခြံ)၊ ပေ ၂၀×ပေ ၆၀+(မြေပိုပါ)ပေါ်တွင်
**၁၈ပေ×ပေ ၅၀ BM တစ်ထပ်တိုက်**
**ကျပ် သိန်း ၁၂၀၀ ညှိနှိုင်းဈေး**
**ဖုန်း-၀၉-၇၇၀၆၃၈၇၁၇၊ ၀၉-၇၉၉ ၅၄၀ ၁၉၉**

### အင်္ဂလိပ်စာသင်တန်း

သံဃာတော်များနှင့် ရှင်သာမဏေများသာ ကျောင်းမှာနေခွင့်ပြုမည်၊ ဦးရေကန့်သတ်ချက်ရှိသည်၊ ၂၃-၁၁-၂၀၁၆ စမည်။

**ဖုန်း-၀၉-၇၈၂၉၆၉၈၈၇**
**ညောင်ကန်အေးကွင်းကျောင်း၊ ရန်ကုန်**

### ကန့်ကွက်နိုင်ပါကြောင်း

လားရှိုးမြို့၊ (၁၂)ရပ်ကွက်၊ နယ်မြေ၁၈၊ အကွက်အမှတ် ၄၅/မန်ဆူဘုရားကုန်း၊ ဦးပိုင်အမှတ် ၁/၈၊ မြေချိန်ဧရိယာ ၀ဒသမ၁၂၅၈ဧ၊ မြေငှားဂရန်အမှုတွဲအမှတ် ၇၃၀-၅/၁၉၉၂-၁၉၉၃(အေ)ဖြင့် ဦးမင်းညိုက အမည်ပေါက်ပိုင်ဆိုင်ခဲ့ရာ ၂၃-၃-၂၀၁၆ ရက်တွင် ဦးကော်ယုံတိန်အမည်ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီးဖြစ်၍ အမည်ပြောင်း မြေငှားဂရန်ပြုလုပ်သွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကော်ယုံတိန်**
**၁၃/ကလတ(နိုင်)၀၀၉၀၀၂**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မုံရွာခရိုင်၊ မုံရွာမြို့၊ ထန်းတောရပ်ကွက်၊ အကွက်အမှတ် ၈၇၊ အလံတိုင်၊ ဦးပိုင်အမှတ် ၂၈၃၊ ဧရိယာ ၀ ဒသမ ၀၃၂ ဧကရှိမြေကို ၂၅-၂-၂၀၀၉ ရက်က မူလပိုင်ရှင်ဖြစ်သူ ဦးဒေါင်းယဉ် ၅/မရန(နိုင်)၀၃၀၉၈၁ထံမှ ဒေါ်လှဲ့လှဲ့ဝင်း ၅/မရန(နိုင်)၁၃၇၅၅၄က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယနေ့တိုင်နေထိုင်လျက်ရှိပြီး ဒေါ်လှဲ့လှဲ့ဝင်းအမည်ဖြင့် မြေငှားစာချုပ်(အသစ်)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အသစ်)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လီတွေ့အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄စီ၂(အကဲစ် ၇၁)၊ မြေကွက်အမှတ် V၁၀၃၊ မြေကွက်တည်နေရာအမှတ် ၆၅၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ် (မစ္စတာပီအေရောဘတ်)အမည်ပေါက် နှစ်(၉၀)ဂရန်မြေအား တာမွေမြို့နယ်တရားရုံးတွင် တရားလို ဦးလှထွန်းမှ တရားပြိုင် ဒေါ်တင်အေး၊ ဦးကိုကိုကြီး၊ ဒေါ်လင်းရွှေတို့အပေါ် ၂၀၁၅ ခုနှစ် တရားမမူလအမှုအမှတ် ၄၄/၂၀၁၅ ဖြင့် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုစွဲဆိုရာ ၁-၁-၂၀၁၆ ရက်တွင် ချမှတ်သည့်စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၄/၂၀၁၆)၏ နေ့စဉ်မှတ်တမ်းဂရန် ပျောက်ဆုံးကြောင်း ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး မှတ်ပုံတင်အမှတ် ၂၇၁/၁၆ (၃၁-၅-၁၆)ဖြင့် တရားနိုင်ဦးလှထွန်း(ခ)အန်ဒါပဟူဆောန် ၁၂/မဂတ(နိုင်)၀၈၀၀၃၁၏ ကျမ်းကျိန်လွှာ၊ သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက် ကိုယ်တိုင်ဝန်ခံကတိတို့တင်ပြပြီး တရားရှုံးများဖြစ်ကြသော ဒေါ်တင်အေး၊ ဦးကိုကိုကြီး၊ ဒေါ်လင်းရွှေတို့ကိုယ်စား တရားရုံးဘိလစ်ဒေါ်စန်းစန်းဝင်း ၁၂/ဒပန(နိုင်)၀၀၄၆၃၉မှ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရမည်းသင်းမြို့ ကံတော်ဦးစိန္တိတမဟာရွှေမင်းဝံ စေတီတော်ကြီးတွင် ဆွမ်းသပိတ်လောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ



**ရမည်းသင်း အောက်တိုဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ကံတော်ဦးစိန္တိတမဟာ ရွှေမင်းဝံစေတီတော်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆွမ်းသပိတ်လောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို အောက်တိုဘာ ၁၆ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဆွမ်းသပိတ်လောင်းလှူပွဲသို့ မြို့ပေါ်နှင့်မြို့နယ်အတွင်း ကျောင်းပေါင်း ၇၁ ကျောင်းမှ ပင့်သံဃာ ၁၀၃၅ ပါးကြွရောက်ကြပြီး အနယ်နယ်အရပ်ရပ်နှင့် မြို့ပေါ်ရပ်ကွက်များမှ အလှူရှင်များက ဆွမ်းသပိတ်နှင့် လှူဒါန်းဖွယ်အစုစုတို့ကို ကံတော်ဦးစိန္တိတမဟာရွှေမင်းဝံစေတီတော်နှင့် စတုစက္ကစေတီတော်ပရိဝုဏ်တို့၌ လောင်းလှူခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် ယခင်နှစ်ကထက် ဆွမ်းသပိတ်လောင်းလှူသူ၊ အာဟာရဒါနပြုသူများပြားကြောင်း သိရပြီး ယခုကဲ့သို့ စဉ်ဆက်မပြတ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ရာ (၁၃)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ပွဲတော်ကျင်းပနိုင်ရေးအတွက် ရမည်းသင်းမြို့နယ်ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရန်အောင်မင်းကျောင်းဆရာတော်ကြီးအား အမှူးထား၍ သရက်ပင်ကျောင်းဆရာတော်နှင့် တပည့်၊ ရဟန်းသံဃာတော်များ၊ အကျိုးတော်ဆောင်အဖွဲ့များက စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# ဖောင်တော်ဦးဘုရားပွဲကာလအတွင်း လာရောက်လေ့လာသူများ စည်ကားလျက်ရှိသော ညောင်ရွှေဟော်ပြတိုက်

**ညောင်ရွှေ အောက်တိုဘာ ၁၈**

အင်းလေးဖောင်တော်ဦး ဘုရားပွဲတော်ကာလအတွင်း အင်းလေးဒေသ၏ အထင် ကရနေရာများနှင့် ညောင်ရွှေမြို့၏ သမိုင်းဝင်ဖြစ်သော ညောင်ရွှေဟော်ဝင်းရှိပြတိုက်သို့ လာရောက်ကြည့်ရှု လေ့လာကြသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။

ဖောင်တော်ဦးဘုရားလှည့်ပွဲသည် ညောင်ရွှေမြို့နယ် အင်းလေးဒေသ၌ နှစ်စဉ်ကျင်းပလေ့ရှိသော ပွဲတော်ဖြစ်ပြီး ဖောင်တော်ဦးဘုရားများကို အင်းလေးကန်အတွင်းရှိ ဒေသစံကျောင်းတော်(၂၁)ဌာနသို့ လှည့်လည်အပူဇော်ခံရာ ယခုနှစ်တွင် အောက်တိုဘာ ၂ ရက်မှစ၍ လှည့်လည်လာခဲ့သည်မှာ အောက်တိုဘာ ၁၄ ရက်တွင် ဇရပ်ကြီးကျောင်း၊ အလိုတော်ပေါက်ဘုရား (တောင်ကျောင်း)များသို့ ရောက်ရှိနေပြီဖြစ်သည်။

ထိုသို့ အင်းလေးဖောင်တော်ဦးဘုရား (၂၁) ဌာနဒေသစာရီလှည့်လည်အပူဇော်ခံပွဲတော်ကြီး စတင်ကျင်းပခဲ့သည့်နေ့မှ ယနေ့တိုင် အင်းလေးကန်အတွင်း အပျော်ခရီးလှည့်လည်ကာ စက်လှေအပျော်စီးသူများ၊ ဖောင်တော်ဦးဘုရားကျောင်းနှင့် အင်းလေးကန် သဘာဝ၊ အင်းလေးရှုခင်းအလှအစုံတို့ကို ရှုမျှော်ခံစားလှည့်လည်သွားလာနေကြသူများ စည်ကားသိုက်မြိုက်လျက်ရှိနေသကဲ့သို့ ညောင်ရွှေမြို့၏ သမိုင်းဝင်ဟော်ဖြစ်သော ညောင်ရွှေဟော်နန်းရာဇဝင်ပြတိုက်သို့လည်း နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများက စိတ်ဝင်တစားလာရောက်လေ့လာကြည့်ရှုလျက်ရှိကြသည်။



ရှေးနှစ်ပေါင်း ၁၀၀ ကျော်ကဟု ယူဆရသော ဟော်အဆောက်အအုံကြီးမှာ နှစ်ပေါင်းကြာညောင်းခဲ့သော်လည်း မဟာဆန်ဆန် ခံ့ညားထည်ဝါစွာဖြင့် တည်ရှိနေသေးသည်ကို တွေ့မြင်နိုင်သည်။

ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်အပါအဝင် ဆွေတော်မျိုးဆက် (၃၃)ဆက် မင်းလုပ်အုပ်ချုပ်ခဲ့ကြသည့် အကြောင်းအရာမှတ်တမ်းများ၊ ထို့အပြင် အခြားနယ် ရှမ်းစော်ဘွားများနှင့်ပတ်သက်သော မှတ်တမ်းမှတ်ရာ အချက်အလက်များ၊ စော်ဘွားများ ဝတ်ဆင်ခဲ့သည့် အဝတ်တန်ဆာများ၊ စော်ဘွားအမှုထမ်း၊ အရာထမ်းများ၏ အသုံးအဆောင် ဝတ်စုံပစ္စည်းများ အစုံအလင်ပြသထားသည်ကို ဟော်နန်းအတွင်း လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

အဆိုပါ ညောင်ရွှေဟော်အဆောက်အအုံကြီးကို မောက်မယ် စော်ဘွားစဝ်ခွန်လှိုင်က ဗိသုကာလက်ရာမြောက်စွာဖြင့် ပုံစံရေးဆွဲပေးခဲ့ကြောင်းလည်း လေ့လာသိရှိရသည်။

အင်းလေးဒေသ ဖောင်တော်ဦးဘုရားပွဲတော်ကျင်းပလျက်ရှိသည့် ၁၆ ရက်ကြာကာလအတွင်း ညောင်ရွှေမြို့၏ ကျက်သရေဆောင်လည်းဖြစ်၊ နိုင်ငံတော်၏ ပထမဦးဆုံးသော သမ္မတဖြစ်ခဲ့ဖူးသူ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက် နေထိုင်ခဲ့ရာလည်းဖြစ်သော ညောင်ရွှေ ဟော်ပြတိုက်သို့ လာရောက်လည်ပတ်သူများဖြင့် ကြက်ပျံမကျစည်ကားလျက်ရှိသလို ညောင်ရွှေမြို့သို့ ရောက်ဖူးသူ၊ မရောက်သေးသူ တောင်ပေါ်မြေပြန့်မှ တိုင်းရင်းသားများအနေဖြင့်လည်း ညောင်ရွှေဟော်ကြီးသို့ လာရောက်ကြည့်ရှုလေ့လာနိုင်ပါကြောင်း သိရသည်။

**စိုင်းဇော်လတ်**

# သဗ္ဗမင်္ဂလာသိဒ္ဓိ ဆုတောင်းပြည့်စေတီတော်မြတ်၌ သီတင်းကျွတ်လပြည့်နေ့တွင် ပန်းနှင့်ဆီမီး ၁၀၀၀ ကပ်လှူ

**နေပြည်တော် အောက်တိုဘာ ၁၈**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော "သဗ္ဗမင်္ဂလာသိဒ္ဓိဆုတောင်းပြည့် စေတီတော်မြတ်" အမြဲတမ်းဝတ်အသင်းနှင့် ပန်း၊ ဆီမီးအလှူရှင် ခုနစ်ရက်သားသမီးများ၊ ဝန်ထမ်းမိသားစုများက အောက်တိုဘာ ၁၆ ရက် နံနက်က နဝမအကြိမ်မြောက် ပန်းစေတီနှင့်ဆီမီး ၁၀၀၀ ကပ်လှူပူဇော်ပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**

# မူးယစ်ဆေးဝါးအသိပညာပေးဟောပြော

**မိုင်းကိုး အောက်တိုဘာ ၁၈**

တိုင်းရင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုများ လျော့နည်းစေရန်ရည်ရွယ်ပြီး မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၆ ရက်က တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စု မယ်လိတ်ပါကော်(အပေါ်)ရွာ အာခါနှစ်ခြင်း ဘုရားရှိခိုးကျောင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ် ဝင်းကျော်ကျော်က မူးယစ်ဆေးဝါးအမျိုးအစားများ၊ တာချီလိတ်ခရိုင်အတွင်း တားဆီး နှိမ်နင်းရေးဆောင်ရွက်မှုအခြေအနေများနှင့် မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုပြစ်ဒဏ်များအကြောင်းကိုလည်းကောင်း၊ ရဲအုပ်အောင်ကျော်စိုးက မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးအန္တရာယ်များနှင့် ဘိန်းခင်းဖျက်ဆီးမှုအခြေအနေများ၊ ရပ်ကွက်ကျေးရွာအလိုက် ဖွဲ့စည်းထားသည့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များကို လည်းကောင်း ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ဟောပြောပွဲသို့တက်ရောက်လာသူများမှ မေးမြန်းသည့် အချက်အလက် တစ်ခုချင်းစီအလိုက် ရဲအုပ်ဝင်းကျော်ကျော် နှင့် ရဲအုပ်အောင်ကျော်စိုးတို့က ပြန်လည်ဖြေကြားခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့**

# Brush Cutter ကျောပိုးစက်ကိရိယာကို အာမခံဖြင့်ရောင်းချပေး၍ သုံးစွဲသူတောင်သူများ အဆင်ပြေ

**ရေစကြို အောက်တိုဘာ ၁၈**

ကိုရီးယားနည်းပညာဖြင့် ထုတ်လုပ်သော VIDA STANDARDOF KOR- EA အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သော ဘက်စုံသုံး Brush Cutter ကျောပိုးအပေါ့စား စက်ကိရိယာများကို အာမခံစနစ်ဖြင့် ရောင်းချပေးနေကြောင်းနှင့် ဝယ်ယူသုံးစွဲသူ ဒေသခံတောင်သူများလည်း အသုံးကျ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်က VIDA အမှတ်တံဆိပ်စက်ပစ္စည်းကိရိယာတွေကို ကိုယ်စားလှယ်ယူပြီး ဖြန့်ဖြူးရောင်းချပေးနေတာဖြစ်ပါတယ်။ ပစ္စည်းတွေကတော့ ၁ လက်မ၊ ၂ လက်မ မြက်ရိတ်စက်၊ ၇ ဒသမ ၅၊ ၆ ဒသမ ၅ အင်ဂျင်၊ မော်တာ၊ ကွန်ပရက်ဆာ လက်သမားသုံးပစ္စည်းအမျိုးမျိုးဖြစ်ပါတယ်။ Brush Cutter စက်ကတော့ ဘက်စုံသုံးလို့ ပြောလို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ မြက်ရိတ်၊ ကိုင်းရှင်း၊ မြေဖွ၊ ပေါင်းသင်၊ စပါးရိတ်၊ နှမ်းရိတ်လို့ရပါတယ်။ ဒ့ါအပြင် သနပ်ခါး ခြံမြေဖွခြင်းနဲ့ စီပီအစေ့ထုတ်ပြောင်းစိုက်ပျိုးရာမှာ ပေါင်းဖော်လို့လည်းရတယ်။ ကိုယ်အသုံးပြုလိုတဲ့အခါ ရှေ့ခေါင်းမှာ ကိရိယာကို ပြောင်း တပ်ဆင်ရုံပါပဲ။ ကျွန်တော်တို့ဒေသခံတောင်သူတွေကတော့ အကြိုက်တွေ့နေကြပါတယ်"ဟု ရေစကြိုမြို့မှ စက်ပစ္စည်းအရောင်း ဆိုင်ပိုင်ရှင် တစ်ဦးက ပြောသည်။ "ဒီစက်က သေးငယ်ပေမယ့်အသုံးဝင်တယ်။ အခုကျွန်တော် အငှားလိုက်နေပါတယ်။ ဆီတစ်ဘူး ၅၀၀၀ နဲ့တစ်နေ့ကို ၃၀၀၀၀၊ ၄၀၀၀၀ လောက်ဝင်ငွေရှိတယ်။ စက်တစ်လုံး ၁၃၀၀၀၀ ပေးရတာ။ ပြီးတော့ မန္တလေး၊ မုံရွာမြို့တွေမှာတောင် အာမခံမပေးဘူး။ ဒီမှာအာမခံပေးတော့ အဆင်ပြေတယ်။ ကျွန်တော်တို့ဒေသမှာ အခုချင်းတွင်းမြစ်ရေကျသွားတော့ မြေနုကျွန်းတွေပေါ်လာပြီး ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ စီပီပြောင်း၊ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးဖို့ ကိုင်းရှင်းလုပ်ငန်းတွေစနေကြပြီ။ ဒီနှစ်မှာတော့ လုပ်ငန်းခွင် အတွက် ဒီစက်ကတော့ အသုံးအကျဆုံးပဲ"ဟု ဇီးကျွန်းကျေးရွာမှ လက်တွေ့အသုံးချလုပ်ကိုင်နေသူ ကိုအောင်သူက ပြောပြ သည်။

**ဖေထွဏ်းဇော်(ရေစကြို)**





*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ “မန္တလေးမျဉ်းဖြောင့်များ”အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ “မန္တလေးမျဉ်းဖြောင့်များ” အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ တတိယတွဲအဖြစ် “ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို” အမည်နှင့် ချမ်းမြေ့ရတနာစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော “မန္တလေးမျဉ်းဖြောင့်များ”ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရှုဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော “ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို” ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ရတနာနဒီမှသည် ရေနီမြောင်းသို့(သို့မဟုတ်) ချောင်းတောင်ဘက်ကလူ

**ဆူးငှက်**



***ယခင်အပတ်မှအဆက်***

နန်းရှေ့လမ်းမကြီးတောင်ဘက်ခြမ်း နဒီမြောင်းဝဲယာမှာတော့ လူနေအိမ်များ၊ ခြံဝင်းကျယ်ကြီးများ ဖြစ်နေပါသည်။

တစ်လောဆီက နန်းရှေ့အရှေ့ဖျား အောင်ပင်လယ် ကန်ပေါင်ရိုးအနီးက ကျွန်တော့်အိမ်ကလေးဆီ အလည်လာသော မိတ်ဆွေတစ်ဦးက ကျွန်တော့်ဆီရောက်အောင် သူဖြတ်သန်းခဲ့ရသော ချောင်းတွေမြောင်းတွေက များပြားလှတော့... “နဒီက ဘယ်ချောင်းလဲဗျ” မေးသောအခါ ကျွန်တော်လည်း အတော်စဉ်းစားပြီးမှ ဖြေရသည်။ ယခင်က ရှင်ဘုရင်ကိုယ်တိုင် ရှေ့တပ်နောက်တပ် အခင်းအကျင်းများ ဖြင့် ထွက်တော်မူကာ အင်္ဂလိပ် “ဖယ်ယာ”ကိုယ်တိုင်စောင့်စားခစားရသည့် ရတနာ နဒီ...။

ရတနာနဒီသည် မင်္ဂလာဥယျာဉ်တော်ကို ဖြတ်သန်းသွားသည်။ မင်္ဂလာဥယျာဉ်တော်သည်ပင် တစ်ချိန်က ဘုရင့်ဥယျာဉ်တော်ကြီးတစ်ခုဖြစ်လင့်ကစား အခုတော့လည်း လူနေရပ်ကွက်ကြီးပင်ဖြစ်ပါသည်။ မင်္ဂလာဥယျာဉ်ရပ်ကွက်ဟုပဲ ခေါ်သည်။ မင်္ဂလာဥယျာဉ်ရပ်ကွက်တွင် နေထိုင်ကြသော မြို့စာရေးမင်းဦးမှန်နှင့် ဒေါ်မမတို့က နာမည်ကျော် သီချင်းရေးဆရာ နန်းတော်ရှေ့ဆရာတင်ကို မွေးဖွားခဲ့ပါ၏။ ထို့ကြောင့် မင်္ဂလာဥယျာဉ်ရပ်ကွက်သည်လည်း နှယ်နှယ်ရရ ရပ်ကွက်မဟုတ်။ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်ကမှ မင်္ဂလာ ဥယျာဉ်ရပ်ကွက်တွင် မန္တလေးမြို့၏ ရုပ်ရှင်ကုမ္ပဏီကြီးတစ်ခုဖြစ်သော ရွှေမန်းရုပ်ရှင်ကုမ္ပဏီ၏ ရွှေမန်းရုပ်ရှင်စတူဒီယိုကြီးကိုလည်း ထူထောင်ခဲ့ပါသည်။ ယခုတော့ဖြင့် ထိုရုပ်ရှင်ခြံဝင်းကြီးသည် ရေခဲစက်ဝင်းကြီးဖြစ်နေပြန်၏။

ယခုအခါ နန်းရှေ့လမ်းမကြီးသည် ရန်ကင်းတောင်ခြေမှ ရွာများဖြစ်သော သစ်ချိုကုန်း၊ ပုသိမ်ကြီး၊ ညောင်ပင်သာ၊ ဆီးချို ကုန်၊ ပုဏ္ဏားကျွန်း၊ မိုင်ကုန်း၊ မြို့သာကုန်း၊ နန်းဦးလွင် စသော ရွာများဆီမှ မန္တလေးမြို့သို့ အလုပ်အကိုင်အတွက် ဝင်ရောက်လာရာ အဓိက လမ်းမကြီးဖြစ်နေကာ ဈေးဆိုင်၊ စားသောက်ဆိုင်များဖြင့် စည်ကားနေပါသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့်ကပင် မုန်တိုင်ဇရပ်ကျော်သည်နှင့် နန်းရှေ့လမ်းမကြီး၏ အရှေ့ဘက်ခြမ်းသည် လူနေအိမ်ခြေကျဲပါးသွားကာ ခြံမြေများ၊ လယ်ကွင်းများသာ ဖြစ်၏။ အခုတော့ ယခင်ကမြို့နှင့် အတော်လှမ်းသော ဘူးကုန်းသည် မန္တလေးမြို့ထဲရောက်နေပြီ။ အလားတူ အောင်ပင်လယ်ကားလမ်းမကြီးမေးတင်ထားသော သရက်ကုန်းကလည်း မန္တလေးစည်ပင်သာယာပိုင် အောင်မြေသာစံမြို့နယ်ထဲ ဝင်ရောက်လာတော့၏။ နန်းဦးလွင်ကလည်း သရက်ကုန်းနှင့် လမ်းပဲခြားတော့သည်။

နန်းရှေ့ လမ်းမကြီးဝဲယာ တစ်လျှောက် တိုးပွားလာသောရပ်ကွက် အိမ်ခြေများက ဘူးကုန်း၊ သရက်ကုန်း၊ နန်းဦးလွင်တို့ကို မန္တလေးနှင့် အလျင်အမြန်ဆွဲစေ့လိုက်သည် မဟုတ်လော...။

နန်းရှေ့လမ်းမကြီးဗဟိုပြုကာ နန်းတော်ရှေ့ရပ်ကွက်သည် သီးခြားပေါင်းဖွဲ့ထားသည့် ရပ်ကွက်ကြီးပမာဖြစ်နေသည်။ နန်းရှေ့ဈေးကြီးရှိသည်။ အောင်မင်္ဂလာခန်းမလို၊ နန်းမြို့တော်မင်္ဂလာခန်းမလို မင်္ဂလာခန်းမကြီးတွေရှိသည်။ ဖောင်တော်ဦးပရဟိတ စာသင်ကျောင်းက အထက်တန်းအဆင့်ထိ ပညာသင်ပေးသည်။ နန်းရှေ့ အမှတ် (၁၇) အထက်တန်းကျောင်းလည်းရှိသည်။ အမှတ်(၁၄) အခြေခံပညာ အလယ်တန်းကျောင်းလည်းရှိသည်။ အမှတ် (၁၁) အခြေခံပညာအလယ်တန်းကျောင်းလည်းရှိသည်။ ပြီးတော့ နန်းရှေ့မှာပဲ နာမည်ကျော် လက်ဖက်ရည်ဆိုင်ကြီးတွေရှိသည် မဟုတ်ပါလား။ ဦးဘကျော့ဆိုင်၊ ကြိုင်းသင်းဆိုင်၊ စိုးမိုးဆိုင်....တဲ့။

> **မြန်မာ့အနုပညာနယ်ပယ်အသီးသီး၏ ထိပ်မှာရောက်နေသော အနုပညာရှင်များက နန်းရှေ့နှင့်မလွတ်၊ စာရေးဆရာ ဘယ်သူဆိုလျှင် နန်းရှေ့က၊ ရုပ်ရှင်မင်းသမီးဘယ်သူဆိုလျှင် နန်းရှေ့က၊ သီချင်းရေးဆရာကြီး ဘယ်သူဆိုလည်း နန်းရှေ့က၊ ဂီတပညာရှင်ကြီး ဘယ်သူဆိုလည်း နန်းရှေ့က၊ ဇာတ်မင်းသားကြီး ဘယ်သူဆိုလည်း နန်းရှေ့က...**

ဒီဘက်နှစ်ပိုင်းမှ ပေါ်လာတာက Smile စီဒီအိုကေနှင့် စားဥယျာဉ်၊ ပြီးတော့ အရှေ့ရွာ စင်တင်တေးဂီတနှင့် စားသောက်ဆိုင်တဲ့....။

နန်းရှေ့လမ်းမကြီးနှင့် ၆၂ လမ်းဆုံမှာ ကာလီမယ်တော်ကြီးဘုရားကျောင်းလည်းရှိပါ၏။ ညနေစောင်းလျှင် ဘုရားကျောင်းရှေ့၌ ဇွန်ပန်း၊ စံပယ်ပန်းရနံ့တွေ ထုံမွမ်းလှိုင်ကြူနေတော့သည်။ ဘုရားဖူးများ၏ ကားများ၊ ဆိုက်ကားများ၊ စက်ဘီးများဖြင့် လာကြသလို... ခြေကျင်လာကြသူများလည်း အများအပြား...။

အမွှေးတိုင်မှ အီနောက်သင်းကြူ မီးခိုးငွေ့များသည် စည်းချက်သွက်သွက် ထုနှက်နေသော ပူဇော်ဂီတသံနှင့်အတူ ယိမ်းနွဲ့နေ၏။ ကြေးစည်ခေါင်းလောင်းသံများက တလွင်လွင်။ ကာလီမယ်တော်အား ပူဇော်ကြသည့် ဘုရားဖူးများက ဘုရားကျောင်းအဝင်ဝတွင် ကိုယ့်အလှည့်ရောက်အောင် အတော်စောင့်နေကြရသည်။

နန်းရှေ့လမ်းမကြီး၏ ညာဘက်ခြမ်းတွင် မန္တလေးမြို့၏ နာမည်ကျော် နန်းရှေ့စာကြည့်သင်းကြီးလည်း ယခုထက်ထိ ကျန်းမာသန်စွမ်းဖွင့်လှစ်နေဆဲဖြစ်ပါသည်။ နန်းတော်ရှေ့ နယ်လုံးဆိုင်ရာ စာကြည့်သင်းကြီးကား မူလအစက နန်းတော်ရှေ့ ပရိယတ္တိစာကြည့်သင်းဖြစ်၏။ နန်းတော်ရှေ့ပရိယတ္တိစာကြည့်သင်းဖွဲ့ကြဖို့ အလှူငွေကောက်ခံမည်ဆိုသည်။ ထိုသို့ အလှူငွေကောက်ခံရန်အတွက် သီချင်းဆိုကောင်းသူကိုအောင်ကျော် သီဆိုရန် နန်းတော်ရှေ့ဆရာတင်က သီချင်းတစ်ပုဒ် ရေးစပ်ပေးခဲ့ရသည်ကို မှတ်သားဖူးပါသည်။

**“ဆိုပုံယဉ်ကျေးသော်၊ နားစိမ့်ပြန်သော၊ ဖိုးအောင်ကျော်၊**
**ဖိုးအောင်ကျော်၊ ဖိုးအောင်ကျော်၊ ဖိုးအောင်ကျော်၊**
**နန်းတော်ရှေ့က အောင်ကျော်၊ ဖိုးအောင်ကျော်၊**
**စာစီစဉ်ပေါ် နာမည်တွင်သော်**
**တင်ဆရာသူကသင်ကြားပေးလို့ ကျော်၊ ကျော်၊ ကျော်၊ ကျော်၊**
**ဖိုးအောင်ကျော်၊**
**သနားချစ်စရာ မေတ္တာအဟုန်နော်၊ ဂုဏ်ဖော်လို့ပေးကြပါ၊**
**ကလေးကျွန်တော့်အပေါ်...၊**
**အစ်ကိုဘိုကေနော် ပျိုပျိုတွေ ဆလံ သသော်..**
**ဆရာနည်းလေးလေး မှန်သော်၊ မှန်သော်...**
**သင်ရှာသူ ပထမနော်၊ ပညာဟူသမျှ ဇော်...**
**ဗျပ်စောင်းပုလွေနှင့် အခြေဖြင့်ဖော်ထုတ်သော်...**
**အဟုတ်နော် ကျုပ်ဇော်၊ ကောင်းတဲ့ ဖိုးအောင်ကျော်...”တဲ့။**

ထိုသီချင်းသည် ဆရာတင်ရေးသည့် ဒုတိယသီချင်းဖြစ်သည်ဆို၏။ ဆရာတင် အသက်(၂၀)အရွယ်က ရေးစပ်သည့်သီချင်းဖြစ်သည်။

ဤသို့ဖြင့် ဂီတဖြင့်စတင်စုစည်း ဘဏ္ဍာငွေရှာကြံကာ တည်ထောင်ခဲ့သော နန်းရှေ့စာကြည့်သင်းသည် အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ပြီးယနေ့အချိန်အထိ တည်ရှိနေခြင်းကား နန်းရှေ့သားများ၏ စာပေအနုပညာအပေါ် ချစ်မြတ်နိုးစိတ်၏ ပြယုဂ်ပင်ဖြစ်၏။

ထို့အတူ နန်းရှေ့သားများသည် နန်းရှေ့မှ မွေးဖွားပေးလိုက်သော သို့တည်းမဟုတ် နန်းရှေ့တွင်နေထိုင်လျက်ရှိသော အနုပညာသည်များကိုလည်း တန်ဖိုးထားချစ်မြတ်နိုးကြသည်။ ဂုဏ်ယူကြသည်။ ပြုစုကြသည်။

ကျွန်တော်တို့ငယ်စဉ်က နန်းရှေ့သားများနှင့်ပတ်သက်၍ ကျီစားနောက်ပြောင်သည့် စကားတစ်ခုရှိပါသည်။ နန်းရှေ့သားများက နန်းရှေ့နှင့်ဆက်နွှယ်သော အနုပညာရှင်များဆိုလျှင် အလွန်ဂုဏ်ယူကြသတဲ့။

ဟုတ်လည်းဟုတ်သည်။ မြန်မာ့အနုပညာနယ်ပယ်အသီးသီး၏ ထိပ်မှာရောက်နေသော အနုပညာရှင်များက နန်းရှေ့နှင့်မလွတ်၊ စာရေးဆရာ ဘယ်သူဆိုလျှင် နန်းရှေ့က၊ ရုပ်ရှင်မင်းသမီးဘယ်သူဆိုလျှင် နန်းရှေ့က၊ သီချင်းရေးဆရာကြီး ဘယ်သူဆိုလည်း နန်းရှေ့က၊ ဂီတပညာရှင်ကြီး ဘယ်သူဆိုလည်း နန်းရှေ့က၊ ဇာတ်မင်းသားကြီးဘယ်သူဆိုလည်း နန်းရှေ့က...

ဤသို့ဖြင့် ပြောသမျှ“နန်းရှေ့က”နှင့်မလွတ်သောအခါ တစ်ရံရောအခါက နာမည်ကျော် နန်းရှေ့ရုပ်ဖွား ဝရမ်းပြေးကြီးတစ်ယောက်နာမည်ပြော၍ “ကဲ သူကရောကွာ” ဆိုတော့ နန်းရှေ့သားများက အားကျမခံချက်ချင်းပြန်ဖြေနိုင်ခဲ့ပါ၏။

“အဲဒီလူက ချောင်းတောင်ဘက်ကပါကွာ”တဲ့။ အခုလည်း ကျွန်တော်သည် နန်းရှေ့ဟု ပြောနိုင်ဖွယ်ရှိသည့် အစွန်အဖျားလေးမှာ အခြေချမိပါပြီ။

မူလနန်းရှေ့သားများက ကျွန်တော့်ကို “ချောင်းတောင်ဘက်ကပါကွာ”ဟုသာ အသိအမှတ်ပြုလျှင်ပဲ ကျေနပ်လှပါပြီ။

***(“ရတနာနဒီ၊ စည်သာလမ်း၊ ရွှေနန်းတော်ရှေ့ မန်းရိပ်ခို” ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# စစ်ကိုင်းကောင်းမှုတော် သီတင်းကျွတ်ဘုရားပွဲ အစဉ်အလာမပျက် မြို့နယ်လုံးကျွတ်ပါဝင်ဆင်နွှဲ



**စစ်ကိုင်း အောက်တိုဘာ ၁၈**

စစ်ကိုင်းမြို့၌ သီတင်းကျွတ် ကောင်းမှုတော်ဘုရားပွဲတော်ကြီးကို နှစ်စဉ်သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပသည်။ စစ်ကိုင်းမြို့၌ ဝါတွင်းကာလအစ ဝါဆိုလပြည့်မှစ၍ သီတင်းကျွတ်လပြည့် အထိ ဥပုသ်နေ့တိုင်း အပတ်စဉ် ဝါတွင်းဘုရားပွဲတော်စဉ်များကို ကျင်းပကြပြီးနောက် နောက်ဆုံး ဝါကျွတ်ပွဲနေ့တွင် ကျင်းပသည့် ကောင်းမှုတော်ဘုရားပွဲတော်ကြီးမှာ စစ်ကိုင်းမြို့နယ်လုံးကျွတ် ပါဝင်ဆင်နွှဲသည့် ပွဲတော်ကြီးဖြစ်သောကြောင့် ကြိတ်ကြိတ်တိုး စည်ကားကြောင်းသိရသည်။

ရာဇမဏိစူဠာ ကောင်းမှုတော်စေတီကြီးသည် သာလွန်မင်းတရားကြီးက တည်ထားခဲ့သော စေတီတော်ဖြစ်ပြီး စစ်ကိုင်းမြို့မှ ၅ မိုင်ကျော်မျှဝေးကွာသည့် စစ်ကိုင်း-ရွှေဘို-မုံရွာ ကားလမ်းဘေး၌ တည်ရှိသည်။ ဘုရားပွဲတော်များကို နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တွင် တစ်ကြိမ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်တွင် တစ်ကြိမ်နှင့် တန်ဆောင်မုန်းလပြည့်နေ့တွင် တစ်ကြိမ်ဖြင့် စုစုပေါင်း တစ်နှစ်လျှင် ပွဲတော်သုံးကြိမ်ကျင်းပသည့် စေတီတော်ကြီးဖြစ်ကြောင်း ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောသည်။

ယခုအချိန်မှာ သီတင်းကျွတ်လပြည့်ပွဲတော်ချိန်ဖြစ်ပြီး မြို့နယ်လုံးကျွတ် ပါဝင်ဆင်နွှဲကြသည်။ မြို့နယ်အတွင်းရှိ ရပ်ကွက်အသီးသီးနှင့် ကျေးရွာများမှ အရုဏ်တော် ဝတ်အသင်းများ၏ ဘုရားကန်တော့ပွဲနှင့် အသံချဲ့စက်တင်ထားသည့်ယာဉ်များက ရှေ့မှထွက်၍ သာသနာ့အလံများ၊ သက်ဆိုင်ရာ အရုဏ်တော်ဝတ်အသင်း၏ အမည်စာတန်းပါ ဆိုင်းဘုတ်၊ သိုင်း၊ ကျိုင်း၊ ရွှေဆွမ်းအုပ်၊ ငွေဆွမ်းအုပ်၊ ပိတ်ယပ်တောင်၊ ရွှေယပ်တောင်၊ ရွှေကွမ်းအစ်၊ ကွမ်းတောင်၊ ဟင်္သာရုပ်၊ ဆွမ်းအုပ်ကြီးများကို ကိုင်ဆောင်ကြကာ ကြေးစည်နှင့် ရွှေမောင်းတို့ကိုထု၍ နောက်မှ လိုက်ကာ အတီးအမှုတ်အကအခုန်များဖြစ်သည့် သူငယ်တော်အက၊ ဦးရွှေရိုးအကနှင့် ဖိုးသူတော်အကများ၊ ဆင်အကများ၊ တေးဂီတများနှင့် လမ်းတစ်လျှောက်သီဆိုကခုန်ကြပြီး ခြေလျင်သွားရောက်ပူဇော်ကြသည်။

ထို့နောက် ဘုရားတွင်ညအိပ်ကြပြီး လပြည့်ကျော် ၁ ရက်နံနက်စောစောတွင် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အလှူငွေများကို ကပ်လှူပူဇော်ကြပြီးပြန်ကြရာ အပြန်လမ်းတစ်လျှောက်တွင်လည်း ကခုန်တီးမှုတ်သီဆို၍ လမ်းဘေးဝဲယာတစ်လျှောက်မှ ကြည့်ရှုအားပေးသူများကို ဖျော်ဖြေကြသည်။ ဖျော်ဖြေမှုများနှင့် ကြည့်ရှုသူများ ကြိတ်ကြိတ်တိုးစည်ကားသည့် အထင်ကရ ပွဲတော်ကြီးဖြစ်ပြီး အရုဏ်တော်ဝတ်အသင်းများအား လမ်းဘေးရွာစဉ်တစ်လျှောက်မှ ပြည်သူများက ထမင်း၊ အချိုရည်၊ အချဉ်ပေါင်းနှင့် အသုပ်စုံများကို စတုဒိသာကျွေးကြသည်။

အရုဏ်တော်ဝတ်အသင်းများမှာ မြန်မာ့ရိုးရာအမွေအနှစ်များကို အစဉ်အဆက်မပြတ် ထိန်းသိမ်းခဲ့ကြသည့် အသင်းများဖြစ်ကာ စေတီတော်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အလှူငွေများ သွားရောက်ဆက်ကပ်လှူဒါန်းသည့် အရုဏ်တော်ဝတ်အသင်း ၁၁ သင်းရှိသည်။ မြို့နယ်အတွင်းရှိ အရုဏ်တော်ဝတ်အသင်းများမှ ယဉ်ကျေးမှုအစဉ်အလာနှင့် စည်းကမ်းထိန်းသိမ်းနိုင်သည့် အရုဏ်တော်ဝတ်အသင်းများကို ဓမ္မဒူတ ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒ၏ အစီအစဉ်ဖြင့် အကဲဖြတ် အမှတ်ပေးဒိုင်အဖွဲ့များ ဖွဲ့စည်းထားပြီး လေ့လာစောင့်ကြည့် အမှတ်များပေး၍ ဆုချီးမြှင့်ပွဲကို သီးသန့်လုပ်ဆောင်ကာ ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်းလည်း ကြားသိရသည်။ ယခုနှစ်တွင် အရုဏ်တော်ဝတ်အသင်းအချို့၌ ရွှေလှည်း၊ ရွှေမြင်းလှည်းများနှင့် သရုပ်ဖော်အရုပ်လှည်းများကိုလည်း ထူးခြားစွာ စတင်ထည့်သွင်းအသုံးပြုထားသည်ကို တွေ့ရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု နည်းပြသင်တန်းဖွင့်

**လှိုင်ကော် အောက်တိုဘာ ၁၈**

ကယားပြည်နယ်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု နည်းပြသင်တန်းဖွင့်ပွဲကို ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်) ဘွဲ့နှင်းသဘင်ခန်းမ၌ အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် လှိုင်ကော်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအောင်ဝင်းကြည်က အမှာစကားပြောကြားပြီး အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှုဗဟိုကော်မတီအတွင်းရေးမှူး၊ ကျောင်းပြင်ပပညာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇင်ထွန်းက ပြည်နယ်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု နည်းပြသင်တန်း ဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ လှိုင်ကော်မြို့ရှိ တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ သင်တန်းသား ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကာ နည်းပြသင်တန်းတွင် လှိုင်ကော်တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၁၃၅ ဦး၊ နည်းပညာတက္ကသိုလ်(လှိုင်ကော်)မှ ကျောင်းသား ကျောင်းသူ ၇၃ ဦး၊ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)မှ ကျောင်းသား ကျောင်းသူ ၆၃ ဦးတို့ တက်ရောက်သင်ကြားကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## အများသုံးသောက်ရေကန် သန့်ရှင်းသွားသဖြင့် ဒေသခံများ ဝမ်းမြောက်လျက်ရှိ

**ကြို့ပင်ကောက် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့မှ အများပြည်သူအသုံးပြုလျက်ရှိသော ကန်ညီနောင်သောက်ရေကန်သည် ရေမှော်များ၊ ဗေဒါများ၊ ချုံနွယ်များဖြင့် သန့်ရှင်းမှုမရှိ ညစ်ပတ်လျက်ရှိရာ ရေကန်သန့်ရှင်းလုံခြုံရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် စေတနာရှင်ပြည်သူများ ပူးပေါင်းလက်တွဲ၍ သန့်ရှင်းရေးလုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းများပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာကော်မတီဥက္ကဋ္ဌ ဦးအေးချိုက "ဒီရေကန်က မြို့သူမြို့သားတွေအတွက် အရမ်းအသုံးဝင်တဲ့ကန်ပါ။ အဲဒါကြောင့်မြို့မိမြို့ဖ စေတနာရှင်ပြည်သူတွေနဲ့ ဆွေးနွေးညှိနှိုင်းပြီး ရေကန်သန့်ရှင်းရေးကို ဆောင်ရွက်ရတာပါ။ ကုန်ကျစရိတ်ကတော့ ၁၅ သိန်းကျော် ကုန်တယ်။ ဝိုင်းဝန်းလှူဒါန်းကြတဲ့ စေတနာရှင်ပြည်သူတွေကို ကျေးဇူးအထူးတင်ပါတယ်။ သန့်ရှင်းရေးအပြင် လုံခြုံရေးအတွက် ပျက်စီးနေတဲ့အုတ်တံတိုင်းတွေကို ရှင်းလင်းပြီး ကျောက်တိုင်တွေနဲ့ သံဆန်ခါသုံးပြီး ကာရံထားပါတယ်။ ရေကန်ဘေးက အမှိုက်ပုံကိုလည်း ရှင်လင်းတယ်။ မြို့ပေါ်မှာရှိတဲ့ အများသုံးသောက်ရေကန်တွေကို သန့်ရှင်းလုံခြုံသွားအောင်လည်း ဆက်လက်ဆောင်ရွက်သွားပါမယ်" ဟု ပြောကြားသည်။

ယခုအခါ မိုးကုန်သည့်အချိန်ကာလ ရောက်လာပြီဖြစ်၍ ဒေသခံများအနေဖြင့် သောက်သုံးရေအတွက် ကန်ရေကိုသာ အားထားရတော့မည်ဖြစ်သောကြောင့် ယခုကဲ့သို့ ရေကန်ကြီး သန့်ရှင်းသွားသဖြင့် များစွာအဆင်ပြေကြောင်း ရေလာခပ်သူပြည်သူတစ်ဦးက ပြောသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**



## လက်ဖက်ဈေးကောင်းမရသဖြင့် အရောင်းအဝယ်ကျဆင်းပြီး နမ့်ခမ်းမြို့မှ လက်ဖက်လုပ်ငန်းများ ရပ်လုနီးပါးဖြစ်နေ

**နမ့်ခမ်း အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ လက်ဖက် ဈေးကောင်းမရသဖြင့် လက်ဖက်ခြံပိုင်ရှင် တောင်သူများအနေဖြင့် လက်ဖက်ထုတ်လုပ်မှု လျော့နည်းလာသလို ပွဲရုံများတွင် လက်ဖက်ရောင်းဝယ်မှုမှာလည်း ယခင်နှစ်များကထက် ပိုမိုကျဆင်းသွားခဲ့ကာ လက်ဖက်လုပ်ငန်းများ ရပ်လုနီးပါးဖြစ်နေကြောင်း သိရသည်။

လက်ဖက်လုပ်ငန်းရှင်များသည် ယခင်က ပွဲရုံများမှတစ်ဆင့် မန္တလေးသို့ တင်ပို့ခြင်းဖြင့် ရောင်းအားကောင်းခဲ့သော်လည်း ယခုအခါ မန္တလေးမှ ဝယ်ယူခြင်းမပြုတော့သဖြင့် ရောင်းအားကျဆင်းလာပြီး ဈေးနှုန်းလည်း ကျဆင်းလာခြင်းဖြစ်ကြောင်း၊ ယခုနှစ် လက်ဖက်ဈေးမှာ တစ်ပိဿာလျှင် အနိမ့်ဆုံး ကျပ် ၁၅၀၀ မှ အမြင့်ဆုံး ကျပ် ၂၅၀၀ အထိသာရရှိကြောင်း သိရသည်။



နမ့်ခမ်းမြို့မှ လက်ဖက်ပွဲရုံတစ်ရုံ

လက်ဖက်ရောင်းဈေး ကျဆင်းနေချိန်တွင် လက်ဖက်ဆွတ်ခူးသည့် အလုပ်သမားစရိတ်၊ လက်ဖက်ပေါင်းရာတွင် လိုအပ်သော ထင်းရှားပါးမှုနှင့် ထင်းဈေးကြီးမှုစသည်တို့ကြောင့် အထွေထွေကုန်ကျစရိတ်မှာ များပြားလျက်ရှိရာ လက်ဖက်ထွက်ရှိလာသောအခါ ရရှိသည့်ဈေးနှုန်းနှင့် မကာမိသဖြင့် လက်ဖက်စိုက်ပျိုးသည့် ခြံရှင်အချို့မှာ လက်ဖက်ခြံရှိသော်လည်း ဆွတ်ခူးထုတ်လုပ်ခြင်းပင် မပြုတော့ဘဲ အခြားစီးပွားရေးလုပ်ငန်းများကိုသာ လုပ်ကိုင်နေကြကြောင်း သိရသည်။

လက်ဖက်ခူးကြသည့် လုပ်သားများကလည်း တစ်နေ့လျှင် ကျပ် ၂၀၀၀ ခန့်သာ ဝင်ငွေရရှိကြသဖြင့် လက်ဖက်လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သူနည်းပါးလာပြီး နေ့စားစရိတ် ပိုမိုရရှိသော တရုတ်နယ်စပ် ကျေးရွာများတွင် သွားရောက်အလုပ်လုပ်ကိုင်မှု များလာကြောင်း၊ ထို့ကြောင့် လက်ဖက်ဆွတ်ခူးထုတ်လုပ်ခြင်းကို ဒေသတွင်ကျန်ရှိသော သက်ကြီးရွယ်အိုများနှင့်ကလေးများကသာ တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေကြရကြောင်း သိရသည်။

"ဒီနှစ်က တောင်ပေါ်မှာ တော်တော်အခက်အခဲဖြစ်ကြတယ်။ မန္တလေးက ဒီနှစ် လက်ဖက်ခြောက် မဝယ်တော့ဘူး။ လက်ဖက်ဈေးက မကောင်း၊ လက်ဖက်လုန်းတဲ့ဖျာတစ်ချပ်ကို ကျပ် ၆၀၀၀ လောက် ပေးရတယ်။ ဒီကြားထဲ ထင်းဈေးကလည်း ကြီး၊ အလုပ်လုပ်နိုင်တဲ့ လူရွယ် အရွယ်ကောင်းတွေကလည်း ဟိုဘက်ကမ်းမှာ အလုပ်သွားလုပ်ကြတော့ ကျန်ခဲ့တဲ့ အဘိုးကြီး အဘွားကြီးနဲ့ ကလေးတွေက သိပ်မလုပ်နိုင်တော့ အခက်ကြုံကြတာပေါ့"ဟု လက်ဖက်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုအခါ နမ့်ခမ်းဒေသ လက်ဖက်ခြံများ၌ ယခင်ကကဲ့သို့ အခြားမြို့များမှ လက်ဖက်ဝယ်ယူမှု မရှိတော့သဖြင့် ပွဲရုံတွင်လာရောက်ဝယ်ယူသူ ကုန်သည်များရှိမှသာ ရောင်းချနေရပြီး အရောင်းအဝယ်များ ကျဆင်းလျက်ရှိကြောင်း၊ ယခင်ကနမ့်ခမ်းမြို့၌ လက်ဖက်ခြောက်ပွဲရုံ ၂၀ ကျော်ရှိခဲ့ရာမှ ယခုအခါ ပွဲရုံလုပ်ငန်းရပ်နားပြီး အခြားစီးပွားရေးလုပ်ငန်းများကို ပြောင်းလဲလုပ်ကိုင်နေကြသူလည်း အများအပြားရှိနေကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

## စလင်းမြို့ ဝက်သည်းကန်ကြီး၌ ပထမဆုံးအကြိမ် မီးကြာမျှောပွဲ ကျင်းပ

**စလင်း အောက်တိုဘာ ၁၈**

မကွေးတိုင်းဒေသကြီး စလင်းမြို့ ဝက်သည်းကန်နှင့် ရွှေမုဋ္ဌောဘုရားတို့တွင် မီးကြာမျှောပွဲကို အောက်တိုဘာ ၁၆ ရက်(သီတင်းကျွတ်လပြည့်နေ့)က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ဝက်သည်းကန်ကြီး၌ ပထမဆုံးအကြိမ် ကျင်းပသော မီးကြာမျှောပွဲဖြစ်ကြောင်း သိရသည်။

"သည်နှစ်တော့ ထူးထူးခြားခြား ဝက်သည်းကန်ကြီးမှာ မီးကြာမျှောပွဲပါပြုလုပ်တော့ လူအများ အထူးစိတ်ဝင်စားပြီး တိုးမပေါက်အောင် စည်ပါတယ်။ အရင်နှစ်တွေက ဒီလိုမစည်ကားပါဘူး"ဟု ဒေသခံတစ်ဦးက ပြောသည်။ မီးကြာမျှောပူဇော်ပွဲတွင် ဓမ္မစကူးလ် ကျောင်းသား ကျောင်းသူ ၄၀၀ ခန့်က မြို့တွင်း၌ မီးကြာများဖြင့်လှည့်လည်၍ ရွှေမုဋ္ဌောဘုရားတွင် မီးပူဇော်ကာ ဝက်သည်းကန်ကြီးအတွင်း မီးကြာခွက်များ မျှောလှူခဲ့ကြရာ ဓမ္မစကူးလ်ကျောင်းသား ကျောင်းသူများနှင့် မြို့ခံ အလှူရှင်များ ပူးပေါင်း၍ မီးကြာ ၁၀၀၀ မျှောလှူကြောင်း သိရသည်။

ဝက်သည်းကန်ကြီးမှာသက်တမ်းအားဖြင့် နှစ်ပေါင်း ၈၂၃ ရှိပြီး အလောင်းစည်သူမင်းကြီး၏ မိဘုရားငယ် ရှင်စောဝက တူးဖော်ပေးခဲ့သော ကန်ကြီးဖြစ်ကာ မကွေးတိုင်းဒေသကြီးတွင် ဤကန်ကြီးမျိုးမှာ စလင်းမြို့တွင်သာရှိကြောင်း၊ ရွှေမုဋ္ဌောစေတီမှာလည်း သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၅၀၀ ကျော်ကြာမြင့်ပြီးသည့် ရှေးဟောင်းစေတီတော်ဖြစ်ကာ သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော စေတီပေါင်း ၈၄၀၀၀ မှအပါအဝင် ဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**စစ်ကြည်(စလင်း)**

# တစ်စတစ်စနှင့် ပျောက်ကွယ်လာပြီဖြစ်သော မြန်မာမှုလက်ရာမီးပုံးများနှင့် ကလေးကစားစရာ လက်တွန်းလှည်းအရုပ်လေးများ

လမ်းပေါ်တွင် အသက်နှစ်နှစ်ကျော်ကလေးငယ်လေးတစ်ဦး ဝါးဖြင့်ပုံဖော်၍ ဆီစိမ်စက္ကူကပ်ထားသည့် ယုန်ရုပ်လေးကို တွန်းနေသည်။ အရုပ်တွင်တပ်ထားသည့်ဘီးကလည်တိုင်း "ကလောက်-ကလောက်" ဟူသောအသံက မြည်နေသည်။ ဆီစိမ်စက္ကူပေါ်တွင် လက်ရေးဆေးပန်းချီ ချစ်စရာငှက်ရုပ်လေးကို ပုံဖော်ထားသည်။ ကလေးပီပီ မောပန်းသည်မရှိ၊ လမ်းအတွင်း ခေါက်တုံ့ခေါက်ပြန် တွန်းနေသည်။ ယခင်က သီတင်းကျွတ်ရာသီကာလများတွင် ဤမြင်ကွင်းမျိုးကို နေရာအနှံ့ တွေ့ရလေ့ရှိသည်။

ယနေ့အချိန်တွင် ဤကဲ့သို့သော သီတင်းကျွတ်ရာသီကာလတွင် မြန်မာမှုလက်ရာ မီးပုံးများ၊ လက်တွန်းလှည်းအရုပ်များကို အသုံးပြုသူနည်းပါးလာကာ အရုပ်စုံလုပ်သောသူများမှာလည်း တစ်စတစ်စ ပျောက်သွားပြီကို တွေ့လာရသည်။ လွန်ခဲ့သော နှစ်လေးဆယ်ကာလဝန်းကျင်က ထိုကဲ့သို့သော မြန်မာမှုလက်ရာ မီးပုံးပုံစံမျိုးစုံ၊ ကလေးလက်တွန်းလှည်းအရုပ်အစုံ ပြုလုပ်သူတို့သည် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်တွင် မြောက်မြားစွာရှိခဲ့သည်။ ထိုလုပ်ငန်းသည် စီးပွားဖြစ်လုပ်ငန်းတစ်ခုလည်း ဖြစ်ခဲ့သည်။

ဝါဝင်သည်နှင့် ဝါးခွဲ နှီးဖြာကြရသည်။ အဓိကအသုံးပြုသည့်ဝါးမှာ ဝါးယားနှင့်ကြသောင်းဝါး ဖြစ်သည်။ ယုန်ရုပ်၊ ငှက်ရုပ်၊ ဂျိုကာရုပ်၊ လေယာဉ်ပျံ၊ ရဟတ်ယာဉ်၊ မော်တော်ကားစသည့် အရုပ်လေးများပြုလုပ်ရန် ဖြာထားသည့်ဝါးပြားလေးဖြင့် ခွေ(ပုံဖော်)ရသည်။ အထိန်းအကွပ်နေရာ၌ အချို့က ကော်ရည်စိမ်ထားသည့်အဝတ်စဖြင့် ချည်နှောင်သကဲ့သို့ အချို့က နို့ဆီခွက်ကိုဖြတ်ထားသော သံပြားစလေးဖြင့် ပတ်ချုပ်ရသည်။ အရုပ်အလယ်တွင် ဖယောင်းတိုင်တိုလေးစိုက်ထွန်းရန် သံပြားလေး ပတ်ခွေပေးထားရသည်။ ထို့နောက် အသံမြည်ကိရိယာလေး ထည့်ပေးရသည့်အပြင် ဆီစိမ်စက္ကူပေါ်၌ ရေဆေးဖြင့် ပန်းငှက်စသည်ဖြင့် ရေးခြယ်ပေးကြရသည်။ ထိုခေတ် ထိုအခါက အရုပ်လေးတစ်ရုပ် ရောင်းဈေးမှာ တစ်ကျပ်ခွဲ နှစ်ကျပ်မျှသာ ဈေးရှိသည်။ အဓိက ဝါးဖြင့်ပုံဖော်သူက နိုင်ရာ ပုံဖော်ပြီး ဆီစိမ်စက္ကူကပ်ရန် အငှားချပေးရသည်။ ထိုစဉ်က တစ်ရပ်ကွက်လုံးနီးပါး အားသူတိုင်း ဆီစိမ်စက္ကူကပ်ကြသည်။ တစ်ရုပ်မှ ပြား ၂၀၊ ၂၅ ပြားသာ ရကြသည်။



ထို့အတူ မြန်မာမှုလက်ရာ မီးပုံးမျိုးစုံကိုလည်း 'ချိုး' (ပြုလုပ်)ကြသည်။ ကြယ်၊ ဘီလူးမ မျက်ကွင်း၊ ဇန်ဒါ၊ ဖရုံသီး၊ ဗုံရှည်စသည်ဖြင့် ပုံဖော်ကြသည်။ အဓိက လက်အဝင်ဆုံးမှာ ဘီလူးမ မျက်ကွင်းပုံဖြစ်သည်။ ထောင့်ချိုးအများဆုံးဖြစ်သည်။ လက်ရာစိပ်သည်။ ဆီစိမ်စက္ကူကပ်ရာ၌ အလွန်ဂရုစိုက်ရသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့မှ ကြိုတင်မှာယူမှုများကို တော်သလင်းလကုန်သည်နှင့် ပို့ပေးရသည်။ ထိုစဉ်က သင်္ဘောများဖြင့် ပို့ကြရသည်။ လမ်းပန်းပွင့်လင်းလာသည့်နောက် ကားစင်းလုံးပြည့်ဖြင့် ပို့ကြသည်။ ရန်ကုန်ဈေးကွက်မှာ ပုဇွန်တောင် ရေကျော်သီတင်းကျွတ်ပွဲတော်အမီ ပို့ပေးကြရသည်။

သီတင်းကျွတ်လဆန်းသည်နှင့် ဘောဂရပ်ကွက်၊ အပြင်တန်း အောက်ကြည့်မြင်တိုင်လမ်းမတစ်လျှောက်(ဗားကရာချောက်မှ တော်ဝင်လမ်းထိပ်၊ ပန်းတည်းတန်းဓမ္မာရုံကြီးရှေ့အထိ အိမ်တိုင်းစေ့ ဆိုင်ဖွင့်ရောင်းကြသည်။ အလွန်စည်ကားခဲ့သော မီးပုံးအရုပ်အရောင်းပွဲတော်ကြီးဖြစ်ခဲ့သည်။ ထိုသို့ရောင်းနိုင်ရန်အတွက် ဝါဦးအစမှပင် ကုန်ကြမ်းဝယ်ရန် ကြိုတင်ငွေချထားပေးရသည်။ မိမိတို့၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော ပန်းတည်းတန်းဘုရားထီးအရောင်းအဝယ်လုပ်ငန်းထက် အရုပ်လေးများနှင့် မီးပုံးများ အပြိုင်အဆိုင်ရောင်းကြရသည်ကို အလွန်ပျော်ခဲ့ကြရသည်။

ရောင်းအားကောင်းသည့်ရက်မှာ အဖိတ်နေ့၊ လပြည့်နေ့နှင့် လပြည့်ကျော်တစ်ရက်နေ့တို့ဖြစ်သည်။ မိုးလေကင်းလွတ်ပါက နောက်ဆုံးလပြည့်ကျော်တစ်ရက်နေ့တွင် ရှိသမျှကုန်သည့်အပြင် ကလေးများပူဆာလွန်းသဖြင့် ချန်ထားသည့် စက္ကူအပေါက်အပြဲကိုပင် ဖာထေး၍ ရောင်းချပေးရသည်အထိ ရောင်းအားကောင်းခဲ့သည်။ သို့သော် ထိုသုံးရက်တွင် မိုးကောင်းလွန်းသွားပါက အရင်းပင်ပြန်မရသည့်အခြေအနေမျိုးဖြင့်လည်း ကြုံခဲ့ရဖူးကြသည်။

ယခုအခါတွင် ထိုမြင်ကွင်းများသည် လုံးဝပျောက်ကွယ်သွားခဲ့ပြီဖြစ်ပြီး ပုံပြင်တစ်ခုကဲ့သို့သာ ရှိခဲ့ပြီဖြစ်သည်။ ရပ်ကွက်အတွင်း မီးပုံးနှင့် အရုပ်လေးများပြုလုပ်သူ နှစ်ဦး၊ သုံးဦးမျှသာ ကျန်ရှိတော့သည်။ လွန်ခဲ့သော ဆယ်စုနှစ် တစ်စုကျော်မှပင် မြန်မာပြည်တွင်းသို့ တရုတ်နိုင်ငံလုပ် မီးပုံးများ၊ မီးတွဲများ၊ ဈေးပေါပေါဖြင့် ဝင်လာခြင်းနှင့်အတူ ပလတ်စတစ်ဖြင့်ပြုလုပ်ထားသော မီးလင်း၊ အသံမြည် လက်တွန်းအရုပ်လေးများ ဝင်လာခဲ့ခြင်းကြောင့်ဖြစ်သည်။ မြန်မာမှုလက်ရာပစ္စည်းများနေရာတွင် ဆန်းသစ်သော တရုတ်ပစ္စည်းများက အင်နှင့်အားနှင့် အစားထိုးနေရာယူလာခဲ့ခြင်းကြောင့်ဖြစ်သည်။

မြန်မာမှုလက်ရာ မီးပုံးနှင့် အရုပ်လေးများကို ယခုအချိန်တိုင် ပြုလုပ်နေသေးသည့် ဘောဂရပ်ကွက် ပန်းတည်းတန်းမှ ဦးခင်မောင်ကြည်က "အခုတော့ မီးပုံးလုပ်ငန်း၊ အရုပ်လုပ်ငန်းက တဖြည်းဖြည်းနဲ့ ပျောက်ကွယ်သလောက်ဖြစ်လာပါပြီ၊ အနည်းအကျဉ်းပဲ လုပ်ရပါတော့တယ်။ တစ်ခါတစ်ခါ ဟိုတယ်ကြီးတွေ ကုမ္ပဏီကြီးတွေက အော်ဒါမှာတာလောက်ပဲရှိပါတော့တယ်" ဟု ရင်တွင်းစကားကို ဖွင့်ဟလေသည်။

**သတင်းဆောင်းပါး-တင်ဝင်းလေး(ကြည့်မြင်တိုင်)**
**ဓာတ်ပုံ-ဘော်ဂါသွေး**

## ဝေဿန္တရာပွဲတော်နှင့် ဝါကျွတ်ပွဲတော် ကျင်းပ

**မိုင်းယောင်း အောက်တိုဘာ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာအုပ်စု ဝမ်ဘိုးကျေးရွာ၌ ဝေဿန္တရာပွဲတော်နှင့် ဝါကျွတ်ပွဲတော်ကို အောက်တိုဘာ ၁၂ ရက်မှ ၁၆ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

ဝေဿန္တရာဇာတ်တော်တွင် ဝေဿန္တရာမင်းကြီးက ခုနစ်ရာ ခုနစ်လီ စတုဒိသာ အလှူတော်ပေးပွဲ၌ အစားအသောက်နှင့်အဝတ်အထည်များ၊ ဆင်ခုနစ်ရာ၊ မြင်းခုနစ်ရာ၊ နွားလားဥဿဖ ခုနစ်ရာ၊ နို့စားနွားမခုနစ်ရာ၊ ကျွဲခုနစ်ရာ၊ ဆိတ်ခုနစ်ရာမှစ၍ လှူဖွယ်ပစ္စည်းခုနစ်မျိုးကို ခုနှစ်ရာစီ စီမံ၍ အယုတ်၊ အလတ်၊ အမြတ်မရွေး အရပ်လေးမျက်နှာမှလာသော လူမျိုးစုံကို လှူဒါန်းသည်ကို အစွဲပြု၍ ဝေဿန္တရာပွဲတော်ကို ကျင်းပလေ့ရှိပြီး ဗုဒ္ဓဘာသာဝင်များသည် မိမိတို့ကိုးကွယ်သည့် ဘုန်းတော်ကြီးကျောင်းများတွင် ဆင်၊ မြင်း၊ နွား၊ ကျွဲ၊ ဆိတ်စသည့် အကောင်ရုပ်တုများကို ဝါးဖြင့်ပြုလုပ်၍ လှူဖွယ်ဝတ္ထုများချိတ်ကပ်လှူဒါန်းခြင်း၊ မီးထွန်းခြင်း၊ မီးရှူးဖောက်ခြင်း၊ မီးပုံပျံလွှတ်ခြင်းနှင့် ဆီမီးအလင်းရောင်တို့ဖြင့် ထွန်းညှိပူဇော်ပွဲများကို ကျင်းပကြသည်။



"ကျွန်တော်တို့ ဝမ်ဘိုးရွာက ၂၀၀၆ ခုနှစ်က ဝါကျွတ်ပွဲတော်ကျင်းပတာ တစ်ကြိမ်၊ ဒီနှစ် ၂၀၁၆ ခုနှစ်မှာ ၁၀ နှစ်ပြည့်ပြီး အလှည့်ကျလို့ တစ်ကြိမ်ပြန်လည်ကျင်းပခွင့်ရတာပါ၊ ဝမ်ဘိုးအုပ်စုမှာ ဝမ်ပါမုန်၊ ဝမ်ဖကျောက်၊ ဝမ်လောင့်ဟန်၊ ဝမ်နားဖန်၊ ဝမ်ထွိ၊ ဝမ်ယမ်းမ၊ ဝမ်ပုံ၊ ဝမ်ယမ်းလဲ၊ ဝမ်ခိုကဲ၊ ဝမ်ယန်းမွန်နှင့် ဝမ်ဘိုးကျေးရွာ ၁၁ ရွာက အလှည့်ကျ စုပေါင်းကျင်းပတဲ့ပွဲတော်ဖြစ်တယ်" ဟု ဝါကျွတ်ပွဲတော်ကျင်းပခြင်းနှင့် ပတ်သက်၍ ဝမ်ဘိုးကျေးရွာအုပ်ချုပ်ရေးမှူး ဦးအိုက်ကပြောသည်။

ဤကဲ့သို့ ဝါကျွတ်ပွဲတော်ကျင်းပခြင်းနှင့်အတူ ရှမ်းရိုးရာ ကိန္နရာအက၊ တိုးနရားအကနှင့် လမုန်းအကတို့ဖြင့် ဖျော်ဖြေကြခြင်းသည် ရှမ်းတိုင်းရင်းသားတို့၏ ယဉ်ကျေးမှုပုံရိပ်များဖြစ်သည်။ "ရှမ်းရိုးရာ မြေဝိုင်းလမုန်းအကကိုတော့ လာရောက်တဲ့ဧည့်သည်တွေက ပိုပြီးစိတ်ဝင်စားတယ်။ တန်းစီပြီး ခြေလက်တွေကို ဟန်ချက်ညီညီကပြတာက ဧည့်သည်တွေကို ဧည့်ခံတဲ့အချိန်မှာ ကပြတယ်။ ဘယ်ညာခြေသုံးလှမ်းတက် နောက်ခြေတစ်လှမ်းဆုတ်ပြီး ခြေလက်တွေကို ဟန်ချက်ညီညီကပြတာက အပျိုလူပျို နှစ်ယောက်တစ်တွဲကကြတယ်။ မြေဝိုင်းပြီး ပတ်လည်အကမှာတော့ ဧည့်သည်တွေ ပါဝင်ဆင်နွှဲကပြရင်း ဆုငွေတွေလည်း ထည့်ဝင်ကြတယ်"ဟု ရွာသားတစ်ဦးက ပြောသည်။

ပွဲတော်သို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပတ်ဝန်းကျင် ကျေးရွာများမှ အလှူရှင်များ၊ အနယ်နယ်အရပ်ရပ်မှ လေ့လာသူများနှင့် ဒေသခံပြည်သူများ တက်ရောက်၍ စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

## မန္တလေးတွင် အကျွတ်အလွတ် ဒါနပြုပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၈**

အကျွတ်အလွတ်ဒါနပြုပွဲကို မန္တလေးမြို့ တောင်အင်း မြောက်အင်း သုသာန်နှင့် အေးရိပ်ငြိမ် သုသာန်တို့တွင် ယနေ့နံနက် ၈ နာရီကပြုလုပ်ရာ အေးရိပ်ငြိမ် အကျွတ်အလွတ်ဒါနပြုပွဲတွင် တောင်တန်းသာသနာပြု တောင်စလင်းတိုက် ဆရာတော် ဦးတိက္ခအမှူးပြုသော ဆရာတော် သံဃာတော် ၂၉ ပါး၊ တောင်အင်း မြောက်အင်းတွင် ဓမ္မပါလ ဆရာတော် ဦးနန္ဒိယအမှူးပြုသော ဆရာတော် သံဃာတော် ၂၅ ပါး ကြွရောက် အမျှအတန်းပေးဝေကြပြီး တက်ရောက်လာသူများက သာဓုအနုမောဒနာ ခေါ်ဆိုကြသည်။

အကျွတ်အလွတ် ဒါနပြုပွဲကို နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ကျင်းပပြီး သေဆုံးပြီး မကျွတ်မလွတ်ဖြစ်နေသူများ (အာဝေနိကပုဂ္ဂိုလ်များ) အားရည်စူး၍ အလှူဒါနများပြုပြီး မေတ္တာပို့အမျှဝေခြင်းဖြစ်သည်။ ယင်းသို့ မေတ္တာပို့ အမျှဝေခြင်းမပြုမီ ကာလအတန်ကြာကပင် ဒါနပြုပွဲအတွက် အကျိုးဆောင်ကြသူများသည် ဒါနပြုပွဲပြုလုပ်မည့် သုသာန်များတွင် မကျွတ်လွတ်သေးသည့် ပုဂ္ဂိုလ်များအား ဖိတ်ခေါ်၍ သီးခြားနေရာပေးကာ အစားအစာများ စီစဉ်ပေးထားခြင်း၊ အကျွတ်အလွတ်ပွဲ မပြုလုပ်မီည (သီတင်းကျွတ်လပြည့်ည) သန်းခေါင်ယံအချိန်တွင် အသားဟင်းများ ချက်ပြီး သုသာန်နေရာအနှံ့တွင် ဖက်ရွက်များခင်း၍ ကျွေးမွေးခြင်းများ ဆောင်ရွက်ရာ မန္တလေးနှင့် အနီးဝန်းကျင်မှ လူများ ထောင်နှင့်ချီ၍ လာရောက်ကြကြောင်း တွေ့ရသည်။

ယခုနှစ်ကျင်းပသည့် အကျွတ်အလွတ် ဒါနပြုပွဲသည် (၂၉)ကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး အကျွတ်အလွတ်ဒါနပြုပွဲသို့ လူမှုရေးအသင်းအဖွဲ့ပေါင်း ၃၀ ကျော်က ကမကထပြု ပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်၊ အေးမြ(မန္တလေး)**

## ဈေးနယ်နိမိတ်ကျော်လွန်ရောင်းချသောဈေးဆိုင်များကြောင့် ယာဉ်အန္တရာယ်စိုးရိမ်နေရ

**ဆွာ အောက်တိုဘာ ၁၈**

ရေတာရှည်မြို့နယ် ဆွာမြို့ စည်ပင်သာယာဈေးသည် ကားလမ်းနှင့်ကပ်လျက်တည်ရှိသော ဈေးဖြစ်ပြီး အဆိုပါဈေးမှ ဈေးဆိုင်များမှာ ဈေးနယ်နိမိတ်ကို ကျော်လွန်ကာ ကားလမ်းနှင့်အလွန်နီးကပ်သည့်နေရာအထိ ဖွင့်လှစ်ရောင်းချနေသဖြင့် ယာဉ်မတော်တဆမှုများဖြစ်ပွားမည်ကို စိုးရိမ်နေရကြောင်း ဒေသခံအချို့ထံမှ သိရသည်။

ဆွာမြို့ စည်ပင်သာယာဈေးမှ ရထားဘူတာရုံသို့သွားသည့် လမ်းမြောက်ဘက်၌ မြို့နယ်စည်ပင်သာယာအဖွဲ့၏ ရေမြောင်းကိုကျော်ကာ ဈေးဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းမပြုရဟု တားမြစ်ထားသော်လည်း ဈေးဆိုင်များမှာ ကားလမ်းနှင့်အလွန်နီးကပ်သည့်နေရာများအထိ ကျူးကျော်ဖွင့်လှစ်လျက်ရှိ၍ ယာဉ်အန္တရာယ်အလွန်စိုးရိမ်နေရကြောင်း မြို့ခံများက ပြောကြားသည်။ "ဈေးဆိုင်တွေက ရှေ့တိုးလာတော့ ဆိုက်ကား၊ ဆိုင်ကယ်ကယ်ရီတွေက ကားလမ်း လမ်းပခုံးနားအထိ ရပ်တန့်ထားတာ။ ယာဉ်မောင်းတွေကလည်း မြို့တွင်းလမ်းဆိုပြီး အရှိန်မလျှော့ဘူး။ အဲဒါကြောင့် ဈေးဆိုင်တွေကို သတ်မှတ်နေရာအတိုင်း ရောင်းချစေချင်တယ်။ သက်ဆိုင်ရာ တာဝန်ရှိသူတွေကလည်း ကွင်းဆင်းကြပ်မတ်စေချင်တာပါ"ဟု မြို့မိမြို့ဖတစ်ဦးက ပြောသည်။

ရန်ကုန်-မန္တလေးကားလမ်းမကြီးတွင် နေ့စဉ် အစုန်အဆန်သွားလာလျက်ရှိသော ယာဉ်များမှာ စီးရေပိုမိုများပြားလာသည်နှင့်အမျှ ယာဉ်မတော်တဆမှုများလည်း မကြာခဏဆိုသလို ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

## အင်းတော်မြို့တွင် မြို့နယ်သတင်းထောက်အား နာမကျန်းထောက်ပံ့ငွေပေးအပ်

**အင်းတော် အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်မေတ္တာရပ်နေ အသက် (၇၁) နှစ်ရှိ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းထောက် ဦးကိုမင်းအား နာမကျန်းထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ ကို အင်းတော်မြို့ ဦးမောင်မောင်စိုးမိသားစုက အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် ၎င်းနေအိမ်၌ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်းနှင့် ကြေးမုံသတင်းထောက် ဦးကိုမင်းသည် လေဖြတ်ရောဂါစွဲကပ်နေပါသဖြင့် ကျန်းမာရေးဆေးကုသမှုခံယူရန် ယခုလို အိမ်တိုင်ရာရောက် လာရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**လူအောင်(ကသာ)**



## မန်ယူနဲ့အတူ အောင်မြင်မှုတွေရယူခဲ့တဲ့ တောင်ကိုရီးယားနိုင်ငံသား ပတ်ခ်ဂျီဆန်

တောင်ကိုရီးယားနိုင်ငံသား ပတ်ခ်ဂျီဆန်ဟာ မန်ယူမှာ ၂၀၀၅ ခုနှစ်ကနေ ၂၀၁၂ ခုနှစ်အထိ ကစားခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ သူဟာ မန်ယူနဲ့အတူ ပရီမီယာလိဂ်ဖလားလေးလုံး၊ ချန်ပီယံလိဂ်ဖလား တစ်လုံးရယူပေးနိုင်ခဲ့ပါတယ်။

၂၀၁၀ ခုနှစ် မတ်လက မန်ယူက လီဗာပူးကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့တဲ့ပွဲမှာ မန်ယူအတွက် အနိုင်ဂိုးကို ပတ်ခ်ဂျီဆန်က သွင်းယူပေးခဲ့တယ်လို့ ဆိုပါတယ်။ လွန်ခဲ့တဲ့ ခြောက်နှစ်က မန်ယူနဲ့အတူ အောင်မြင်မှုတွေ ရယူခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။

ယခုအခါမှာတော့ အသက် ၃၅ နှစ်အရွယ်ရှိ ပတ်ခ်ဂျီဆန်ဟာ အင်္ဂလန်ကို ပြန်လာခဲ့ပြီး ပညာသင်ကြားလျက်ရှိပါတယ်။ သူဟာ အားကစားဆိုင်ရာ MA ဘွဲ့အတွက် စီမံခန့်ခွဲမှု၊ ဥပဒေနဲ့ လူသားချင်းစာနာမှုဆိုင်ရာ ပညာရပ်တွေကို သင်ယူနေတယ်လို့ ဆိုပါတယ်။ တောင်ကိုရီးယားနိုင်ငံသား ပတ်ခ်ဂျီဆန်ဟာ နိုင်ငံ့လက်ရွေးစင်ဘောလုံးသမားအဖြစ် ပွဲပေါင်း ၁၀၀ ကစားပေးခဲ့ပြီး ၂၀၁၄ ခုနှစ်က ဘောလုံးကစားခြင်းမှ အနားယူခဲ့ပါတယ်။

**ကောင်းမြတ်သူ - စုစည်းသည်။**

## ပုံမှန်ပွဲထွက်ကစားခွင့် ဆုံးရှုံးနေတဲ့ ရှွန်းနေ

ရှွန်းနေဟာ မကြာသေးမီက ဝေဖန်ပြောဆိုမှုတွေနဲ့ ရင်ဆိုင်နေရတယ်လို့ မော်ရင်ဟိုက ပြောဆိုခဲ့ပါတယ်။ လွန်ခဲ့သော သုံးပွဲမှာ ရှွန်းနေဟာ အရံလူအဖြစ်သာ ထိုင်ခုံမှာရှိနေခဲ့ပါတယ်။

အသင်းခေါင်းဆောင်း ရှွန်းနေဟာ လွန်ခဲ့တဲ့ သတင်းပတ်က ဆလိုဗေးနီးယားနဲ့ ကစားတဲ့ပွဲမှာ အင်္ဂလန်အသင်းအတွက် ပါဝင်ကစားခွင့်မရခဲ့ပါဘူး။ မန်ယူအသင်းခေါင်းဆောင် ရှွန်းနေဟာ နာကျင်ခံစားမှုမှ ပြန်လည်ကောင်းမွန်လာဖို့ လိုအပ်နေပါတယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။

ဒီနှစ်ရာသီအစကတည်းက ရှွန်းနေဟာ နာကျင်ထိခိုက်ဒဏ်ရာတွေနဲ့ ရုန်းကန်နေရတယ်လို့ ဆိုပါတယ်။ ရှွန်းနေဟာ အင်္ဂလန်နဲ့ ဆလိုဗေးနီးယားကစားတဲ့ပွဲမှာလည်း လူစားအဖြစ်သာရှိနေခဲ့ပါတယ်။ ရှွန်းနေအနေနဲ့ ဝေဖန်မှုတွေကို တုံ့ပြန်နိုင်ဖို့ ခြေစွမ်းပြကစားသွားဖို့ များစွာလိုအပ်နေတယ်လို့ မော်ရင်ဟိုက ဆိုပါတယ်။

သို့သော်လည်း မော်ရင်ဟိုအနေနဲ့ ရှွန်းနေကို ကွင်းလယ်ကစားသမားအဖြစ် ကစားခွင့်ရဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။ သူဟာ တိုက်စစ်မှူးဘဝက ကွင်းလယ်ကစားသမားအဖြစ်လည်း ကစားနိုင်သူဖြစ်ပါတယ်။ ရေရှည်မှာတော့ ရုန်းကန်နေရတဲ့ ရှွန်းနေကို ဘယ်လိုအဆုံးသတ်မလဲဆိုတာ မန်ယူပရိသတ်တွေက စောင့်ကြည့်နေကြပါတယ်။

# ဘာစီလိုနာနဲ့ မန်စီးတီးတို့ ထိပ်တိုက်တွေ့ပြီ

*ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)ကို အောက်တိုဘာ ၁၉ ရက် မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ ဘာစီလိုနာနဲ့ မန်စီးတီးပွဲက ပွဲကောင်းအဖြစ် မြင်တွေ့ရမှာဖြစ်သလို နည်းပြ ဂွာဒီယိုလာရဲ့ အသင်းဟောင်းနဲ့ ပြန်လည်ဆုံတွေ့မှုမှာ ဘယ်လိုရလဒ်ထွက်ပေါ်လာမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေပါတယ်။ ကစားသမားကောင်းတွေ စုဖွဲ့ထားတဲ့ အသင်းတွေ ထိပ်တိုက်တွေ့မယ့်ပွဲစဉ်တွေကြောင့် ပရိသတ်အကြိုက် အားပေးခွင့်ရရှိကြဦးမှာ ဖြစ်ပါတယ်။*



**မိုးမြင့်လင်းလက်**

### ဘာစီလိုနာနှင့် မန်စီးတီး

အုပ်စု(C)မှာတော့ နှစ်ပွဲကစားပြီးချိန်မှာ ဘာစီလိုနာက ခြောက်မှတ်ရထားပြီး အုပ်စုကိုဦးဆောင်နေသလို မန်စီးတီးတို့က လေးမှတ်နဲ့ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။ ဘာစီလိုနာရဲ့ တိုက်စစ်က အကောင်းဆုံးစွမ်းဆောင်မှုကို ပြသထားနိုင်သလို ခံစစ်ပိုင်းကလည်း မာကျောသိပ်သည်းမှု အပြည့်ရှိနေပါတယ်။ မန်စီးတီးတို့ကလည်း တိုက်စစ်မှာ နားလည်မှုရှိရှိနဲ့ ထိုးဖောက်နိုင်စွမ်းရှိပေမယ့် ဘာစီလိုနာကိုတော့ ယှဉ်နိုင်ဖို့မလွယ်ပါဘူး။ မန်စီးတီးရဲ့ ခံစစ်က အားနည်းချက်ရှိတာမို့ ဘာစီလိုနာတိုက်စစ်ကို ဟန့်တားထိန်းချုပ်ဖို့ ခက်ခဲပါလိမ့်မယ်။ တစ်ဦးချင်းရော အသင်းလိုက်ပါ အားသာချက်ရှိနေတဲ့ ဘာစီလိုနာတို့ပဲ နိုင်ပွဲရသွားဖို့များပါတယ်။

### အာဆင်နယ်နှင့် လူဒိုဂိုရတ်စ်

အုပ်စု(A)မှာ အာဆင်နယ်တို့က နှစ်ပွဲကစားပြီး လေးမှတ်ရရှိထားပါတယ်။ လူဒိုဂိုရက်စ်တို့ကတော့ တစ်မှတ်သာရရှိထားလို့ မျှော်လင့်ချက်မှေးမှိန်နေပြီဖြစ်ပါတယ်။ အခုတလော ပုံမှန်ခြေစွမ်းပြသနိုင်နေတဲ့ အာဆယ်နယ်တို့ကတော့ ခံစစ်ပိုင်းလျော့ရဲ့နေတဲ့ လူဒိုဂိုရက်စ်တို့ကို အမှတ်ခွဲပေးမှာ မဟုတ်ပါဘူး။ ဒါပေမယ့် အာဆင်နယ်ရဲ့တိုက်စစ်က တစ်ခါတစ်ရံ ပြိုင်ဘက်ဂိုးဧရိယာအတွင်းမှာ အပျက်များနေတတ်တာမို့ သတိထားရပါလိမ့်မယ်။ အကြိုက်က အာဆင်နယ်ဖြစ်ပြီး သုံးမှတ်အပြည့်ရယူသွားပါလိမ့်မယ်။

### ပီအက်စ်ဂျီနှင့် ဘေဆယ်

အုပ်စု(A)မှာတော့ ပီအက်စ်ဂျီတို့ လေးမှတ်ရရှိနေသလို ဘေဆယ်တို့ကတော့ တစ်မှတ်သာရရှိထားပါတယ်။ တိုက်စစ်ပိုင်းမှာ ပီအက်စ်ဂျီတို့က အားသာချက်ရှိပြီး ခံစစ်ပိုင်းမှာတော့ ကွာခြားမှုမရှိပါဘူး။ ဘေဆယ်တို့က တိုက်စစ်ရော ခံစစ်မှာပါ လိုအပ်ချက်တွေရှိနေတာမို့ အခုပွဲမှာ မျှော်လင့်ချက်ကြီးကြီးမားမားထားလို့ မရနိုင်ပါဘူး။ နည်းပြ အမ်မရီရဲ့ ပီအက်စ်ဂျီအသင်းဟာ အီဗရာဟီမိုဗစ်လို တိုက်စစ်မှူးမရှိတော့ပေမယ့် ပုံစံမပျက်ရှိနေတဲ့ တိုက်စစ်ကြောင့် ဒီပွဲမှာ ပီအက်စ်ဂျီတို့ပဲ အောင်ပွဲခံသွားပါလိမ့်မယ်။

### ဘိုင်ယန်မြူးနစ်နှင့် ပီအက်စ်ဗွီ

အုပ်စု(D)မှာ ဘိုင်ယန်မြူးနစ်တို့က နှစ်ပွဲကစား၊ သုံးမှတ်ရရှိနေပြီး ပီအက်စ်ဗွီတို့က တစ်မှတ်ပဲရရှိထားပါတယ်။ ဘိုင်ယန်မြူးနစ်တို့ရဲ့တိုက်စစ်မှူးတွေက ဂိုးသွင်းယူနိုင်သလို ခံစစ်မှူးတွေကလည်း တည်တည်ငြိမ်ငြိမ်နဲ့ ပြိုင်ဘက်တိုက်စစ်မှူးတွေကို ဟန့်တားထိန်းချုပ်နိုင်ပါတယ်။ ပီအက်စ်ဗွီနည်းပြ ဖီလစ်ကိုကူးက တိုက်စစ်ဖွင့်ကစားတဲ့ဟန်နဲ့ နည်းဗျူဟာပြောင်းလဲပြီး ဆန်းသစ်နေတာမို့ နိုင်ပွဲရအောင်စွမ်းဆောင်ထားနိုင်ပါတယ်။ ဒါပေမယ့် ရှေ့၊ လယ်၊ နောက် ဟန်ချက်ညီပြီး တစ်သင်းလုံး နားလည်မှုရှိရှိနဲ့ ကစားနိုင်တဲ့ ဘိုင်ယန်မြူးနစ်ကို ပီအက်စ်ဗွီတို့ ပွဲကျပ်အဖြစ် ကစားရပါလိမ့်မယ်။ ဒီနှစ် ချန်ပီယံလိဂ်ဖလားကို ရယူဖို့ မျှော်မှန်းနေတဲ့ ဘိုင်ယန်မြူးနစ်ဟာ ဒီပွဲကို အနိုင်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။

### ရော့စတော့ဗ်နှင့် အက်သလက်တီကို

အုပ်စု(D)မှာ ခြေစွမ်းကောင်းပြသနေတဲ့ အက်သလက်တီကိုဟာ နှစ်ပွဲကစားပြီးချိန်မှာ ခြောက်မှတ်ရရှိထားပါတယ်။ ရော့စတော့ဗ်တို့ကတော့ တစ်မှတ်သာရရှိထားတာမို့ အခုပွဲမှာ အက်သလက်တီကိုကို ခံပြီး ကစားပါလိမ့်မယ်။ နည်းပြ ဆီမြူနီရဲ့ အက်သလက်တီကို အသင်းဟာ ဗာဆယ်ကို၊ ဂါမဲရိုး၊ ဂိုင်တန်တို့လို ကစားသမားသစ်တွေကို အားဖြည့်နိုင်ခဲ့လို့ အခုဆိုရင် တောင့်တင်းတဲ့အသင်းအဖြစ် ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်နေတာဖြစ်ပါတယ်။ လက်ရှိခြေစွမ်းကလည်း ကောင်းမွန်နေတာမို့ အခုပွဲမှာ ရော့စတော့ဗ်တို့ မလွယ်ပါဘူး။ အက်သလက်တီကိုတို့ နိုင်ပွဲဆက်ပါလိမ့်မယ်။

### ဆဲလ်တစ်နှင့် မိုချန်ဂလာဘတ်

အုပ်စု(C)မှာ ဆဲလ်တစ်က နှစ်ပွဲကစားပြီး တစ်မှတ်သာရရှိနေသလို မိုချန်ဂလာဘတ်တို့ကလည်း အမှတ်မရသေးပါဘူး။ ဆဲလ်တစ်ခံစစ်ပိုင်းက အမှားအယွင်းများနေပြီး နှစ်ပွဲကို ၁၀ ဂိုးအထိ ပေးထားခဲ့ရတာကလည်း စိတ်ပျက်စရာဖြစ်နေပါတယ်။ မိုချန်ဂလာဘတ်တို့ကလည်း တိုက်စစ်ပိုင်းအားနည်းချက်ရှိပြီး ပြိုင်ဘက်ခံစစ်ကြောင်းကို ထိထိရောက်ရောက် မထိုးဖောက်နိုင်ဘဲ ဖြစ်နေပါတယ်။ နှစ်သင်းစလုံး စွမ်းဆောင်မှုအပိုင်းရော အားနည်းချက်အပိုင်းပါ ကွာဟမှုမရှိတာကြောင့် အခုပွဲဟာ သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။ ။



## အဲဗာတန်နည်းပြ ရော်နယ်ကိုးလ်မန်းရဲ့ တပည့်ဖြစ်ခဲ့ဖူးတဲ့ ဂွါဒီယိုလာ

ဂွါဒီယိုလာနဲ့ ရော်နယ်ကိုးလ်မန်းတို့ဟာ ဘာစီလိုနာအသင်းမှာ အလုပ်တူတူလုပ်ခဲ့ကြသူတွေလို့ ဆိုပါတယ်။ သူတို့နှစ်ဦးဟာ ဘာစီလိုနာအသင်းနဲ့အတူ ၁၉၉၀ ပြည့်လွန်နှစ်များက ဘာစီလိုနာကစားသမားတွေနဲ့အတူ ရှိနေခဲ့ပြီး စပိန်စူပါဖလားသုံးလုံး အပါအဝင် ဖလားလေးလုံးရအောင် ကစားပေးနိုင်ခဲ့ပါတယ်။

ကိုးလ်မန်းပြီးတဲ့နောက် ဂွာဒီယိုလာဟာ ဘာစီလိုနာအသင်းရဲ့ အောင်မြင်မှုတွေ ရယူနိုင်အောင် အသင်းကိုဆက်လက်ထိန်းထားပေးနိုင်ခဲ့ပါတယ်။ ဂွာဒီယိုလာဟာ ကိုးလ်မန်းရဲ့တပည့်တစ်ဦးဖြစ်ခဲ့ပါတယ်။ သို့ပေမယ့် သူတို့နှစ်ဦးဟာ ပရီမီယာလိဂ်မှာတော့ ပြိုင်ဘက်တွေဖြစ်လာကြပါတယ်။

ကိုးလ်မန်းက အဲဗာတန်အသင်းရဲ့နည်းပြဖြစ်ချိန်မှာ ဂွာဒီယိုလာကတော့ မန်စီးတီးအသင်းရဲ့နည်းပြဖြစ်လာခဲ့ပါတယ်။ စနေနေ့ ပြိုင်ပွဲမှာတော့ ဂွာဒီယိုလာနဲ့ ကိုးလ်မန်းတို့ဟာ ပရီမီယာလိဂ်မှာ ပထမဆုံး ဆုံတွေ့မှုဖြစ်ပါတယ်။ ကိုးလ်မန်းနဲ့ ဂွာဒီယိုလာတို့ဟာ ယနေ့အချိန်မှာတော့ ပြိုင်ဘက်ဖြစ်နေပါပြီ။ ဂွာဒီယိုလာဟာ လက်ရှိအချိန်မှာတော့ အောင်မြင်မှုတွေရရှိနေပါတယ်။

## တစ်ပတ်ပေါင်နှစ်သိန်း လိုချင်တဲ့ အိုဇေးလ်

အာဆင်နယ်အသင်းအနေနဲ့ ပရီမီယာလိဂ်ဖလား ရယူနိုင်ဖို့ ကြိုးစားရာမှာ အိုဇေးလ်ဟာ အဓိကဖြစ်နေပြီး မကြာမီ ထပ်မံစာချုပ်သစ်ချုပ်ဆိုသွားဖွယ်ရှိနေပါတယ်။ အိုဇေးလ်အနေနဲ့ လက်ရှိစာချုပ်မှာ ၂၀၁၈ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပြီး သူ့အနေနဲ့ တစ်ပတ်လုပ်ခလစာကို ပေါင်နှစ်သိန်းအထိ အလိုရှိနေတယ်လို့ ဆိုပါတယ်။ အာဆင်နယ်အသင်းရဲ့ ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်အောင် ကြိုးစားရာမှာ အိုဇေးလ်ဟာ အဓိကလူဖြစ်ကြောင်းလည်း နည်းပြအာစင်ဝင်းဂါးက ယုံကြည်ထားပါတယ်။ လက်ရှိအာဆင်နယ်အသင်းမှာလည်း ခြေစွမ်းပြကစားလိုတဲ့ ကစားသမားဖြစ်ပါတယ်။

# ပြောင်းအထွက်နှုန်းကောင်းမွန်ရန် မျိုးစေ့ကို သိုလှောင်သိမ်းဆည်းရာတွင် တောင်သူများအနေဖြင့် သဘာဝအတိုင်းသိုလှောင်မှု များပြားလာ



**ရေတာရှည် အောက်တိုဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စစ်တောင်းမြစ်ကြောင်း တစ်လျှောက် ဒေသများသည် ပြောင်းအမျိုးမျိုးနှင့် ပဲမျိုးစုံကို အဓိကစိုက်ပျိုးသော ဒေသများဖြစ်ပြီး ယခုနှစ်တွင် ရာသီဥတုအပြောင်းအလဲမြန်ဆန်ခြင်းကြောင့် တောင်သူများအနေဖြင့် မျိုးစေ့အဖြစ်ထားရှိသည့် ပြောင်းဖူးများကို သဘာဝအတိုင်း သိုလှောင်ထိန်းသိမ်းမှုများ ပြုလုပ်လာကြကြောင်း သိရသည်။

မျိုးစေ့အဖြစ်ထားရှိမည့်ပြောင်းများကို လေဝင်လေထွက်ကောင်းမွန်စေရန်နှင့် နေရောင်ခြည်ကျရောက်မှုမှန်ကန်စေရန် စင်ထိုးချိတ်ဆွဲ၍ သိုလှောင်ထားကြသည်ကို တွေ့ရသည်။ ထိုသို့ သဘာဝအတိုင်း သိုလှောင်ထားခြင်းက ခြွေထားသောမျိုးများထက် အထွက်နှုန်းပိုကောင်းကြောင်း ဒေသခံပြောင်းစိုက်တောင်သူများထံမှ သိရသည်။

"ချက်ချင်းချွေပြီးတဲ့ပြောင်းတွေကိုလည်း အခြောက်ခံရတာပဲ။ ဒါပေမယ့် အဲဒီလိုထားတဲ့ပြောင်းမျိုးတွေက အထွက်နှုန်း လျော့တာတွေ့ရတယ်။ အခုကျွန်တော်တို့လည်း လုပ်ငန်းအတွေ့အကြုံအရ သဘာဝနည်းနဲ့မျိုးလုပ်တာ တင်းနှစ်ဆယ်လောက် ပိုထွက်တာတွေ့ရတယ်"ဟု ကက္ကူကျေးရွာမှ ဒေသခံပြောင်းစိုက်တောင်သူတစ်ဦးက ပြောသည်။

ပြောင်းစိုက်ပျိုးသည့်တောင်သူများအနေဖြင့် စားပြောင်းအပြင် ဈေးကွက်တွင် ကြက်စာအဖြစ်လည်းကောင်း၊ မုန့်မျိုးစုံလုပ်ငန်းများအတွက်လည်းကောင်း အသုံးပြုသည့် ပြောင်းမျိုးများကိုလည်း စိုက်ပျိုးလျက်ရှိပြီး စားပြောင်းမှာ ဒေသတွင်းသို့ တင်ပို့ရောင်းချ၍ အခြားသော ပြောင်းမျိုးများကို တရုတ်နိုင်ငံဈေးကွက်နှင့် ပြည်တွင်းလုပ်ငန်းရှင်များထံသို့ တင်ပို့ရောင်းချရကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ရပ်ကွက်/ကျေးရွာများ၌ ဝါတွင်းဆွမ်းသိမ်းအောင်ပွဲနှင့် ဘုရားပွဲများ စည်ကားစွာ ကျင်းပလျက်ရှိ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၈**

ဝါတွင်းကာလပြီးမြောက်ခဲ့ပြီဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာများအလိုက် ဝါတွင်းနောက်ဆုံးသီတင်းပတ် ဆွမ်းသိမ်းအောင်ပွဲများကို ကျင်းလျက်ရှိသလို ဓမ္မာရုံဘုရားပွဲ၊ ကျေးရွာဘုရားပွဲများကိုလည်း မိမိတို့ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။



ကျောက်ပန်းတောင်းမြို့တွင် ရပ်ကွက်(၁၂)ရပ်ကွက်ရှိရာ မိမိတို့ရပ်ကွက်အလိုက် ဓမ္မာရုံ ဆွမ်းသိမ်းအောင်ပွဲများနှင့် ဘုရားပွဲများကို အပြိုင်အဆိုင် ကျင်းပလေ့ရှိကြပြီး အချို့ရပ်ကွက်များတွင် မြန်မာ့ရိုးရာ ခြင်းအလှခတ်ပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပကြသည်။ အချို့ကျေးရွာများတွင် ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲများကို ပြုလုပ်ကြသည့်အပြင် ရပ်ကွက်၊ကျေးရွာအလိုက် အရပ်ပြဇာတ်ကခြင်း၊ ဇာတ်ပွဲများဖြင့် ဧည့်ခံဖျော်ဖြေခြင်းများကို မိမိတို့ရန်ပုံငွေအနေအထားအရ ထည့်သွင်းလေ့ရှိကြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် သီတင်းကျွတ်လဆန်း ၁၂ ရက်မှစတင်၍ ဘုရားပွဲများ စတင်ကျင်းပလျက်ရှိပြီး မီးကြာလှည့်ခြင်း၊ တံခွန်သွင်းခြင်း စသည့် အစီအစဉ်များ ပါဝင်သဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသလို လပြည့်ညကလည်း မြို့ပေါ်ရှိ ဘုရားပုထိုးစေတီများ၌ ဆီမီးပူဇော်ရန် လာရောက်သူများ၊ ပန် ရေချမ်းကပ်လှူသူများဖြင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။ ဘုရားဖူးလာရောက်သူများကိုလည်း သက်ဆိုင်ရာ ဘုရားစေတီဂေါပကအဖွဲ့များ၊ ဝေယျာဝစ္စ လူငယ်မောင်မယ်များက အစားအသောက်များ တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြပြီး ဘုရားစေတီတိုင်း တွင် ဘုရားဖူးပြည်သူ များဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**နေအောင်(iprd)**

# စက်မှုလယ်ယာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် လေးဘီးထွန်စက် စွမ်းရည်ပြပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၈**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အဓိကအားထားရသော နိုင်ငံဖြစ်သည်နှင့်အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းလျက်ရှိသည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းခြင်း၏ အဓိကအားသာချက်မှာ လုပ်ငန်းခွင်တွင် လုပ်သားငှားရမ်းခ စရိတ်သက်သာခြင်း၊ အချိန်ကုန်ကျမှု လျော့နည်းခြင်းတို့ဖြစ်ပြီး ထို့သို့ အချိန်ကုန်မှု နည်းသည့်အတွက် သီးထပ်စိုက်ပျိုးနိုင်ခြင်းကြောင့် တောင်သူများ၏ စီးပွားရေးကို သိသိသာသာတိုးမြှင့်လာနိုင်စေခြင်းတို့ဖြစ်သည်။

တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်များတွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် အဓိကအထောက်အကူဖြစ်စေမည့်လေးဘီးထွန်စက် စွမ်းရည်ပြပွဲကို စက်မှုလယ်ယာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် Good Brother ကုမ္ပဏီနှင့် Siam Kubota Corporation တို့ပူးပေါင်း၍ အောက်တိုဘာ ၁၃ ရက်က ဒက္ခိဏသီရိမြို့နယ် ကျွန်းတဲ့ပဲ့ကျေးရွာရှိ အဆင့်မြင့်လယ်ယာမြေကေ ၃၀၀ ကွင်း၌ ပြုလုပ်ခဲ့သည်။

ထွန်စက်စွမ်းရည်ပြပွဲတွင် နေပြည်တော်ကောင်စီဝင် နေပြည်တော်လယ်ယာမြေတာဝန်ခံ ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး Kubota(G.B.S) ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် Siam Kubota Corporation မှ တာဝန်ရှိသူများက ကူဘိုတာ လေးဘီးထွန်စက် မော်ဒယ်အသစ်ဖြစ်သည့် L 4018 နှင့် နောက်ဆက်တွဲပစ္စည်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး ကူဘိုတာ L 4018 နှင့် M 6040 ကူဘိုတာ ကောက်စိုက်စက်၊ ကူဘိုတာစပါးရိတ်သိမ်းခြွေလှေ့စက်များကို လက်တွေ့မောင်းနှင်၍ စွမ်းရည်ပြသခဲ့သည်။ ထွန်စက်စွမ်းရည်ပြပွဲသို့ စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်ဦးကြိုင်၊ တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကျော်စိုးနှင့် ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ အဆင့်တာဝန်ရှိသူများ၊ နေပြည်တော် ရှစ်မြို့နယ်မှ တောင်သူများနှင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သည့် စက်ပိုင်တောင်သူများ တက်ရောက်လေ့လာခဲ့ကြသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## မှုခင်းသတင်းတိုများ

### စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

တနင်္သာရီတိုင်းဒေသကြီးအတွင်း ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကံပေါက်ကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများကို အောက်တိုဘာ ၁၅ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ ကံပေါက်နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်လွင်နှင့်အဖွဲ့က သက်သေ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်နိုင်နှင့်အတူ သတင်းအရ ကံပေါက်ကျေးရွာနေ ဒေါ်အေးပု၏နေအိမ်သို့ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၀ (အလေးချိန် ခြောက်ဂရမ်)ကို တွေ့ရှိခဲ့သဖြင့် ရှာဖွေပုံစံဖြင့်သိမ်းဆည်းပြီး အိမ်ရှင်ဒေါ်အေးပုနှင့်အတူ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲရန် ရောက်ရှိနေသည့် ကိုကိုမိုး(ခ)ငယ်ငယ်နှင့် အောင်ဇော်ဝင်းတို့အား ကံပေါက်နယ်မြေရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### အုတ်လုပ်ထားသော ရေကန်အတွင်း လူတစ်ဦးရေနစ်သေဆုံး

တိုက်ကြီးမြို့ ဥပ္ပံစုရပ်ကွက် ပဋ္ဌလကျေးရွာအနီး အုတ်လုပ်ထားသော အုတ်ကွင်းဟောင်း ရေကန်ထဲတွင် အောက်တိုဘာ ၁၅ ရက်က လူတစ်ဦးရေနစ်သေဆုံးခဲ့ကြောင်း တိုက်ကြီးရဲစခန်းမှသိရသည်။ တိုက်ကြီးမြို့မရဲစခန်း ခေတ္တစခန်းမှူး ရဲအုပ်မျိုးခိုင်နှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဖြစ်စဉ်ကို သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အုတ်လုပ်သား ကျော်မင်းထွန်း(၂၈ နှစ်)ဖြစ်ပြီး အနက် ၁၀ ပေခန့်ရှိ ရေကန်အတွင်း ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိဘဲ ရေနစ်သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဓမ္မတာတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

### အမျိုးသမီးကြီးတစ်ဦး ရေနစ်သေဆုံး

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကြံကြိတ်ကျေးရွာနှင့် စပါယ်ချောင်ကျေးရွာကြား ရေနုတ်မြောင်းအတွင်း အသက် ၇၇ နှစ်အရွယ် အမျိုးသမီးကြီးတစ်ဦး အောက်တိုဘာ ၁၆ ရက်က ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။ ရေနစ်သေဆုံးသူမှာ ကြံကြိတ်ကျေးရွာနေ ဒေါ်ရင်လှိုင်ဖြစ်ပြီး မွန်းလွဲ ၁ နာရီခန့်က နောက်ဖေးသွားမည်ဟုပြောပြီး မတွေ့တော့သဖြင့် လိုက်လံရှာဖွေရာ ကြံကြိတ်ကျေးရွာနှင့် စပါယ်ချောင်ကျေးရွာကြား တံတားအောက် အကျယ်ပေ ၃၀ ပေ၊ အနက် ၁၅ ပေရှိ ရေနုတ်မြောင်းအတွင်း မှောက်လျက် သေဆုံးနေသည်ကိုတွေ့ရှိသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် သုံးခွမြို့မရဲစခန်း က အမှုဖွင့်စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**

### တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ်ခွဲသားများဖမ်းဆီးရမိ

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တိုက်ကြီးတိုးဂိတ်အနီး၌ တရားမဝင် ကျွန်းသစ်ခွဲသားများ တင်ဆောင်လာသောယာဉ်တစ်စင်းကို အောက်တိုဘာ ၁၆ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်သက် ဦးဆောင်သော သစ်တောဝန်ထမ်းများနှင့် မူးယစ်တပ်ဖွဲ့စု(၄၀)မှ ရဲအုပ်စိုးနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များပူးပေါင်းအဖွဲ့က တိုက်ကြီးတိုးဂိတ်၌ ရှာဖွေစစ်ဆေးစဉ် ယာဉ်အမှတ် YGN 3I ---- တပ်ဆင်ထားသော Container Box ခြောက်ဘီးယာဉ်ပေါ်မှ တရားမဝင် ကျွန်းသစ်ခွဲခြမ်း ၁၆ ခြမ်း(အလေးချိန် ၃ ဒသမ ၃၅၁ တန်)ကို ဖမ်းဆီးရမိခဲ့ပြီး ယာဉ် ပေါ်တွင် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်၊ ကုန်စည်ပို့ဆောင်မှုကတ်များအပြင် ယာဉ်နံပါတ်ပြားအပို သုံးခုကိုပါ တွေ့ရှိသဖြင့် ယာဉ်မောင်း တင်သိန်း(၃၂ နှစ်)နှင့် ယာဉ်နောက်လိုက် ဇော်မျိုးထက်(၃၆ နှစ်)တို့အား တိုက်ကြီးရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

### မူးယစ်ကွင်းဆက်တရားခံနှစ်ဦးထံမှ စိတ်ကြွဆေးပြားများ ဖမ်းမိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့ တာကြန့်ကျေးရွာအုပ်စု ဆမ်းမိန်းကျေးရွာ၌ ကောက်သစ်စားပွဲကျင်းပရာနေအိမ်၌ မူးယစ်ကွင်းဆက်တရားခံ ရောက်ရှိနေကြောင်း သတင်းအရ သွားရောက်ဖမ်းဆီးရာမှ စိတ်ကြွဆေးပြား ၁၅၄၂ ပြားကို အောက်တိုဘာ ၁၅ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း မိုင်းယုနယ်မြေရဲစခန်းမှ သိရသည်။ ဆမ်းမိန်းကျေးရွာရှိ ဦးအားဘူးနေအိမ်၌ ကောက်သစ်စားပွဲကျင်းပနေစဉ် မူးယစ်ကွင်းဆက်တရားခံနှစ်ဦးဖြစ်သော မောထူး(၄၆ နှစ်)နှင့် လုဝင်း (၃၆ နှစ်)တို့ နှစ်ဦး ရောက်ရှိနေကြောင်းသတင်းအရ မိုင်းယုနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ဟိန်းဝဏ္ဏမောင်နှင့် တပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးရာမှ ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွဆေးပြားစုစုပေါင်း ၁၅၄၂ ပြားကို ဖမ်းမိခဲ့ခြင်းဖြစ်၍ မောထူးနှင့် လုဝင်းတို့အား မိုင်းယုနယ်မြေ ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### ယာဉ်အရှိန်မထိန်းနိုင်၍လမ်းဘေးသစ်ပင်ကိုဝင်တိုက်

ပြည်ခရိုင် ပန်းတောင်းမြို့နယ်အတွင်း ပြည်-တောင်ကုတ် လမ်းမကြီးပေါ် ဒေါင်းမြတ်နားကျေးရွာအနီး၌ ယာဉ်တစ်စီးအရှိန်လွန်၍ လမ်းဘေးသစ်ပင်ကို ဝင်တိုက်မှု အောက်တိုဘာ ၁၅ ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ယာဉ်မောင်းသူမှာ ဥသျှစ်ပင်မြို့နေ ကိုကိုမောင်(၃၂ နှစ်)ဖြစ်ပြီး တိုယိုတာမတ်တူးယာဉ်ကို မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ကို ဝင်တိုက်ခဲ့ခြင်းဖြစ်ကာ ယာဉ်တိုက်မှုကြောင့် ကိုကိုမောင်နှင့် ယာဉ်ပေါ်ပါသူ ဇာနည်တို့တွင် ဒဏ်ရာများရရှိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းသူ ကိုကိုမောင်အား ပန်းတောင်းမြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **အောင်မြင့်(ပန်းတောင်း)**

# ရောဂါဆန်းဖြစ်ပွားနေသော မိန်းကလေးအတွက် ဆေးဝါးများလှူဒါန်း

**မော်လူး အောက်တိုဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးမြို့(၆)ရပ်ကွက်နေ ဦးစောအေး-ဒေါ်ခိုင်ချိုချိုတို့၏သမီး အသက် ၁၃ နှစ်အရွယ် မိန်းကလေးတစ်ဦးတွင် ဖြစ်ပွားနေသော အရေပြားရောဂါနှင့်ဆင်တူသည့် ရောဂါဆန်းကို ကုသနိုင်ရန်အတွက် နေပြည်တော်မှ စေတနာရှင်မိသားစုတစ်စုက ဆေးဝါးများကို အောက်တိုဘာ ၁၆ ရက်က ပေးပို့လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆေးဝါးကုသိုလ်ဖြစ်အလှူရှင်မိသားစုမှာ ဦးဝင်းမြင့်ဦး-ဒေါ်ဝါဝါစိုးတို့ဖြစ်ပြီး ရောဂါဆန်းဖြစ်ပွားနေသော မိန်းကလေးအတွက် တန်ဖိုး ကျပ် ၁၀၈၀၀၀ ရှိ လိမ်းဆေးရည် ၃၆ ဘူးကို မော်လူးမြို့နေ မြန်မာ့အလင်းသတင်းထောက် ဦးခင်မောင်ဆွေထံမှတစ်ဆင့် ပေးပို့ခဲ့ခြင်းဖြစ်ကာ ဆေးဝါးများကို ဦးခင်မောင်ဆွေက အဆိုပါမိန်းကလေးထံသို့ အောက်တိုဘာ ၁၆ ရက်က နေအိမ်အရောက် သွားရောက်ပေးပို့ခဲ့သည်။ အဆိုပါမိန်းကလေး၏ ထူးဆန်း သည့်ရောဂါ ပျောက်ကင်းစေရန်အတွက် အမြို့မြို့အနယ်နယ်မှ စေတနာရှင်များက ဆေးဝါးနှင့်အလှူငွေများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။ (၀၆၉)

# လူငယ်နဲ့ အလေ့အကျင့်

**အောင်အောင် (IR)**

လူတစ်ယောက် အောင်မြင်ကြီးပွား တိုးတက်ချင်တယ်ဆိုရင် အလေ့အကျင့်ကောင်းတွေရှိဖို့ လိုပါတယ်။ အလေ့အကျင့်ကောင်းဆိုတာ ပြောရတာကတော့ လွယ်ပါတယ်။ ပြုစုပျိုးထောင်ရဖို့ကျတော့ ခက်ခဲနေတတ်တယ်။ တကယ်တော့ မြန်မာနိုင်ငံမှာ သယံဇာတတွေ ပေါများကြွယ်ဝရဲ့သားနဲ့ နိုင်ငံသားအများစု ဆင်းရဲနွမ်းပါးချို့တဲ့နေရတာဟာ လူတွေမှာအလေ့အကျင့်ကောင်းတွေ နည်းပါးနေလို့ဖြစ်ပါတယ်။ ဆင်းရဲမွဲတေမှုနဲ့ ပတ်သက်ရင် အစိုးရတွေအုပ်ချုပ်မှုညံ့ဖျင်းလို့တို့၊ ပညာရေးစနစ်မကောင်းလို့တို့၊ လာဘ်ပေးလာဘ်ယူတို့၊ နောက်ဆုံး နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအထိအပြစ်တင်လို့ရတယ်ဗျာ။ ဒီလိုလည်း အပြစ်တင်နေကြပါတယ်။ ဒီလိုအပြစ်တင်နေမှုတွေဟာမှန်ကန်ပါတယ်။ ငြင်းဆိုလို့ မရပါဘူး။ ဒါပေမယ့် ပြဿနာကလူတွေက အဲဒီလိုကိစ္စအကြီးကြီးတွေကိုအပြစ်တင်ရင်း ကိုယ်ကိုယ်တိုင် ပြုပြင်ပြုစုပျိုးထောင်ရမယ့်ကိစ္စတွေမှာကျတော့ လစ်ဟင်းနေတတ်တယ်။

ပညာရေးစနစ်ကောင်းဖို့ဆိုတာ အမျိုးသားပညာရေးဥပဒေတစ်ခုတည်းအပေါ်မှာ မမူတည်သလို ဆင်းရဲခြင်းမှလွတ်ကင်းဖို့ဆိုတာလည်း အစိုးရတစ်ရပ်တည်းက အားထုတ်ကြိုးပမ်း လုပ်ဆောင်လို့ မရပါဘူး။ ဆင်းရဲမွဲတေမှုများပြားတာ၊ ဖွံ့ဖြိုးတိုးတက်မှု နည်းပါးတာတွေဟာ အမေရိကန်ပိတ်ဆို့မှုနဲ့ မဆိုင်သလို တရုတ်နိုင်ငံစီးပွားရေး အမြတ်ထုတ်မှုနဲ့လည်း မဆိုင်ပါဘူး။ နိုင်ငံသားတွေ ညံ့ရင်ခံရမှာပဲ။ နိုင်ငံသားဆိုတဲ့အထဲမှာ အစိုးရလည်းပါတယ်။ ပြည်သူလူထုလည်းပါတယ်။ မြန်မာနိုင်ငံ ဆင်းရဲခြင်းက လွတ်ကင်းချင်တယ်ဆိုရင် နိုင်ငံသားတစ်ဦးချင်းစီအပေါ်မှာ မူတည်တယ်။ သူတို့ ဘယ်လောက်အထိကောင်းမွန်တဲ့ အလေ့အကျင့်တွေကို ပြုစုပျိုးထောင်နိုင်သလဲ။ အဲဒီကောင်းမွန်တဲ့ အလေ့အကျင့်တွေကို တစ်ပါးသူတွေဆီ ဘယ်လောက်ကူးစက်ပြန့်ပွားစေသလဲဆိုတဲ့အပေါ်မှာ မူတည်တယ်။

ကဲ...ဒီလိုဆို...အလေ့အကျင့်ဆိုတာကိုဆွေးနွေးမယ်။ ကြီးပွားတိုးတက်ချင်ရင် ဘယ်လိုအလေ့အကျင့်တွေ ပြုစုပျိုးထောင်သင့်သလဲ။ ဒီနေရာမှာလူငယ်တွေကို အဓိကထားဆွေးနွေးမယ်။ အချိန်ကိုအကျိုးရှိအောင် အသုံးချတတ်ဖို့အရေးကြီးတယ်။ အရိုးရှင်းဆုံးကတော့ ကျောင်းတက်မယ်။ အလုပ်လုပ်မယ်။ အဲဒီကနေပိုမိုကောင်းမွန်တဲ့ ကျောင်းတွေကိုတက်ရောက်နိုင်အောင် ကြိုးစားမယ်။ ပိုမိုကောင်းမွန်တဲ့အလုပ်အကိုင်၊ အခွင့်အလမ်းရရှိနိုင်အောင် ကြိုးပမ်းမယ်။ ဘဝမှာပညာရေးနဲ့ အလုပ်အကိုင်ကို ဟန်ချက်ညီညီ ဆပွားတိုးတက်အောင် လုပ်ဆောင်နိုင်ရမယ်။ အချို့က စစ်မရောက်ခင်မြားကုန်နေတတ်တယ်။ သူများအရည်အချင်းကို အထင်ကြီးပြီး ကိုယ့်အရည်အချင်းကို အထင်သေးနေတတ်တယ်။ အရည်အချင်းဆိုတာ အလေ့အကျင့်နဲ့ အများကြီးသက်ဆိုင်တယ်။ ဂျပန်လူမျိုးတွေ ဘာကြောင့် တိုးတက်မှုလျင်မြန်သလဲ။ ကောင်းမွန်တဲ့ အလေ့အကျင့်တွေ များပြားလို့ ဖြစ်တယ်။ မြန်မာလူမျိုးတွေ ဘာကြောင့် တိုးတက်မှု နှေးကွေးသလဲ။ ကောင်းမွန်တဲ့ အလေ့အကျင့်တွေ နည်းပါးလို့ ဖြစ်တယ်။ ဂျပန်လူမျိုးတွေ အချိန်ကိုအင်မတန်လေးစားတယ်။ ဒီလိုဆိုရာမှာ အချိန်မှန်တာတစ်ခုတည်းကိုပြောတာမဟုတ်ဘူးနော်။ အချိန်ကို အကျိုးရှိရှိအသုံးချတတ်တာလည်းပါတယ်။ အလုပ်လုပ်တဲ့နေရာမှာ စနစ်ကျတယ်။ သုတေသနအားကောင်းတယ်။ ရလဒ်ကိုသုံးသပ်တယ်။ ပြင်ဆင်ပြောင်းလဲတယ်။

မြန်မာလူမျိုးတွေ အချိန်ကိုလေးစားသလား၊ မလေးစားသလားဆိုတာကတော့ ဒါ မြန်မာစံတော်ချိန်လေဆိုတဲ့ အများလက်သုံးစကားကိုသာ ကြည့်ပေတော့။ အချိန်ကိုအကျိုးရှိစွာ အသုံးချတဲ့နေရာမှာလည်း မြန်မာလူမျိုးတွေဟာ အားနည်းချက်ရှိတယ်။ အလုပ်လုပ်ရင် ပြီးစလွယ်လုပ်တတ်တယ်။ သုတေသနအားနည်းတယ်။ သုတေသနဆိုတာ ကျောင်းတွေ၊ အလုပ်တွေထဲမှာမှ မဟုတ်ဘူး။ လူတစ်ဦးချင်းလည်း ကိုယ်ကိုယ်တိုင် သုတေသနလုပ်လို့ရတယ်။ ဘာကြောင့်အောင်မြင်သလဲ၊ ဘာကြောင့် မအောင်မြင်သလဲသုံးသပ်တာ သုတေသနပဲ။ ကောင်းတာကိုယူ၊ မကောင်းတာကို ပယ်ပြီး အတုခိုး၊ ကိုယ်ပိုင်မှုပြုတာ သုတေသနပဲ။ မြန်မာတွေက ဘာသိဘာသာနေကျင့်ရှိတယ်။ ရလဒ်ဆိုတာကို မသုံးသပ်၊ မဆင်ခြင်ဘူး။ တစ်နေရာထဲမှာအချိန်တွေသိပ်ကြာသွားတာ၊ တစ်ခုခုကိုမကျေနပ်ရင် စိတ်ထဲမှာ တဝဲလည်လည် ဖြစ်ပြီး မပြီးနိုင်၊ မစီးနိုင်ဖြစ်တာ ဒါမျိုးတွေရှိတယ်။ ဝန်းကျင်ထဲကရုန်းထွက်သွားဖို့ မစဉ်းစားဘူး။ တောင့်ခံ၊ ပေခံနေတတ်တယ်။ ပြင်ဆင်၊ ပြောင်းလဲဖို့ ခက်ခဲနေတတ်တယ်။

လူဆိုတာမွေးကတည်းကဘယ်သူမှ အရည်အချင်းရှိပြီးမွေးမလာဘူး။ ငယ်စဉ်ဘဝအလေ့အကျင့်တွေကနေ အရွယ်ရောက်တဲ့အခါ ကောင်းမွန်တဲ့ အရည်အချင်းတွေ ရလာတယ်။ ဒီလိုငယ်စဉ်ဘဝကတည်းက အလေ့အကျင့်ကောင်းဖို့ဆိုတာ မိဘတွေနဲ့လည်းဆိုင်တယ်။ ဆရာသမားတွေနဲ့လည်းဆိုင်တယ်။ ဝန်းကျင်တစ်ခုလုံးနဲ့ဆိုင်တယ်။ ဆိုချင်တာ ဂျပန်မှာဆိုကလေးတွေကို သန့်ရှင်းရေးအလေးထားတတ်အောင်၊ စီမံခန့်ခွဲတတ်အောင် ငယ်စဉ်ကတည်းက ကျောင်းတွေမှာ ပြုစုပျိုးထောင်တယ်။ ကလေးတွေ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်အောင် ကျောင်းတွေမှာ အာဟာရကောင်းစွာကျွေးမွေးတယ်။ ဂျပန်တင်မဟုတ်ဘူး။ အခြားအာရှနိုင်ငံတွေမှာလည်း သူ့နည်းသူ့ဟန်နဲ့ ကလေးသူငယ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်တွေ ရှိတယ်။ မြန်မာနိုင်ငံမှာလည်းရှိပါတယ်။ တစ်ကျောင်းနဲ့တစ်ကျောင်းတော့ မတူနိုင်ဘူးပေါ့။ သို့သော် ပြောချင်တာ နိုင်ငံခြားမှာ ကလေးသူငယ်တွေကိုကောင်းစွာ ပြုစုပျိုးထောင်နိုင်တယ်။ ကလေးသူငယ် ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က များစွာအကုန်အကျခံတယ်။ ဒီမှာကတော့ နိုင်ငံတော်အနေနဲ့ ဒီလောက် ပံ့ပိုးကူညီဖို့ဆိုတာမဖြစ်နိုင်သေးဘူး။ ဒီကြားထဲ ကျောင်းပြင်ပမှာဝန်းကျင်ကိုယ်၌က စည်းကမ်းမဲ့တယ်။ ဒီက ကလေးသူငယ် အများစုဟာ ငယ်စဉ်ကတည်းက သူတို့ဝန်းကျင်မှာ စည်းကမ်းမဲ့အမှိုက်ပစ်သူတွေ၊ ကွမ်းတံတွေးထွေးသူတွေ၊ စည်းကမ်းမဲ့ ကားမောင်းသူတွေ၊ စည်းကမ်းမဲ့ လမ်းကူးသူတွေရဲ့ပြုမူလှုပ်ရှားပုံတွေနဲ့ ယှဉ်ပါးနေရတော့ ငယ်ရွယ်စဉ်မှာ သူတို့အတွက် အလေ့အကျင့်ကောင်းဆိုတာဘာဆိုတာတောင် သိမြင်နိုင်ဖို့ မလွယ်လှဘူး။

ငယ်စဉ်ကတည်းကအလေ့အကျင့်ကောင်းတွေအတွက် ပြုစုပျိုးထောင်ခြင်းမခံခဲ့ရဘူးဆိုရင်တောင် အရွယ်ရောက် သိမြင်တတ်လာတဲ့အခါ အလေ့အကျင့်ကောင်းတွေကို ပြုစုပျိုးထောင်နိုင်ရမယ်။ အရွယ်ရောက်ပြီဆိုတာ အသက် ၁၈ နှစ်အထက်ဆိုပါစို့။ ကျောင်းပြီးကာစလည်း ဖြစ်ချင်ဖြစ်မယ်။ ကျောင်းတက်ဆဲလည်း ဖြစ်ချင်ဖြစ်မယ်။ ကျောင်းပြီးတာကြာလှပြီလည်း ဖြစ်ချင်ဖြစ်မယ်။ အဲဒီအရွယ်မှာလိုချင်တာ၊ ဖြစ်ချင်တာတွေ များနေပြီ။ ဘဝရှေ့ရေးအတွက် စဉ်းစားနေပြီ။ အောင်မြင်ကြီးပွားတိုးတက်ချင်နေပြီ။ ဒီ့အတွက် အလေ့အကျင့်ကောင်းတွေ ပြုစုပျိုးထောင်ဖို့ဆိုတာ လိုအပ်လာတယ်။ ပျင်းနေရင် မပျင်းအောင် လေ့ကျင့်ရမယ်။ အားနေရင် မအားအောင် လေ့ကျင့်ရမယ်။ မှားနေရင် မမှားအောင် လေ့ကျင့်ရမယ်။ နားနေရင် မနားအောင် လေ့ကျင့်ရမယ်။ တချို့ အလုပ်နည်းနည်းလုပ်တာနဲ့ မလုပ်ချင်တော့ဘူး။ ဒါလေးလုပ်လို့ ဘာဖြစ်လာမှာလည်းလို့ တွေးတဲ့သူတွေရှိတယ်။ အဲဒီလိုတွေးလိုက်တဲ့အတွက် ကိုယ်လုပ်နေတဲ့ အလုပ်အပေါ်မှာအလေးထားချင်စိတ်တွေ လျော့ပါးသွားတယ်။ အလုပ်အပေါ်မှာစေတနာမပါတော့ဘူး။ တကယ်တော့ ဘဝဆိုတာ ဒါလေးနဲ့ပဲစရတာမျိုးဖြစ်တယ်။ ကိုယ်က သူဌေးသူကြွယ် သားသမီး၊ မင်းမျိုးမင်းနွယ် သားသမီးဆိုရင်တော့ ဟုတ်တာပေါ့။ သာမန်လူတန်းစားက ပေါက်ဖွားလာပြီး ကောင်းမွန်တဲ့ အလေ့အကျင့်လည်း မပျိုးထောင်၊ ကြိုးစားအားထုတ်မှုလည်းမရှိဘဲ စိတ်ကူးယဉ်ပြီး ချမ်းသာကြွယ်ဝချင်လို့ကတော့ အပျင်းနဲ့ အဖျင်းအဆင့်ကကို တက်မှာမဟုတ်ဘူး။

အလေ့အကျင့်ဆိုတာ ပေးဆပ်ရတာမျိုး ဖြစ်တယ်။ အိပ်ချိန်လျှော့ရတယ်။ စားချိန်လျှော့ရတယ်။ ဦးနှောက်ကို အလုပ်ပေးရတယ်။ တချို့စာဖတ်ရတာပျင်းတဲ့သူတွေတောင်ရှိတယ်။ စာအုပ်ဖတ်ရင် နည်းနည်းကောက်လှန်၊ ပြီးအောင်ဆက်မဖတ်ဘဲစာအုပ်တစ်အုပ်ကိုလချီ၊ နှစ်ပေါက်ဖတ်နေတတ်သူတွေ အများကြီးရှိတယ်။ သူတို့ မေးလိုက်ရင် စာဖတ်တယ်ပဲ ပြောတယ်။ စာအုပ်စင်မှာဆိုလည်းစာအုပ်တွေကအပြည့်။ စာအုပ်တွေကိုလူအထင်ကြီးအောင်သာထားရှိတာဖြစ်တယ်။ တချို့စိတ်ရှုပ်နေရင် ဒီအတိုင်းပဲနေတယ်။ ကြာတော့ လူကအဲဒီရှုပ်တဲ့စိတ်နဲ့ အလေ့အကျင့်ဖြစ်ပြီးတွေတွေဝေဝေဖြစ်လာတယ်။ စိတ်ကျတာမျိုးလို ဖြစ်လာတယ်။ စိတ်ရှုပ်နေရင် အိမ်တွင်းသန့်ရှင်းရေးလုပ်ကြည့်ပါလား။ ဝန်းကျင်သန့်ရှင်းတာနဲ့အမျှ လူလည်းလန်းဆန်းလာတတ်တယ်။ လူစိတ်နဲ့ဝန်းကျင်ဆိုတာဆက်စပ်နေတယ်။ အဲဒီလိုစိတ်ရှုပ်လို့ သန့်ရှင်းရေးဆိုတာ လုပ်ဖြစ်ရင်း သန့်ရှင်းရေးလုပ်ကျင့် စွဲမြဲသွားပြီဆိုရင် အဲဒါအကျင့်ကောင်းပဲပေါ့။ တစ်ခုခုကို မကျေမနပ်တဝဲဝဲလည်လည် ဖြစ်နေသလား။ စိတ်ကအဲဒီအထဲပဲ ပြန်ပြန်ရောက်နေသလား။ အဲဒါဆိုရင်မကောင်းဘူး။ ကိုယ့်ကိုယ်ကိုပဲလောင်စေတယ်။ အဲဒီမကောင်းတဲ့အကျင့်ကို ဘယ်လိုလျော့ပါးအောင် လုပ်မလဲ။ တစ်ခုခုကိုလျော့ပါးစေဖို့ဆိုတာတစ်ခါတလေဝန်းကျင်အသစ်လိုတယ်။ ဝန်းကျင်အဟောင်းကဖယ်ခွာနိုင်ဖို့လိုတယ်။ ယေဘုယျ ပြောတာပါ။ တစ်နေရာကနေ နောက်တစ်နေရာကိုသွားဖို့ဆိုတာ ဘယ်လွယ်မလဲ။ ဖယ်ခွာနိုင်ဖို့ ကြိုးစား၊ မဟုတ်ရင်လည်း ကိုယ်ကိုးကွယ်ရာဘာသာတရားတွေနဲ့ စိတ်ပိုင်းဆိုင်ရာရင့်ကျက်အောင် ပြုစုပျိုးထောင်ပေါ့။ တရားထိုင်မယ်ဗျာ။ အခြားအကြောင်းအရာကိုပြောင်းတွေးမယ်ဗျာ။ လူတစ်ယောက်နဲ့ ပြဿနာဖြစ်လာရင်တောင် သူ့ကျေးဇူးကိုအောက်မေ့မယ်ဗျာ။ ကျေးဇူးဆိုတာ ရှာကြံတင်ရင် ရတယ်နော်။ ဒီတော့ ဘာဖြစ်လဲ။ တစ်ဖက်ကကိုယ့်အပေါ် မကျေမလည် သဲသဲမဲမဲဖြစ်နေမယ်ဆိုရင်တောင် ကိုယ်မလောင်ဘူး။ သူပဲလောင်တာပေါ့။

အလေ့အကျင့်ဆိုတာအမျိုးမျိုး ပြုစုပျိုးထောင်လို့ရတယ်ဗျာ။ ပညာရေး၊ ကြီးပွားရေးအတွက်တင် မဟုတ်ဘူး။ ကိုယ့်ကိုယ်ကို ကြည့်ကောင်းအောင်၊ ဆွဲဆောင်မှုရှိအောင် ပြုစုပျိုးထောင်တာလည်း အလေ့အကျင့်ပဲ။ မိန်းကလေးကယောကျ်ားလေးအတွက် ဆွဲဆောင်မှုရှိစေရမှာ ဖြစ်သလို၊ ယောကျ်ားလေးတွေကလည်း မိန်းကလေးတွေအတွက် ဆွဲဆောင်မှုရှိစေရမယ်။ အသားအရေ စိုပြည်ရမယ်။ အနံ့အသက် ကင်းရမယ်။ ရေများများသောက်၊ အာဟာရဖြစ်မယ့် အစားအစာများများစား၊ အသီးအရွက် များများစား၊ အပူ၊ အစပ်၊ အငန် လျှော့၊ ဒါတွေအားလုံးအလေ့အကျင့်လုပ်ရမယ်။

အလေ့အကျင့်နဲ့ ပတ်သက်လို့ ဆွေးနွေးချင်တာကတော့ ဒီလောက်ပါပဲ။ ဘာလုပ်လုပ် လက်တွေ့ကျဖို့ပဲလိုတယ်ဗျာ။ စာစကားတွေ သိပ်ပြောမနေနဲ့၊ ဖြစ်နိုင်ရင် ဒီနေ့ကစ။ ကိုယ်နိုင်သလောက်လုပ်။ မိသားစုထဲမှာတစ်ယောက်က ကြိုးကြိုးစားစားလုပ်ရင် အဲဒီကြိုးစားမှုက တစ်မိသားစုလုံးဆီ သက်ရောက်သွားတတ်တယ်။ မိသားစုထဲမှာတစ်ယောက်က မှိုင်မှိုင်တွေတွေနေရင် အဲဒီမှိုင်တွေငေးငိုင်မှုက တစ်မိသားစုလုံးဆီ သက်ရောက်တယ်။ မိသားစုထဲမှာ တစ်ယောက်က အိမ်သန့်ရှင်းရေးကို အားကြိုးမာန်တက်လုပ်ရင် ကျန်တဲ့ မိသားစုဝင်တွေဆီပါ ကူးစက်ပြီး သူတို့ပါ သန့်ရှင်းရေး နိုင်သလောက် ဝိုင်းဝန်းလုပ်တတ်ကြတယ်။ ဆိုချင်တာက အလေ့အကျင့်ဆိုတာကောင်းတာပဲဖြစ်ဖြစ်၊ မကောင်းတာပဲဖြစ်ဖြစ် ကူးစက်တတ်တယ်။ မြန်မာ့လူ့အဖွဲ့အစည်းမှာအထူးသဖြင့် လူငယ်တွေအများစုအကြားမှာကောင်းမွန်တဲ့ အလေ့အကျင့်တွေ သိမြင်ပွားများ ဖြစ်ထွန်းလာပြီဆိုရင် အဲဒါ မြန်မာတို့ အစစ်အမှန် ကြီးပွားတိုးတက်ဖို့ အစကနဦးပဲ ဖြစ်ပါလိမ့်မယ်။

**ငယ်စဉ်ကတည်းကအလေ့အကျင့်ကောင်းတွေအတွက် ပြုစုပျိုးထောင်ခြင်းမခံခဲ့ရဘူးဆိုရင်တောင် အရွယ်ရောက် သိမြင်တတ်လာတဲ့အခါ အလေ့အကျင့်ကောင်းတွေကို ပြုစုပျိုးထောင်နိုင်ရမယ်။**

## လူငယ်များအတွက် အလုပ်အကိုင်ပြပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၁၈**

၂၀၁၆ ရန်ကုန်မြို့အလုပ်အကိုင်ပြပွဲကို မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်း MCC ခန်းမ၌ အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်အထိ နှစ်ရက်တာပြသခဲ့ရာ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ထိတွေ့ပြီး ဘွဲ့ရလူငယ်မောင်မယ်များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများအတွက် အဓိကကျသော အခြေခံ အဆောက်အအုံများနှင့်ဝန်ဆောင်မှုများကို လူထုဗဟိုပြု ချဉ်းကပ်နည်းသုံးပြီး ကျေးလက်နေပြည်သူအားလုံး အလွယ်တကူရယူအသုံးပြုနိုင်အောင် ဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက ပျော်ဘွယ်မြို့အမေထိန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးက လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ရပ်ရွာလူထုကိုယ်တိုင် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နိုင်ရန် ကူညီဆောင်ရွက်ပေးမည့် အခြေအနေများ၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မီမီထွေးက လူထုဗဟိုပြုစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေများ၊ ဦးစီးအရာရှိ(နည်းပညာ) ဦးအောင်ဝေထွန်းက ကျေးရွာအဆင့် စီမံကိန်းစက်ဝန်းအကြောင်းကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျေးရွာ ပြည်သူများက စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ။ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၅-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၅-၁၁-၂၀၁၆ ရက်နေ့မှ ၂၆-၁၁-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂-၁-၂၀၁၇ ရက်နေ့မှ ၉-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက် (၁)နှစ်၊ အထက်တန်းသူနာပြု /ဆေးဘက်ကျွမ်းကျင်သူ (ဒုတိယတန်း) အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် **ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ ကျွမ်းကျင်သူ(ဒုတိယတန်း))**အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသူအမျိုးသမီးများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ရက်နေ့တွင်အသက်(၁၆)နှစ်အောက် မငယ်ရ(၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(စျ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၁၉-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည် ဖြစ်ပါသည်။


၄။ အရည်အချင်းစစ်စာမေးပွဲ အောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၁၂-၁၂-၂၀၁၆ ရက်နေ့မှ ၁၃-၁၂-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေငြာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၉-၁-၂၀၁၇ ရက်နေ့မှ ၁၆-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ ရွေးချယ်ခံရသူများသည် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တွင် (၄)နှစ် တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက **သူနာပြုသိပ္ပံဘွဲ့** (Bachelor of Nursing Science) ရရှိမည်ဖြစ်ပါသည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု** (Nurse)အဖြစ် ခန့်အပ်ပေးမည် ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက **သူနာပြုမဟာသိပ္ပံဘွဲ့** (Master of Nursing Science) နှင့် **သူနာပြုပါရဂူဘွဲ့** (Ph.D Nursing) ဘွဲ့သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၇။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)အဖြစ် အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း(၃)နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု)အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်း မေးမြန်းနိုင်သည်။


Have been built
7F
SPRING LINE
★ Hlaing River Landmark ★
MODERN COMPLEX BUSINESS CENTER
BEYOND
YANGON
★ Permanent Property ★
A new business center, next to the Aung Zay Ya bridge.
ပျော်ရွှင်သော ဘဝနှင့် စီးပွားရေးကို တစ်နေရာထဲတွင် ခံစားနိုင်သည့် ဘိုးဘွားပိုင်မြေ 800000 Sqft ရှိသော လှိုင်မြစ်လမ်း အောင်ဇေယျတံတားအနီးတွင်တည်ရှိပြီး လုပသော အင်တာနေရှင်နယ်စတိုင်လ် အဆောက်အဦးတစ်ခု ဖြစ်လာတော့မည့် Spring Line သည် ရန်ကုန်မြို့၏ စီးပွားရေးစင်တာနှင့် နေအိမ်အဆောက်အဦးတစ်ခု ဖြစ်လာတော့မည်။
800000 square feet innovative RBD,
enjoy one-stop business and life.
International style buildings occupy the most beautiful
landscape of Hlaing River and Aung Zaya Bridge.
Spring Line is the iconic Business and
residential center at Hlaing River of Yangon.
Beyond Yangon today,
for tomorrow Yangon.
SHOPPING ARCADE
BOUTIQUE BUSINESS HOTEL
SMART STAR OFFICE
VOHO& SOHO
ELITE CLUB
Hlaing River
Aung Zay Ya Bridge
Hlaing River Rd
Hlaing River
Ba Yint Naung Rd
Insein Rd
TEL: 09 7930 66666
Shwe Oak Khai Construction Co.,Ltd
Add: No 461 Kanar Middle Qtr,Hlaing River Road,
Near Aung Zay Ya Bridge,Insein Township,Yangon







## ဖော်ပြပါမြေကွက်များအား မြေငှားဂရန်ပြုလုပ်ပေးရန် လှိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လှိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်

| စဉ် | မြို့နယ် | ရပ်ကွက် | ကွက်အမှတ် | ဦးပိုင် | ဧရိယာ | လျှောက်ထားသူ | မှတ်ပုံတင်အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | လှိုင်ကော်မြို့ | မင်းစု | ၈၈ | ၄ | ၀.၆၈၉ | ဦးစောဝါးကေ | ၂/လကန(နိုင်)၀၁၃၅၄၀ | |
| ၂ | လှိုင်ကော်မြို့ | မင်းစု | ၈၈ | ၃ | ၀.၆၀၆ | ဦးစောလွန်းခင် | ၂/ဘလခ(နိုင်)၀၀၀၃၂၉ | |
| ၃ | လှိုင်ကော်မြို့ | မင်းစု | ၈၈ | ၁၆/က | ၀.၁၂၃ | ဦးစောလိုမူး | ၂/ဒမဆ(နိုင်)၀၂၄၈၅၆ | |
| ၄ | လှိုင်ကော်မြို့ | မင်းစု | ၈၈ | ၁၉/က | ၀.၁၅၅ | ဒေါ်နော်မူယယ်ဖဲ | ၂/လကန(နိုင်)၀၀၉၂၇၆ | |
| ၅ | လှိုင်ကော်မြို့ | မင်းစု | ၈၈ | ၅၅ | ၀.၁၁၀ | ဒေါ်နော်သောသီဖော | ၂/လကန(နိုင်)၀၆၉၂၄၈ | |
| ၆ | လှိုင်ကော်မြို့ | မင်းစု | ၈၈ | ၉၀ | ၀.၁၁၀ | ဒေါ်နော်သောသီဖော | ၂/လကန(နိုင်)၀၆၉၂၄၈ | |
| ၇ | လှိုင်ကော်မြို့ | မင်းစု | ၇၈/ခ | ၆/ခ | ၀.၀၇၃ | ဦးစောဘောနေထူး | ၂/ဒမဆ(နိုင်)၀၀၁၁၇၅ | |
| ၈ | လှိုင်ကော်မြို့ | မင်းစု | ၇၈/ခ | ၂၇/က | ၀.၀၇၃ | ဦးခွန်းမြင့်နိုင် | ၅/စကန(နိုင်)၀၀၉၅၈၀ | |
| ၉ | လှိုင်ကော်မြို့ | ထေးသမ၊ချိကယ် | ၂၃၉/ထေးသမကွင်း | ယာယီ ၃၁ | ၀.၄၈၂ | ဦးစောဝါးကေ | ၂/လကန(နိုင်)၀၁၃၅၄၀ | |
| ၁၀ | လှိုင်ကော်မြို့ | ထေးသမ၊ချိကယ် | ၂၃၉/ထေးသမကွင်း | ယာယီ ၃၀ | ၀.၂၀၉ | ဦးတင်အေး | ၂/ဒမဆ(နိုင်)၀၂၈၄၃၄ | |

**ကော်လီတွေ့ာ်အရာရှိ၊ လှိုင်ကော်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3I/5680 Daihatsu Hijet P/U ယာဉ်လက်ဝယ်ရှိသူ ဦးလှသိန်း ၁၂/ပဇတ(နိုင်)၀၀၄၀၅၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/8984 Proton Jumback P/U (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်အေး ၁၂/ကတတ(နိုင်)၀၁၉၀၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/7639 Suzuki Carry P/U ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းကြည်မြင့် ၁၂/စခန(နိုင်)၀၅၆၅၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

၁။ လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနပိုင် နားမခေါ်အဝေးပြေးယာဉ်ရပ်နားစခန်းမှ ဆိုင်ခန်းပိုင်ရှင်သည် ယင်းနှင့်ပူးတွဲဖော်ပြပါအချက်အလက်များအတိုင်း ပြောင်းလဲမှတ်ပုံတင်လိုကြောင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ ဤရုံးသို့ တင်ပြလျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါရှိပြီးသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအမည်အတိုင်း မှတ်ပုံတင်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လားရှိုးမြို့နယ်စည်ပင်သာယာရေးဌာန (နားမခေါ်အဝေးပြေးယာဉ်ရပ်နားစခန်း)**
**ဆိုင်ခန်းအမည်ပြောင်းခြင်း**

| စဉ် | ရုံအမည် | ဆိုင်ခန်းအမှတ် | မူလဆိုင်ခန်းပိုင်ရှင် | | | အသစ်ပြောင်းလဲမည့်ဆိုင်ခန်းပိုင်ရှင် | | |
|---|---|---|---|---|---|---|---|---|
| | | | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | အမည် | မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ |
| ၁ | E | ၁၁ | ဒေါ်ကြာနု | ၁၃/ကမန(နိုင်)၀၈၉၈၆၃ | နယ်မြေ ၁၇၊ ရပ်ကွက်(၇)၊ လားရှိုးမြို့ | ဦးဗိုကီး | ၁၃/လရန(ဧည့်)၀၀၀၅၄၄ | နယ်မြေ(၉) ရပ်ကွက်(၃)၊ လားရှိုးမြို့ |

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၃၇၀၁၇ Hibird M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြိုင်သိန်း ၉/မရမ(နိုင်)၀၄၄၇၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၃၅၈၆၅ Jiafa 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာအေး ၉/အမရ(နိုင်)၁၄၂၆၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ် (၅+၆+၇တိုးချဲ့)၊ ဦးပိုင် ၂၈၄၊ ဧရိယာ ၀ဒသမ ၀၉၆ဧကရှိ လိုင်စင်အမှတ်တွဲအမှတ် ၆၉၂-၅/၁၉၉၆-၁၉၉၇(စီ) ဦးဂျမ်ဆွေအမည်ပေါက် ပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး ပျောက်ဆုံးနေပါသဖြင့် မိတ္တူမှန်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ရက် ၂၀ အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဂျမ်ဆွေ ကေကေအိုင်-၁၁၄၅၅၂**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၉၃၀၂၂ Yinxiang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကြိုင်သိန်း ၉/မရမ(နိုင်)၀၄၄၇၆၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ရှုကြူ (မြိတ်မြို့)**
**ဂုဏ်ထူးဆောင်နာယက(မြိတ်မြို့အသင်း)**
**ဒု-ဥက္ကဋ္ဌ၊ မဟာစည်သာသနာ့ရိပ်သာအမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့**
**အသက်(၉၉)နှစ်**

ငြိမ်းချမ်းရေးကော်မရှင်၊ အထောက်အကူပြုအဖွဲ့ခေါင်းဆောင် ဦးအေးလွင် (Freddy )-ဒေါ်ဝေရည်ကြည်ဝင်းတို့၏မိခင်သည် ၁၈-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်တင့်ဆွေနှင့်ဇနီး ဒေါ်မေယဉ်ထွန်း**
**ပြည်ထောင်စုဝန်ကြီး**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဂုဏ်ထူးဆောင်နာယက (မြိတ်မြို့နယ်အသင်း)**
**ဥက္ကဋ္ဌကြီး၊ မဟာစည်သာသနာ့ရိပ်သာ**
**အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့**
**ဒေါ်ရှုကြူ (မြိတ်မြို့)**
**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ အမှတ် ၁၅၊ သံတမန်လမ်းနေ(ဦးစိန်သုန်-ဒေါ်စိန်ထူး)တို့၏သမီး၊ (ဦးစစ်စံ-ဒေါ်အေးမြိုင်)တို့၏သမီးချွေးမ၊ ဝဏ္ဏကျော်ထင်(ဦးယုဆိုင်)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာမြတ်လှိုင်-ဒေါ်မြဝေ(Masie)၊ ဦးအုန်းထွန်း(Johnny Saing)-ဒေါ်ခင်ထွေးသွင်၊ ဒေါက်တာသန်းလွင်(Harry)-ဒေါက်တာခင်မီဟန်၊ ဦးမြဘူး(Teddy)-ဒေါက်တာဆင့်ဆင့်၊ ဦးအေးလွင်(Freddy)-ဒေါ်ဝေရည်ကြည်ဝင်း၊ ဒေါက်တာလေးမောင်-ဒေါ်သန်းသန်းအေး၊ ဦးစိုးလွင်(Ronny)-ဒေါ်မင်းမင်းဝင်းစိုး၊ ဒေါက်တာသင်းသင်းဆိုင်တို့၏ချစ်လှစွာသောမိခင်၊ မြေး ၂၂ယောက်၊ မြစ် ၁၆ယောက်တို့၏ ဘွားဘွားကြီးသည် ၁၈-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်နှင့် မြိတ်အသင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ရှုကြူ (မြိတ်)**
**ဥက္ကဋ္ဌကြီး၊ အမျိုးသမီး-ယောဂီစောင့်ရှောက်ရေးအဖွဲ့**
**မဟာစည်သာသနာ့ရိပ်သာ**
**အသက်(၉၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ သံတမန်လမ်း၊ အမှတ် ၁၅နေ ဒေါ်ရှုကြူသည် ၁၈-၁၀-၂၀၁၆ရက် နံနက် ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အကြောင်းကြားအပ်ပါသည်။

အမျိုးသမီး-ယောဂီစောင့်ရှောက်ရေးအဖွဲ့
အမှုဆောင်များ၊ မဟာစည်သာသနာ့ရိပ်သာ

---

**ဦးတေဇ အသက်(၇၁)နှစ်**
**မြို့မကျောင်းသားဟောင်း၊ Chiba Japan**

ရန်ကုန်မြို့၊ လမ်း ၅၀နေ (ဦးထွန်းမောင်-ဒေါ်အေးမြင့်)မြို့မတို့၏တစ်ဦးတည်းသောသား၊ ဂျပန်နိုင်ငံ၊ Chiba ခရိုင် MAKUHARI နေ ဒေါ်မော်လီမြင့်၏ချစ်လှစွာသောခင်ပွန်း၊ ကိုထက်နိုင်ဦး-မယွန်းမနဒီအောင်၊ ကိုနိုင်ထွဋ်အောင်-မနေယမင်းဦး၊ ကို Tetsuto Wada-မမေအင်ကြင်းဦးတို့၏ချစ်လှစွာသောဖခင်၊ Kazuaki ၊ ရှင်းသန့်ရဲရင့် (ယုန်ယုန်)၊ Aiko တို့၏ဘိုးဘိုးသည် ၁၈-၁၀-၂၀၁၆ရက် Japan စံတော်ချိန် ၉း၄၀နာရီတွင် Chiba University Hospital ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၆ရက်(Japan စံတော်ချိန်) နံနက် ၁၀နာရီတွင် Japan နိုင်ငံ၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
**ဦးဗိုလ်ထွေး(ခ)**
**ဦးမောင်ထွေး (မြိတ်)**
**အသင်းဝင်အမှတ်(၅၅၁၉)**
**အသက်(၇၁)**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ပိတောက်မြိုင်လမ်း၊ အမှတ် ၁၃၂၇နေ ဒေါ်အေးအေးမြင့်၏ခင်ပွန်းသည် ၁၇-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းမှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

**ဒေါ်မေသီဦး**
**B.Com, MBA**
**အသက်(၃၈)နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ် ၁၆၆/၁၆၈၊ (လေးလွှာ-က)နေ ဦးသန်းဦး-ဒေါ်မေစန်းတို့၏သမီး၊ ဦးညွန့်လှိုင် - ဒေါ်စန်းမြင့်တို့၏ သမီးချွေးမ၊ ဦးအောင်နိုင်မိုး၏ဇနီး၊ မောင်သော်စစ်အောင်၏မိခင်၊ ဦးကျော်ထိုက်မိုး-ဒေါ်ချိုချိုလဲ့တို့၏အစ်မသည် ၁၈-၁၀-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၀၀း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၄-၁၀-၂၀၁၆ရက် (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
**ဒေါ်အုန်းမြစိန် (ပုလော)**
**အသင်းဝင်အမှတ်(၂၃)**
**အသက်(၈၇)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့ (၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ (ဦးဘဦး)၏ဇနီးသည် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အသင်းတိုက်မှကားများမွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

---

**ဒေါ်အေးအေးသန်း**
**အသက်(၆၀)**

တောင်ကြီးမြို့၊ ချမ်းမြသာစည်ရပ်၊ စတုဘုမ္မိတကျောင်းလမ်း၊ အမှတ် ခ/၃၆၇နေ (ဦးကျော်မြ-ဒေါ်ခင်သန်း)တို့၏သမီး၊ (ဦးကျော်သူ)၏ ဇနီး၊ ကိုမျိုးမြင့်အောင်-မချမ်းငြိမ်းငြိမ်းချမ်း၊ မောင်ဖြိုးမောင်မောင်ဖြိုး၊ မောင်လင်းထက်အောင်-မတိုးတိုးထွန်း၊ မအေးမြသူတို့၏မိခင်သည် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၂၀၀)၌ ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ ပန်းခြံလမ်း၊ လေးလွှာ (B) No- ၁၇ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ရဟန်းမယ်တော်ကြီး**
**ဒေါ်အေးယဉ်(ပြင်ဦးလွင်မြို့) အသက်(၉၅)နှစ်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ (၇)ကွက်၊ ၄လမ်း၊ အမှတ် ၈၇နေ (ဦးအောင်ကြီး)၏ချစ်လှစွာသောဇနီး၊(ဦးတင်မောင်)-ဒေါ်မေမေအောင်၊ ဦးသိန်းအောင်-ဒေါ်အေးအေးစိုး၊ ဦးစောမြင့်အောင်၊ ဦးစိန်မောင်-ဒေါ်နုနုယဉ်၊ ဦးသန်းဆွေ-ဒေါ်ဝေဝေအောင်၊ ဦးမြင့်ဆွေဝင်း-ဒေါ်ဖြူဖြူဝင်း၊ ဦးမြင့်ဆွေ-ဒေါ်အေးအေး၊ ကိုတိုး-မဆွေဆွေအေး၊ (ကိုမျိုးမြင့်သန်း)-မထွေးထွေးအောင်၊ (ကိုသိန်းဇော်အောင်)-မလေးလေးအောင်(ဗမာစတိုး)၊ မငယ်ငယ်အောင်၊ ကိုမောင်မောင်ဝင်း-မချိုမီအောင်၊ ကိုဇော်လင်းမောင်-မနွယ်နွယ်အောင်တို့၏မိခင်၊ မြေး ၃၈ယောက်၊ မြစ် ၂၂ယောက်တို့၏အဘွားသည် ၁၇-၁၀-၂၀၁၆ရက် နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက် မွန်းလွဲ ၁း၃၀နာရီတွင် အထက်ပါနေအိမ်မှ စမိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၁၀-၂၀၁၆ရက် (သောကြာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**ဒေါ်ဖရီလာနုဂျင့်(ခ)ဒေါ်ရွှေတင် အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်(၁၅)ရပ်ကွက်၊ အဝေရာလမ်း၊ အမှတ် ၆နေ (ဦးဘိုးရှိန်း-ဒေါ်စိန်နု)တို့၏သမီး၊ [ဦးဂျော့နုဂျင်(ခ)ဦးဘအေး]၏ဇနီး၊ (ဦးရွှေထွန်း)၊ ဦးစောစံချစ်-ဒေါ်စိန်မြ၊ ဦးချစ်မောင်-ဒေါ်နော်ဘာရာရှိန်းတို့၏အစ်မ၊ ဦးခင်မောင်ဦး-ဒေါ်ခင်ယုဇန၊ ဦးစောဝင်းထွန်း-ဒေါ်ခင်စန်းအေး၊ ဦးမောင်မောင်ကျော်-ဒေါ်ခင်စန်းထွေး(United Nations (HQ)-(New York) တို့၏မိခင်၊ဦးဇန်ကို-ဒေါ်စန္ဒီမြင့်မြတ်၊ ဒေါက်တာဝေယံကို-ဒေါက်တာလှသဉ္ဇာ၊ ကိုပိုင်သူကို၊ ကိုပြည့်စုံဖြိုး၊ မထက်မိုးဝေ၊ မောင်မင်းသူ၊ မောင်မင်းခန့်ကျော်၊ မဆုရတနာကျော်၊ မဆုယွန်းဝတီထွေးတို့၏အဘွား၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့)ညနေ ၆နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ကံဘဲ့နှစ်ခြင်းခရစ်ယာန်ဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**
**ဒေါ်စိုးစိုး(က၀၊ အုန္နဲ) အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ အမှတ် ၃၉၊ ၁၅၇လမ်းနှင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီမဥ္ဇူလမ်းသွယ်(၃)၊ အမှတ် ၁၂/ညနေ (ဦးဘိုးဖေ-ဒေါ်ဖွားမေ)တို့၏သမီး၊ ဦးအုန်းမောင်[စက်ရုံမှူး၊ ငြိမ်း၊ ချည်မျှင်နှင့်အထည်အချောကိုင်စက်ရုံ(ပလိပ်)]၏ချစ်လှစွာသောဇနီး၊ ဒေါက်တာဝင်းဝင်းမာ (သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး၊ပြည်သူ့ဆေးရုံကြီး၊ပုသိမ်မြို့)-ဒေါက်တာဇရှိန်း(ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပုသိမ်မြို့)၊ ဦးထွန်းဦး (CE-MAERSK)-ဒေါ်ထားထားဦး၊ ဒေါ်သက်သက်တို့၏ချစ်လှစွာသောမိခင်၊ မောင်ထက်လင်းဦး၊ မငွေစင်ရှိန်းတို့၏ဘွားဘွားသည် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) ည ၁၁း၁၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (တာမွေနေအိမ်မှကားများ မွန်းတည့် ၁၂နာရီနှင့် ပါရမီနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတို့တွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ပါရမီနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်နုနု**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့နေ (ဦးလှမောင်-ဒေါ်အုန်းမေ)တို့၏သမီး၊ ထားဝယ်မြို့နေ (ဦးမောင်ခင်-ဒေါ်လှစိန်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊ စကားဖြူလမ်း၊ အမှတ် ၁၇/၁နေ (ဦးတင်ဝင်း)၏ဇနီး၊ ဦးဇော်လင်း(Wniteam Marine Co.,Ltd)၊ ဦးတင်မျိုးအောင်-ဒေါ်မေစုလှိုင်၊ ဦးနေလင်း(SP.JOHNS SHIPMANA GEMENT Co.,Ltd)တို့၏မိခင်၊ မောင်ဝေလင်းရှိန်၏အဘွားသည် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဒေါ်အုန်းမြစိန် (ပုလော)**
**အသက်(၈၇)နှစ်**

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့ (၁)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းနေ (ဦးခင်ရုံ-ဒေါ်ပိန်)တို့၏သမီး၊(ဦးဘဦး)၏ဇနီး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဌာနာရပ်ကွက်၊ ဆင်မင်းလမ်း၊ ၉၈/၁၀၂(၅) B နေ ဒေါ်ခင်စန်းဦး(ဆရာမ၊ ငြိမ်း)၊ ဦးတင်အောင်ညွန့်-ဒေါ်နီနီဦး၊ ဦးဝင်းမြင့်အောင်-ဒေါ်ညာစိန်၊ ဦးကျော်ကျော်ဦး၊ ဒေါ်ရီရီလွင်၊ ဦးအောင်စိုး-ဒေါ်နွယ်နွယ်ဦး၊ ဦးအောင်မြတ်-ဒေါ်ဖြူဖြူတို့၏မိခင်သည် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၁၂း၃၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (အလုံနေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ကိုမောင်မောင်စိုး(ခ)**
**ကိုစိုးကြီး**
**MV.PIRIT (C/C)**
**SAMHO SHIPPING CO.,LTD**
**တကက/စရ(ငြိမ်း)**
**ဗဟန်းမြို့နယ်စစ်မှုထမ်းဟောင်း**
**အဖွဲ့ဝင်**
**အသက်(၄၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊နေသူရိန်လမ်း၊ အမှတ် ၃၃နေ ဦးသန်းထွန်း-ဒေါ်မေကြည်တို့၏သား၊ ကိုဇော်မိုးထွန်း-မနီလာဝင်း၊ မမိုးသန္တာထွန်း(မိစု)၊ မခင်စန္ဒာထွန်း(အငယ်လေး)တို့၏ အစ်ကိုသည် ၁၃-၁၀-၂၀၁၆ရက် ဒေသစံတော်ချိန် ၂၃း၁၀ နာရီတွင် တရုတ်နိုင်ငံ xiamen မြို့ 174 Hospital ၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဗန်းမော်အသင်း(ရန်ကုန်)**
**ဒေါက်တာဒေါ်စန်းရီ(ဗန်းမော်)**
**သားဖွားမီးယပ်အထူးကု**
**ဆရာဝန်ကြီး(ငြိမ်း)၊(ဆမ-၁၇၄၄)**
**အသက်(၈၀)**

ဗန်းမော်မြို့၊ သာစည်ရပ်နေ(ဦးညွန့်-ဒေါ်ထွေး)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အမှတ် ၁၀(က)၊သီရိဇေယျာလမ်း၊ဘောက်ထော်၊ ပြည်သာယာနေ(ဦးထင်-ဒေါ်ညွန့်ညွန့်)တို့၏သမီးချွေးမ၊ (ဦးညွန့်ထင်)၏ဇနီး၊ ဦးသူရ-ဒေါ်ကြူကြူသိန်း၊ ဒေါက်တာအောင်မျိုးသန့် - ဒေါက်တာမြတ်လေး၊ ဦးဉာဏ်သာ - ဒေါ်မြတ်မွန်တို့၏မိခင်၊ မမေဆန်းအောင်၊ မမြတ်မဉ္ဇူခင်၊ မနှင်းလပြည့်သူရတို့၏အဘွားသည် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၂၃နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

**ဒေါ်အိုက်ကြူး(ခ)**
**ဒေါ်သင်းသင်းခိုင်**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ လသာမြို့နယ်နေ(ဦးပိန်းခွန်း-ဒေါ်ဟာမိန်)တို့၏သမီး၊ (ဦးမိန်တိတ်-ဒေါ်ဝှက်လှ)တို့၏ချွေးမ၊ လသာမြို့နယ်၊ လမ်း ၂၀၊ အမှတ် ၅၆ (ပထမထပ်)နေ (ဦးမင်းလွင်)၏ဇနီး၊ ဒေါ်နီနီလွင်၊ ဒေါ်အေးအေးလွင်၊ (ဦးအောင်ကြီး)-ဒေါ်အိနှင်းဖြူ၊ ဒေါ်ခင်မိမိတို့၏မိခင်၊ မယွန်းရွှေရည်ဝင်း(ခ)ယုံယုံး၏အဘွားသည် ၁၈-၁၀-၂၀၁၆ရက် (အင်္ဂါနေ့)နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**
**ဒေါ်ရှုကြူ(မြိတ်)အသက်(၉၉)နှစ်**
**(အသင်းဝင်အမှတ်-၁)**
**ဂုဏ်ထူးဆောင်နာယက**
**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ သံတမန်လမ်း၊အမှတ် ၁၅နေ(မြိတ်အသင်းဥက္ကဋ္ဌဟောင်း ဝဏ္ဏကျော်ထင် ဦးယုဆိုင်)၏ဇနီး ဒေါ်ရှုကြူသည် ၁၈-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၂း၁၅နာရီတွင် ကွယ်လွန်သွားပါ၍၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယိကာမကြီး**
**ဒေါ်ဝင်းမေ (ဇီးကုန်းမြို့)**
**အသက်(၉၁)နှစ်**

ဇီးကုန်းမြို့၊ ဘုရားလမ်းနေ (ဦးဖိုးရုံ-ဒေါ်ငွေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊မြောင်းကြီးလမ်း၊အမှတ် ၃၈နေ (ဦးစိန်ငွေ)၏ဇနီး၊ ဦးအောင်မြင့်-ဒေါ်ခင်မူတင့်တို့၏မိခင်၊ ကိုအောင်မျိုးထွဋ်-မကေခိုင်အောင်မြင့်၊ မသိမ့်သိမ့်အောင်မြင့်၊ ကိုဇွဲသီထက်-မသီရိအောင်မြင့်တို့၏အဘွား၊ မောင်ထွဋ်သီဟမျိုး၏ဘွားဘွားသည် ၁၈-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၃း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၁၀-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း**
**ဒါယိကာမကြီး**
**ဒေါ်ဝင်းမေ (ဇီးကုန်းမြို့)**
**အသက်(၉၁)နှစ်**

ဇီးကုန်းမြို့နေ (ဦးနီတွတ်-ဒေါ်ကျင်မိန်)၊(ဦးအေးသောင်-ဒေါ်ခင်ထွေး)တို့၏အစ်မ၊ ဦးညွန့်လှိုင်-ဒေါ်ကြည်ကြည်ညွန့်၊(ကိုထိန်လင်း)၊မရဲရဲမာ၊(ကိုကျော်ဒွန်း)တို့၏ကြီးတော်၊ မလွင်မီညွန့်လှိုင်၊ မောင်ဝေဖြိုးလှိုင်-မယုဆန်းမာ၊ မောင်စိန်ဝင်းလှိုင်တို့၏အဘွားသည်၁၈-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၃း၂၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**ဒေါ်ဝေဝေ အသက်(၆၇)နှစ်**
**အလုပ်ရုံမှူး(ငြိမ်း)၊ပါဏဗေဒဌာန**
**မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး (၂) လမ်း၊အမှတ် မ/၅(က)နေ(ဦးသန်းဖေ-ဒေါက်တာဒေါ်ခင်ဆွေ)တို့၏ သမီး၊ ဒေါ်မှုံမှုံ-ဦးမောင်မောင်ထွေးတို့၏ညီမ၊ ဦးသူရ - ဒေါက်တာသန်းသန်းထွေး၊ ဒေါ်နီနီ-ဦးလွင်ဦး၊ ဦးရှုပ-ဒေါ်ခင်ဦးလွင်၊ ဒေါ်မာမာ-ဆလိုင်းအမ်ကျော်ထွေး၊ ဒေါ်ဥဥ-ဦးခင်မောင်လေးတို့၏ အစ်မ၊ တူ၊ တူမ ခုနစ်ယောက်တို့၏ အဒေါ်သည် ၁၈-၁၀-၂၀၁၆ရက်(အင်္ဂါနေ့) နံနက် ၄း၄၀နာရီတွင် အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ ကတိုးနွယ်ခြံ၊ အမှတ် ၇ (ခ)နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရှာမနစ်ခြင်း ခရစ်ယာန်အသင်းတော်၌ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
**ဒေါ်ဝေဝေ အသက်(၆၇)နှစ်**
**အလုပ်ရုံမှူး(ငြိမ်း)၊ပါဏဗေဒဌာန**
**မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ သာယာအေး (၂) လမ်း၊ အမှတ် မ/၅(က)နေ(ဦးသန်းဖေ-ဒေါက်တာဒေါ်ခင်ဆွေ)တို့၏ သမီး၊ မယ်ဇလီ-အောက်စုနေ သိက္ခာတော်ရဆရာဦးစိန်ဖေ-(ဒေါ်စိမ်းမြ)တို့၏သမီးချွေးမ၊ ဦးစောဒွိုက်ဖေ၏ချစ်လှစွာသောဇနီး၊ မခိုင်ဆွေဦး-စောဝဏ္ဏအောင်တို့၏မိခင်၊ ပီတာမင်းချစ်အောင်၊ ဂျွန်ချစ်စစ်အောင်တို့၏အဘွား၊ ဒေါ်မှုံမှုံ-ဦးမောင်မောင်ထွေးတို့၏ညီမ၊ဦးသူရ-ဒေါက်တာသန်းသန်းထွေး၊ ဒေါ်နီနီ-ဦးလွင်ဦး၊ ဦးရှုပ-ဒေါ်ခင်ဦးလွင်၊ ဒေါ်မာမာ-ဆလိုင်းအမ်ကျော်ထွေး၊ ဒေါ်ဥဥ-ဦးခင်မောင်လေးတို့၏အစ်မသည် ၁၈-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၄း၄၀နာရီတွင် အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း၊ ကတိုးနွယ်ခြံ၊ အမှတ် ၇(ခ)နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရှာမနစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ သုသာန်သို့ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးသိန်း (ကျိုက်လတ်)**
**CDC-2595, Gewin Maritime**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၈လမ်း(အထက်)၊ အမှတ် ၁၆၀(မြေညီထပ်)နေ (ဦးမောင်ရှိန်-ဒေါ်စိန်တင်)တို့၏သား၊ (ဦးဘတင်-ဒေါ်ဖွားတုတ်)တို့၏သားသမက်၊ ဒေါ်သန်းတင်၏ခင်ပွန်း၊ Capt. မြင့်ဦး (Uniteam Marine)-ဒေါ်ခင်ညိုသိန်း၊ 2/0 ဦးသန့်ဇင်(Uniteam Marine)-ဒေါ်ခင်မူသိန်း၊ ဦးစန်းမြင့်(Uniteam Marine)-ဒေါ်ခင်ငွေ၊ ဦးခင်မောင်သင်း (Uniteam Marine)-ဒေါ်သီတာအေးတို့၏ချစ်လှစွာသောဖခင်သည် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့)ညနေ ၄း၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဦးသိန်း (ကျိုက်လတ်)**
**CDC-2595, Gewin Maritime**
**အသက်(၈၅)နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၈လမ်း(အထက်)၊ အမှတ် ၁၆၀(မြေညီထပ်)နေ ဒေါ်သန်းတင်၏ခင်ပွန်း၊ ကိုရန်ရန်ချစ်-မဝေလွင်ဦး၊ ကိုညီညီ-မဆုဆန်ရွှေ၊ ကိုချမ်းမြေ့ဦး(Uniteam Marine)-မအင်ကြင်း၊ ကိုအေးချမ်းမင်း(Uniteam Marine)၊ ကိုယဉ်ချမ်းမင်း၊ မောင်မင်းလဝီချမ်းတို့၏အဘိုး၊ မောင်ချမ်းတေဇ၊ မောင်မြင့်မိုရ်ချမ်း၊ မောင်ဝီရိယ၊ မောင်ဒါးတရန်၊ မောင်သူရိယတို့၏ဘိုးဘိုးကြီးသည် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့) ညနေ ၄း၁၀နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူ မြေး၊ မြစ်များ

---

**ဦးခင်နွယ်**
**(ဌာနခွဲမှူး၊ ငြိမ်း၊ M.P.P.E)**
**အသက်(၈၃)နှစ်**

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ် ၅၁၃နေ (ဦးဘသန်း-ဒေါ်လှတင်)တို့၏သား၊ (ဒေါ်သောင်းမြင့်)၏ခင်ပွန်း၊ (ဦးကျင်မောင်)-ဒေါ်နီလာ၊ ဦးဇော်ဝင်း-ဒေါ်သီတာ(ခ)ဒေါ်ယဉ်ယဉ်မင်း(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး)၊ ဦးပူး-ဒေါ်စန္ဒာ၊ (ဦးစည်သူဝင်း-ဒေါ်နိုင်နိုင်ဝင်း)တို့၏ဖခင်၊ မြေးကိုးယောက်တို့၏အဘိုး၊ မြစ်ခုနစ်ယောက်တို့၏အဘေးသည် ၁၈-၁၀-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၆ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဗိုလ်မှူးလှသိန်း (ငြိမ်း)**
**ကြည်း/၁၁၁၇၃ (OTS-36)**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်(၁) (ငြိမ်း)**
**အသက်(၇၆)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့ရပ်၊ ဇေရတ်လမ်းနေ (ဦးမောင်ပု-ဒေါ်စိန်ထွေး)တို့၏သား၊ (ဦးစုရင်း-ဒေါ်မြရင်)တို့၏သားသမက်၊ ဒေါ်ကြင်ရီ၏ချစ်လှစွာသောခင်ပွန်း၊ ကိုအောင်စိုးမိုး (မြန်မာ့ဆက်သွယ်ရေး)-မခင်ချစ်ဝင်း (မြန်မာ့ဆက်သွယ်ရေး)၊ ကိုဥက္ကာမိုးဝင်း-မဝင်းဝင်းထိုက် (TZ Transport )တို့၏ဖခင်၊ မဝတ်ရည်ဝင်း၊ မောင်စိုးထက်နိုင်တို့၏ အဘိုးသည် ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၁း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၆ရက်(အင်္ဂါနေ့)တွင် အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဗိုလ်ကြီးသိန်းနွယ် (ငြိမ်း)**
**ကြည်း-၁၄၀၃၂၊ တေဇ(၄)**
**ကုန်သွယ်/လယ်ယာ(ငြိမ်း)**
**ဌာနခွဲမှူး၊ ဆက်/ဆံ ပြန်ကြားရေးဌာန(ငြိမ်း)၊ မြို့တော်စည်ပင်**
**အသက်(၆၂)နှစ်**

ပဲခူးမြို့နေ (ဆရာကြီး ဦးဘပု-ဒေါ်အေးကြည်)တို့၏သား၊ ဦးထွန်းနွယ် (ဒုအထွေထွေမန်နေဂျာ၊ စက်မှု၊ မြန်မာ့မီးရထား)-ဒေါ်နော်စေးဖော၊ ဦးမြင့်နွယ်-ဒေါ်ကြည်ကြည်တို့၏အစ်ကို၊ အမှတ် ၉၅၊ ငမိုးရိပ် ၉လမ်း၊ အပိုင်း(၄)၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ(ဒေါ်လှမူ)၏ခင်ပွန်း၊ (ရဲဆွေဦး)၊ ကျော်မြတ်မင်း၊ သဲနှင်းအေး(ခ)သဲကို၊ အောင်မြင်သူတို့၏ဖခင်သည် ၁၇-၁၀-၂၀၁၆ရက် (တနင်္လာနေ့)ည ၇း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဦးမောင်သန့်(ခ)ဦးဘာဒါလ်**
**အငယ်တန်းအင်ဂျင်နီယာ(၁)**
**ဂြိုဟ်တုလုပ်ငန်းလည်ပတ်မှုဌာန၊ နည်းပညာဌာနကြီး**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**
**အသက်(၅၄)နှစ်**

(ဦးလှတင်)-ဒေါ်ရှီဘားတို့၏သား၊ ကိုသန်းတင့်၊ (ကိုသန်းဦး)၊ မနီလာ၊ ကိုသန်းမြင့်၊ ကိုစံမြင့်တို့၏အစ်ကို၊ မဆုမြတ်မွန်၏ဦးလေးသည် ၁၇-၁၀-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၁၀-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီမှ မွန်းလွဲ ၂နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလ ရပ်ကွက်၊ တိုက် ၅၇၊ အခန်း ၂၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ပဲခူးမြို့နေ ဒေါက်တာနေမျိုး-ဒေါ်မြင့်မြင့်ဝင်းတို့၏သား ဒေါက်တာထက်မြတ်ထွဋ်(ဘို) (M.B.,B.S) အသက်(၃၂)နှစ်သည် ၁၅-၁၀-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညောင်လေးပင်/ဒိုက်ဦးမြို့နယ်**
**ဆရာဝန်များ**

# ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းရုံမျှမက ပြန့်ပွားထွန်းကားစေရန် ရည်ရွယ်သည့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၈**

ယဉ်ကျေးမှု အနုသုခုမစံနှုန်းများ တစ်ခုနှင့်တစ်ခု ရေမြေဒေသကြောင့် မတူကွဲပြားသယောင် ရှိကြသော်လည်း သဘောသဘာဝများ တူညီကြကြောင်း၊ သို့ဖြစ်၍ မိမိတို့နိုင်ငံမှာ ကာလရှည်ကြာခဲ့ပြီဖြစ်သည့် သဘောသဘာဝ အခြေခံတူညီသည့် ရိုးရာယဉ်ကျေးမှု အနုသုခုမများ မပျောက်မပျက် မတိမ်ကောအောင် ဆက်လက် ထိန်းသိမ်းရန်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးတွင် တာဝန်ရှိကြောင်း (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားခဲ့သည်။

ဒုတိယသမ္မတက နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုထဲတွင် နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ဥစ္စာနေ၊ သယံဇာတ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှု၊ ပညာရည်ထူးချွန် မြင့်မားမှုများ အပါအဝင် ယင်းနိုင်ငံ၏ ရှည်လျားသည့် သမိုင်းကြောင်းနှင့်ယှဉ်၍ ဖြစ်ထွန်းပေါ်ပေါက်လာသည့် ရိုးရာယဉ်ကျေးမှု အနုသုခုမများ၊ ဓလေ့ထုံးစံများလည်း

စာမျက်နှာ ၅ ကော်လံ ၁ ✻




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ် (သတင်းစဉ်)

# တိုင်းရင်းသားတို့ စုံစုံညီ ဆို၊ က၊ ရေး၊ တီးပွဲစပြီ

**အမေး၊ အရေး - မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ - တင်စိုး**



ဝါသနာရှင် ပထမတန်း အမျိုးသားအကပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ရန်ကုန်မျိုးမင်းအောင် ပြိုင်ပွဲဝင် ကဟန်



အခြေခံပညာအဆင့် ၁၅-၂၀ အမျိုးသမီး မဟာဂီတပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မစိုးစိုးစံ သီဆိုဟန်

**နေပြည်တော် အောက်တိုဘာ ၁၈**
**အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပထမနေ့**

နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်များနယ်မြေ၌ အဆို၊ အက၊ အရေး၊ အတီး အသံများ ဖုံးလွှမ်းနေပြီဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ တိုင်းရင်းသားများလည်း တိုင်းရင်းသားရိုးရာဝတ်စုံများဖြင့် သွားလာလှုပ်ရှားနေကြပြီ။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပသည့် သက်ဆိုင်ရာခန်းမများ၌လည်း ပြိုင်ပွဲဝင်များက အပြိုင်အဆိုင် ဆင်နွှဲနေကြသဖြင့် မြိုင်မြိုင်ဆိုင်ဆိုင်လည်း ရှိနေပြီဖြစ်သည်။

အကပြိုင်ပွဲကျင်းပရာ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ဘွဲ့နှင်းသဘင်ခန်းမ)သို့ သတင်းလွှာအဖွဲ့ရောက်ရှိခဲ့ရာ အကအကဲဖြတ်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်တင်ဝင်းနှင့် တွေ့ဆုံခဲ့သည်။ “ကျွန်တော့်အနေနဲ့ ဒီပြိုင်ပွဲကြီးမှာ အကအကဲဖြတ်အနေနဲ့ တာဝန်ယူဆောင်ရွက်ခဲ့တာ ၂၂ နှစ်ရှိပါပြီ၊ ပြိုင်ပွဲဝင်လူငယ်တွေဟာ ထူးခြားတဲ့ အရည်အချင်းတွေရှိကြပါတယ်။ အချိန်ပေးပြီး ပြုစုပျိုးထောင်ပေးရင် အောင်မြင် ထွန်းပေါက်နိုင်သူတွေဖြစ်ပါတယ်။ မြန်မာအကတွေဆိုတာ စဉ်ဆက်မပြတ်

စာမျက်နှာ ၅ ကော်လံ ၁ ❖

ကြားဖြတ်ရွေးကောက်ပွဲ လျာထားလုပ်ငန်းစဉ် အချိန်စာရင်း အသိပေးကြေညာ စာမျက်နှာ - ၄
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပြဋ္ဌာန်း စာမျက်နှာ - ၈
ချင်းတွင်းမြစ်တွင်း နစ်မြုပ်ရေယာဉ်ကို တွန်းသင်္ဘော လေးစင်းဖြင့် ဆယ်ယူ စာမျက်နှာ - ၉
နိုင်ငံရေးမတည်ငြိမ်မှုမြင့်တက်လာခြင်းအား ဖေ့ဘုတ်ခ်ပေါ်တင်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အီသီယိုးပီးယားနိုင်ငံသားများ ထောင်ဒဏ်ငါးနှစ်ကျနိုင် စာမျက်နှာ - ၁၀




CRYSTAL DIAMOND LIVESTOCK CO., LTD.
ရန်ကုန်- အမှတ် (၈/၄၁)၊ စိန်ပန်းလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ (ဖုန်း) ၀၁-၆၈၂၉၆၅၊ ၆၈၂၉၈၅၊ ၆၈၂၀၈၇၊ ၀၉-၇၃၀၄၉၃၇၉၊ ၀၉-၃၁၀၆၂၅၂၉
မန္တလေး - C2-A1, ပန်းခြံလမ်းသွယ်၊ စက်မှုဇုန်(၁)။ ဖုန်း-၀၂ ၆၁၅၀၉၊ ၅၃၃၆၈၊ ၅၄၈၂၃